# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ကုန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၉၆)

### (၄၉) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများကျင်းပ

# ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင် အာဆီယံ + ၃ ၏ အရေးပါသောအခန်းကဏ္ဍကို ထပ်လောင်းအတည်ပြု



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် (၁၇)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်စဉ် (သတင်းစဉ်)

**ဗီယင်ကျန်း ဇူလိုင် ၂၆**

(၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၁၇) ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၆)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၂၃)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ ဖိုရမ်သီးသန့်အစည်းအဝေးနှင့် (၂၃)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ မျက်နှာစုံညီအစည်းအဝေးတို့ကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဆွေးနွေးသည်။

**(၁၇)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင်** ဒေသတွင်းစီးပွားရေးကို တည်ငြိမ်စေမည့် ဒေသဆိုင်ရာ ဘဏ္ဍာရေးကို အမြဲခိုင်မာစေသော Chiang Mai Initiative Multilateralization (CMIM)၊ ASEAN Plus Three Macroeconomic Research Office (AMRO)၊ The Asian Born Market Initiative (ABMI) နှင့် The Credit Guaranty Investment Facility (CGIF)တို့ကို ကြိုဆိုခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ☼

**ရေဝတီမြစ်ကြောင်းတစ်လျှောက် ပြည်ပအကူအညီဖြင့် တိုင်းတာရေးကိရိယာများတပ်ဆင်**

စာမျက်နှာ - ၃

**မြေယာကိစ္စရပ်များ မှန်ကန်ထိရောက်စွာ စိစစ်ဖြေရှင်းနိုင်ရေး**

စာမျက်နှာ - ၆

**ဆိုလာအင်ပါ့စ်-၂ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် နောက်ဆုံးခရီးပန်းတိုင်သို့ ရောက်ရှိပြီး သမိုင်းမှတ်တိုင်သစ်စိုက်ထူ**

စာမျက်နှာ - ၁၀



မြန်မာ့အလင်း

# နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲ

ယခုလကုန်ရက်များတွင် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲတစ်ရပ် ရန်ကုန်မြို့၌ ကျင်းပသွားရန်ရှိသည်။ နိုင်ငံရေးစာပေဟူသော ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲသည် ဆယ်စုနှစ်များစွာအတွင်း ပထမဆုံးအကြိမ် ကျင်းပခြင်းဟု ခေါ်ဆိုနိုင်မည်ဖြစ်သည်။ ထို့အတူ အစိုးရသစ်၏ ရက် ၁၀၀ ဆောင်ရွက်ချက်များအတွင်း အကျုံးဝင်သွားမည်လည်းဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာအတွင်း နိုင်ငံရေးစာပေဟူသော စကားလုံးမဆိုထားဘိ နိုင်ငံရေးဆိုသောစကားလုံးပင်လျှင် အန္တရာယ်များသော စကားလုံးဖြစ်ခဲ့သည်။ နိုင်ငံရေးနှင့်ဝေးဝေးနေခြင်းသည် သာမန်လူများအတွက် လမ်းညွှန်သဖွယ်ဖြစ်ခဲ့သည်။ အလုပ်အကိုင်ရှာဖွေရာတွင်ပင် နိုင်ငံရေးနှင့် ကင်းရှင်းကြောင်း ထောက်ခံစာသည် လိုအပ်ချက်တစ်ရပ်ဖြစ်ခဲ့သည်။


ပါလီမန်ခေတ်ကာလကတော့ “လူဆိုသည်မှာ နိုင်ငံရေးသတ္တဝါဖြစ်သည်”ဟူသော ဆိုရိုးမျိုးပင်ရှိခဲ့သည်။ လူဆိုသည်မှာ နိုင်ငံရေးနှင့် မကင်းဟူသော သဘောကို ချဲ့ထွင်၍ ပြောခြင်းဖြစ်ဟန်တူသည်။ လူတိုင်း၏ နိစ္စဓူဝတွေ့ကြုံနေရသော ကိစ္စရပ်များအားလုံးတွင် နိုင်ငံရေး၏ သက်ရောက်မှုရှိနေသည်ကို ပြောလိုခြင်းဖြစ်ပါသည်။ မိမိနေ့စဉ်သွားနေသော လမ်းခရီး၊ နေ့စဉ် ဝယ်ယူစားသုံးနေရသော စားသောက်ကုန်၊ ကုန်ပစ္စည်းများ၊ ကုန်ဈေးနှုန်းများကအစ နိုင်ငံရေးပေါ်လစီတစ်ခု၏ သက်ရောက်မှုနှင့် ကင်းလွတ်သည်ဟူ၍ မရှိပေ။

နေ့စဉ် ရုံးတက်ရုံးဆင်း၊ အလုပ်သွားအလုပ်ပြန် သွားလာရေးကိစ္စသည် အစိုးရ၏ လမ်းပန်းဆက်သွယ်ရေးအပေါ် အာရုံစိုက်မှုမည်မျှရှိသနည်း၊ ထောက်ပံ့ထည့်ဝင်မှု မည်မျှရှိသနည်းဆိုသည့်အပေါ်တွင် တည်နေပါသည်။ အစိုးရ၏ မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်သောပေါ်လစီက သားငါးဈေး၊ ကြက်ဥဈေးကအစ ဟင်းသီးဟင်းရွက်ဈေးများအထိ သက်ရောက်နိုင်ပါသည်။ ထို့ကြောင့်ပင် လူတိုင်းသည် နိုင်ငံရေးနှင့် ကင်းလွတ်ခြင်းမရှိဟု ဆိုကြခြင်းဖြစ်ပေသည်။

နိုင်ငံရေးစာပေဆိုသည်ကတော့ ထိုသို့သော ပေါ်လစီများ၊ မူဝါဒများကို ဖော်ထုတ်သော၊ ဝေဖန်သုံးသပ်သော၊ ထင်ဟပ်သော စာပေများပင်ဖြစ်သည်။ ဤနေရာတွင် မတူကွဲပြားသော ပေါ်လစီ၊ နိုင်ငံရေးအရ မတူကွဲပြားသော နိုင်ငံရေးအယူဝါဒများ ဖြစ်ပေါ်လာသည်။ ထိုအယူဝါဒများအရ လူများကိုဆွဲဆောင်စည်းရုံးဖို့အတွက် နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များ၊ နိုင်ငံရေးစာပေရေးသားသူများ ပေါ်ထွက်လာရပေသည်။

မြန်မာနိုင်ငံတွင် အစောဆုံးနိုင်ငံရေးစာပေများကို ရိုက်နှိပ်ထုတ်ဝေခဲ့သော စာအုပ်တိုက်မှာ နဂါးနီစာအုပ်တိုက်ဟု အဆိုရှိသည်။ ယခုစာတမ်းဖတ်ပွဲစာရင်းတွင် နဂါးနီစာအုပ်များနှင့် ပတ်သက်သော လေ့လာဆန်းစစ်ချက် စာတမ်းများလည်း ပါဝင်နေသည်ကို တွေ့ရသည်။ ထို့ပြင် နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေများ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာများ၊ ငြိမ်းချမ်းရေးဆိုင်ရာများ အခြေခံဥပဒေဆိုင်ရာများ၊ နိုင်ငံရေးအကူးအပြောင်းဆိုင်ရာများ၊ စာနယ်ဇင်းများနှင့် နိုင်ငံရေးဖော်ပြမှုများ၊ နိုင်ငံတကာ နိုင်ငံရေးအတွေးအခေါ်များ စသည်ဖြင့် နိုင်ငံရေးစာပေနှင့် ပတ်သက်၍ နယ်ပယ်ခပ်စုံစုံပါဝင်နေသည်ကို တွေ့ရသည်။ ထိုစာတမ်းများကိုကြည့်လျှင် မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုလမ်းကြောင်းကိုပါ တွေ့မြင်လာနိုင်မည်ဖြစ်သည်။ ခေတ်စနစ်များ၏ ပြင်းထန်သော ရိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ကြရသည့် ပြည်သူများ၏ ဘဝတစ်စိတ်တစ်ဒေသကိုလည်း တွေ့ထိသိရှိနိုင်ကြမည်ဖြစ်သည်။ ထိုမှတစ်ဆင့် မြန်မာ့နိုင်ငံရေး၏ အနာဂတ်လားရာအမြင်ကိုပါ ဆဝါးနိုင်ကြမည်ဟု မျှော်လင့်ရပါသည်။

ဤစာတမ်းဖတ်ပွဲမှာ ပထမဆုံးအကြိမ်ဖြစ်သည့်အတွက် ကျယ်ပြန့်သင့်သလောက် မကျယ်ပြန့်သည်ကို တွေ့နိုင်ပါသည်။ အချိန်အကန့်အသတ်အရ ဖိတ်ခေါ်စာတမ်းများကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံရယူနိုင်ခြင်းမရှိခဲ့ဟု ဆိုရပါမည်။ နောက်အကြိမ်များတွင် စာတမ်းဖတ်ပွဲများအတွက် အချိန်အနည်းဆုံး သုံးလပေး၍ ကျယ်ကျယ်ပြန့်ပြန့် ဖိတ်ခေါ်ကျင်းပရမည်ဖြစ်သည်။ သို့မှသာ ပိုမိုကျယ်ပြန့်သော နိုင်ငံရေးသုံးသပ်ချက်များ၊ အတွေးအမြင်များကို မြင်တွေ့ရမည်ဖြစ်ပြီး အစိုးရ၏ ပေါ်လစီချမှတ်ခြင်းလုပ်ငန်းများအထိ အထောက်အကူရစေနိုင်သော စာတမ်းများပါ ထွက်ပေါ်လာမည်ဟု ယူဆပါသည်။ ပန်းပေါင်းတစ်ရာဝေဆာသော နိုင်ငံရေးဝန်းကျင်ကို မိမိတို့မျှော်မှန်းခဲ့ကြသည်။ ယခု ထိုမျှော်မှန်းချက်များ ရောင်နီသန်းလာပြီဟု ဆိုနိုင်ပေသည်။




## လူထုစုပေါင်း စက်ဘီးစီးနင်းပွဲများ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီး အဖွဲ့ချုပ်က စက်ဘီးအားကစားနည်းကို ပြည်သူများ စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန်၊ လေထုညစ်ညမ်းမှုကို ကာကွယ်ရန်နှင့် စက်သုံးဆီ ချွေတာနိုင်ရန် ရည်ရွယ်၍ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မိတ္ထီလာနှင့် ထားဝယ်မြို့များတွင် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲများကို ဇူလိုင် ၃၁ ရက် နံနက် ၆ နာရီ၌ ကျင်းပမည်ဖြစ်ပြီး အသက် အရွယ်မရွေး မည်သည့် စက်ဘီးအမျိုးအစားမဆို ပါဝင်စီးနင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ထင်သာမြင်သာပြုပြင်စရာ

## ပျက်စီးနေသောမြို့တွင်းလမ်းလယ် ပြည်ထောင်စုလမ်းအား ပြုပြင်ပေးစေလို

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့၌ အများပြည်သူ အသွားအလာအများဆုံး လမ်းဖြစ်သော ပြည်ထောင်စုလမ်းမသည် မူဆယ်ဘက်မြို့အဝင်လမ်းမှ ဗန်းမော်ဘက်မြို့အထွက်အထိ မြို့အလယ်ကိုဖြတ်သန်း သွားလာကြရသည်။ အဆိုပါလမ်းဖြတ်သန်းသွားရာ ပေါက်တိုက် ရပ်ကွက်ရှိ လမ်းတစ်လျှောက်သည် ကတ္တရာများကွာပြီး ချိုင့်ခွက်များဖြစ်၍ ရေအိုင်များဖြစ်လျက်ရှိနေရာ ပြည်ထောင်စုလမ်းမမှာ မြို့အင်္ဂါရပ်ကိုလည်း အကျည်းတန်စေပြီး သွားလာသောယာဉ်များ ရေအိုင်များရှောင်တိမ်းရင်း ထိခိုက်မှုများရှိလာသည့်အတွက် သွားလာရေး အဆင်မပြေဖြစ်နေပါသည်။



နမ့်ခမ်းမြို့သည် နယ်စပ်ဒေသ၏ အထင်ကရ သမိုင်းဝင်မြို့တစ်မြို့ဖြစ်သည်နှင့်အညီ တစ်ဖက်နိုင်ငံမှ နေ့ချင်းပြန် ဧည့်သည်များ၊ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းဧည့်သည်များလာရောက်လေ့ရှိကြရာ အဓိကကျသော ပြည်ထောင်စုလမ်းမကြီးပျက်စီးနေသည်မှာ မြို့၏ ဥပဓိရုပ်ကို ပျက်ပြားစေပါသည်။ တာဝန်ယူ ပြင်ဆင်ပြုပြင်ခြင်းမရှိပါက တစ်နေ့တခြား ပို၍ပျက်စီးသည်ထက် ပျက်စီးလာနိုင်သောကြောင့် ပြည်သူများ သွားလာရေးအဆင်ပြေ ချောမွေ့စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အဆိုပါလမ်းကို ပြုပြင်ပေးစေရန် ပြည်သူများက လိုလားနေကြောင်း သိရသည်။

(၁၁၈)



မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ အမှတ်(၃၀)လုံခြုံရေးတပ်ဖွဲ့ခွဲမှ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူး ဇော်မျိုးဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဇူလိုင်လ စတုတ္ထပတ်က တပ်ဖွဲ့ဝင်းအတွင်းရှိ ခလရ(၂၉) အခြေခံပညာ မူလတန်းလွန်ကျောင်းအတွင်း/အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ခဲ့ကြစဉ်

(မြန်မာ့အလင်း)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၆-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၄၃၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၄.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၀.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၆၉.၂၉ |
| ထိုင်း | တစ်ဘတ် | ၃၃.၇၇၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၆ |
| တရုတ် | တစ်ယွမ် | ၁၇၇.၂၈ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၉.၈၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




**အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

*ရှေ့ဖုံးမှ*

ထို့ပြင် စဉ်ဆက်မပြတ် အာမခံချက်ပေးနိုင်သော အာဆီယံ +၃ အရေးပေါ် အရန်ဆန်(APTERR) အကောင်အထည်ဖော်ဆောင်ခြင်းအားဖြင့် စားနပ်ရိက္ခာဖူလုံမှုရရှိရန် ဝန်ကြီးများက အားပေးခဲ့သည်။ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရာတွင် အာဆီယံ+၃၏ အရေးပါသောအခန်းကဏ္ဍကို နိုင်ငံခြားရေးဝန်ကြီးများက ထပ်လောင်းအတည်ပြုခဲ့သည်။

ထို့အပြင် အာဆီယံ +၃ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြင့်မားသောအဆင့်ထိ တိုးမြှင့်ရန်ရည်ရွယ်၍ 2013-2017 Work Plan နှင့် East Asia Vision Group II (EAVGII) ၏ အကြံပြုချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများကိုလည်း တိုက်တွန်းပြောကြားခဲ့သည်။ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တော်တွင် ၂၀၁၆ ခုနှစ်တင်ဘာလတွင် ကျင်းပမည့် ၁၉ ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးတွင် ချမှတ်မည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်မှုဆိုင်ရာ အာဆီယံ + ၃ ထုတ်ပြန်ချက်မူကြမ်းဟု အမည်ပေးထားသော လာအိုနိုင်ငံ၏ ကနဦးဆောင်ရွက်ချက်ကို ယင်းအစည်းအဝေးတွင် အလေးအနက်ထား ထောက်ခံကြောင်း ဖော်ပြခဲ့သည်။

**(၆)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး**တွင် အရှေ့အာရှ ထိပ်သီးဆွေးနွေးပွဲမှ ဦးစားပေးကဏ္ဍခြောက်ရပ်ကို ချမှတ်နိုင်ခဲ့ရာ ဘဏ္ဍာရေး၊ စွမ်းအင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေးနှင့် ဆက်သွယ်ရေး၊ သဘာဝဘေးအန္တရာယ် ထိန်းသိမ်းရေးနှင့် အာဆီယံနိုင်ငံအချင်းချင်း ချိတ်ဆက်ပြီး ကွာလာလမ်ပူကြေညာချက် သဘောထားအတိုင်း ချမှတ်ဆောင်ရွက်ခြင်းအပါအဝင် အရှေ့အာရှထိပ်သီး ဆွေးနွေးပွဲကို ခိုင်မာစေရန်အတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ခေါင်းဆောင်များက ဦးဆောင်ကျင်းပသည့် ဖိုရမ်မှတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေးရာကိစ္စရပ်များနှင့် ပတ်သက်သည့် အကျိုးစီးပွားများကို မဟာဗျူဟာမြောက်ပြောဆိုဆွေးနွေးခြင်း၊ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စီးပွားရေးရာကိစ္စရပ်များ မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြင့် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲ၏ အခန်းကဏ္ဍကို ၎င်းတို့၏ ကတိကဝတ်အတိုင်း ခိုင်မာစေရန် လုပ်ဆောင်သွားမည်ဟု ဝန်ကြီးများက ထပ်လောင်းပြောကြားခဲ့သည်။




**(၁၇)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပစဉ်** (သတင်းစဉ်)

ထို့ပြင် အာဆီယံဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော လာအိုနိုင်ငံက အဆိုပြုထားပြီး (၁၁)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးက အတည်ပြုချမှတ်မည့် အရှေ့အာရှအတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဗီယင်ကျန်း ကြေညာချက်မူကြမ်းကို ထောက်ခံခဲ့ကြသည်။ ထို့နောက် ဝန်ကြီးများက ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**ညနေပိုင်းတွင် (၂၃)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ် သီးသန့်အစည်းအဝေးနှင့် (၂၃)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ မျက်နှာစုံညီအစည်းအဝေး**တို့ကို ဆက်လက်ကျင်းပရာ အာဆီယံဒေသဆိုင်ရာ ဖိုရမ်အဖွဲ့ဝင် (၂၇)နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက် ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗီယင်ကျန်းမြို့ရှိ မြန်မာသံရုံး၌ လာအိုနိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ သံရုံး၊ စစ်သံရုံးတို့မှ မိသားစုဝင်များ၊ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**(သတင်းစဉ်)**

# ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ပြည်ပအကူအညီဖြင့် တိုင်းတာရေးကိရိယာများတပ်ဆင်

**ရန်ကုန် ဇူလိုင် ၂၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ အသက်သွေးကြောသဖွယ်အရေးပါလှသည့် ဧရာဝတီမြစ်ကြီးအတွင်း ထိရောက်သောမြစ်ကြောင်းထိန်းသိမ်းရေးကို ဆောင်ရွက်နိုင်ရန် ပြည်ပအကူအညီဖြင့်တိုင်းတာရေးကိရိယာများကို တပ်ဆင်ပြီးစီးသွားပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ပြောသည်။

"ကျွန်တော်တို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ မြစ်ချောင်းတွေ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုလုပ်ဆောင်တဲ့နေရာမှာ ကိန်းဂဏန်းအချက်အလက်တွေ အတိအကျရယူနိုင်ဖို့ဆိုတာ အခုလို ပြည်ပအကူအညီနဲ့ တိုင်းတာရေးကိရိယာတွေ တပ်ဆင်အသုံးပြုနိုင်ရေးဟာ အလွန်ပဲအရေးကြီးလှပါတယ်"ဟု ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ပုဇွန်တောင်မြို့နယ်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပသော Automatic Weather Monitoring Stations နှင့် AIS System တို့ကို လွှဲပြောင်းလှူဒါန်းပွဲ အခမ်းအနားတွင် ပြောကြားသည်။ ယင်းဦးစီးဌာနသို့ ဩစတြေးလျနိုင်ငံအခြေစိုက် PENTAIR Environmental Systems နှင့် ကနေဒါနိုင်ငံအခြေစိုက် Xanatos Marine ကုမ္ပဏီတို့က Automatic Weather Sensor, Water Quality Sensor, Sommer Radar Stand နှင့် AIS System တို့ကို တရားဝင်လွှဲပြောင်းလှူဒါန်းခဲ့ရာ ယင်းကိရိယာများကို ဧရာဝတီမြစ်အတွင်း၌ စစ်ကိုင်း(အင်း၀)တံတား မန္တလေးရေလမ်းကြောင်း၌ Buoy နှင့် ရန်ကုန်မြစ်အတွင်း ဗိုလ်တထောင်ဆိပ်ကမ်းတို့၌ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အတွင်း တပ်ဆင်ပြီးစီးခဲ့ကြောင်း သိရသည်။ စစ်ကိုင်း(အင်း၀)တံတားတွင် တပ်ဆင်ထားသည့် Sommer Radar Stand(Radar 3G Network Antena,etc)သည် ဧရာဝတီမြစ်၏ ရေမြင့်မှတ်နှင့် ရေမျက်နှာပြင်ရေစီးနှုန်းတို့အား တိုင်းတာနိုင်မည်ဖြစ်ကြောင်း၊ ယင်းအချက်အလက်များကို 3G Network ဖြင့် အင်တာနက်သို့ တိုက်ရိုက်ပေးပို့မည်ဖြစ်ကြောင်း သိရသည်။

တစ်ဖန်မန္တလေးရေလမ်းရှိ Navigation Buoy တွင်တပ်ဆင်ထားသည့် Automatic Weather Station သည်ဧရာဝတီမြစ်အတွင်းရှိ အပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်သည့်လားရာ Direction, Barometric Pressure, Relative Humidity, Dew Point, Specific Enthalpy စသည်တို့အား ၁၅ မိနစ်ခြားတိုင်းတာမည်ဖြစ်ပြီး Network သို့ Real Time ပေးပို့မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင်ရန်ကုန်ဆိပ်ကမ်းတွင် Automatic Weather Sensor နှင့်ရေအရည်အသွေး တိုင်းတာပြီးနောက် ဝက်ဘ်ဆိုက်သို့တိုက်ရိုက်ပေးပို့မည်ဖြစ်ကြောင်းလည်း သိရသည်။



အဆိုပါတိုင်းတာရေးကိရိယာများမှတစ်ဆင့် သတင်းအချက်အလက်များရယူလိုသောပြည်သူများအနေဖြင့် www.envault.com.au ဝက်ဘ်ဆိုက်တွင် user name=dwir နှင့် p.w>dwir တို့တွင် အခမဲ့ရယူသုံးစွဲနိုင်ကြောင်း သိရသည်။ ယင်းစက်ကိရိယာများ တပ်ဆင်အသုံးပြုနိုင်ခြင်းဖြင့် ဧရာဝတီမြစ် ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ရာသီဥတုအချက်အလက်များ စုစည်းမှုတို့ကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## စည်းကမ်းလိုက်နာမှုမရှိသော ဆိုင်ကယ်များကို စစ်ဆေးအရေးယူမှုများပြုလုပ်

**ပြည် ဇူလိုင် ၂၆-** ပြည်ခရိုင်နှင့် မြို့နယ်များအတွင်း ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းစေရေးအတွက် ဇူလိုင် ၂၁ ရက်က ခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ ခရိုင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ကာ ဇူလိုင် ၂၃ ရက်မှ စတင်၍ ပြည်မြို့တွင် စည်းကမ်းလိုက်နာမှုမရှိသောယာဉ်များကို စစ်ဆေးအရေးယူမှုများ ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် ပြည်မြို့ မြို့တော်ခန်းမရှေ့ ဗိုလ်ချုပ်လမ်းမပေါ်၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အမှတ်(၃)ရဲစခန်းရှေ့ ပြည်-အောင်လံလမ်းမပေါ်နှင့် အမှတ်(၁)ရဲစခန်းရှေ့ ရွှေတစ်ချောင်းလမ်းမပေါ်တို့၌ ဆိုင်ကယ်စီးဦးထုပ်မပါ၊ ဘက်မှန်အစုံမပါ၊ သုံးယောက်စီး(နှစ်ဦးထက်ပို)နှင့် နံပါတ်ပြားတပ်ဆင်မှုမရှိသော ဆိုင်ကယ်များကို မော်တော်ယာဉ်ဥပဒေနှင့်အညီ စစ်ဆေးအရေးယူမှုများ ဆောင်ရွက်လျက်ရှိပြီး ယခုလတ်တလောအခြေအနေတွင် ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များကို စစ်ဆေးအရေးယူခြင်းမရှိသေးကြောင်းနှင့် ဦးထုပ်၊ ဘက်မှန်နှင့်နံပါတ်ပြားအစုံအလင်ပါရှိပါက စီးနင်းခွင့်ပြုထားကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးတို့တွေ့ဆုံ



**ဗီယင်ကျန်း ဇူလိုင် ၂၆**

လာအိုနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး (Minister of State ) Mr. V.K Singh တို့သည် ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် ရော်ဘာအသုံးချရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး Mr. V.K Singh တို့ တွေ့ဆုံဆွေးနွေးစဉ်

# မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို စနစ်တကျ ဖြစ်စေရန်နှင့် ပိုမိုတိုးတက်အောင်မြင်စေရန်အတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ကျင်းပသည့် မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အမျိုးသားအဆင့် ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနား တွင် ပြောကြားလိုက်သည်။ **(အောက်ဝဲပုံ)**




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကို အဓိကလုပ်ငန်းတစ်ရပ်အနေဖြင့်ချမှတ်ပြီး မူလတန်းကြိုကျောင်းများတိုးချဲ့ ဖွင့်လှစ်ခြင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား နည်းပညာနှင့် ငွေကြေးထောက်ပံ့ပေးအပ်ခြင်း၊ ပညာရပ်ဆိုင်ရာသင်တန်းများ၊ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

ကလေးသူငယ်များကို ပြုစုပျိုးထောင်နိုင်စေရန် တိုးတက်လာသော နည်းစနစ်များနှင့်အညီ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ဆရာလမ်းညွှန်အထောက်အကူပြုလက်စွဲစာအုပ်များကို မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေးသားပြုစု ထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာပင်မအထောက်အကူပြု ဗဟိုဌာနကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းသည် နိုင်ငံတစ်ဝန်းလုံးမှာရှိသည့် လူ့စွမ်းအားအရင်းအမြစ်၏ အခြေခံအကျဆုံးဖြစ်သည့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို အထောက်အကူပေးနေခြင်းပင်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကိုယ်စား UNICEF မှ ဒုတိယဌာနေကိုယ်စားလှယ် မစ္စတာ Paul Edwards က အမှာစကားပြောကြားပြီး ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုမှတ်တမ်းအား ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများက ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်၊ စာစောင်များကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

## ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသုံးပစ္စည်းများထောက်ပံ့

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရုံးအမှတ် (၉) နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံခြားရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသည့်ဝန်ထမ်းများ၏ သားသမီးများအနက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းကြိုအဆင့်မှ တက္ကသိုလ်အဆင့်ထိ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ ၂၁၁ ဦးအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးတို့အား ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

## သန်လျင်မှ ထူးချွန်ကျောင်းသား ကျောင်းသူများ စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်မည်

**ရန်ကုန် ဇူလိုင် ၂၆**

သန်လျင်မြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများမှ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်မည်ဖြစ်သည်။ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သန်လျင်အထက(၁)မှ ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ အထက(၂)မှ ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦးရှိခဲ့ပြီး သက်ဆိုင်ရာကျောင်းများမှ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၏ပံ့ပိုးကူညီမှုဖြင့် စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီးစဉ်အဖြစ် လေးညအိပ်ငါးရက်ခရီးကို ဩဂုတ်လပထမပတ်အတွင်း သွားရောက်ကြမည်ဖြစ်သည်။

**သန်းဝင်း(သန်လျင်)**

## ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ဦးထင်လင်းအား ခန့်အပ်

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းအား ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ဩစတြေးလျ မနသဟာယနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဦးသာအောင်ညွန့်အား ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်အား ဩစတြေးလျမနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## မစ္စတာ ဗစ်ခရမ် မစ်ဆရီအား အိန္ဒိယနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အိန္ဒိယနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ ဗစ်ခရမ် မစ်ဆရီအားခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဗစ်ခရမ် မစ်ဆရီသည် ၁၉၆၄ ခုနှစ်တွင် မွေးဖွား၍ ဝိဇ္ဇာဘွဲ့(သမိုင်း) နှင့် မဟာဘွဲ့(စီးပွားရေး) တို့ကို ရရှိခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့်တွင်ထမ်းဆောင်ခဲ့ကာ ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဝါရှင်တန်ဒီစီရှိ အိန္ဒိယသံရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကိုလံဘိုမြို့ရှိ အိန္ဒိယသံရုံးတွင် ဒုတိယမဟာမင်းကြီးအဖြစ် လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ မြူးနစ်မြို့ရှိ အိန္ဒိယသံရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ မဒရစ်မြို့ အိန္ဒိယသံရုံးတွင် စပိန်နိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားတစ်ယောက်နှင့် သမီးတစ်ယောက်ရှိသည်။

**(သတင်းစဉ်)**

### လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မြန်မာ့အလင်း)**

# အလုပ်အပေါ် စိတ်မဝင်စားဘဲ ပေါ့ဆစွာတာဝန်ထမ်းဆောင်မှုကြောင့် ပေးဆပ်ရမှု၊ ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၂၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် သံတောင်ကြီးတပ်နယ် တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဘုရင့်နောင်)ရှိ အားကစားခန်းမ၌ တပ်နယ်မှအရာရှိ၊ စစ်သည် မိသားစုများနှင့် သင်တန်းသားများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် သင်တန်းများ၌ အဆင့်ဆင့်သော တပ်မတော်တာဝန်များကို မှန်ကန်စွာ ဦးဆောင်မှုပေး၍ တာဝန်ထမ်းဆောင်နိုင်ရန် သင်ကြားလေ့ကျင့်ပေးနေကြောင်း၊ သီအိုရီများ၊ ဥပဒေသများကိုအခြေခံပြီး သင်ကြားလေ့ကျင့် ပေးသည်များကို လက်တွေ့နယ်ပယ်တွင် မိမိ၏ ဆင်ခြင်တုံတရားနှင့်ပေါင်းစပ်၍ မှန်မှန်ကန်ကန် ဦးဆောင်မှုပေးနိုင်ရမည် ဖြစ်ကြောင်း။

တပ်မတော်သားများအနေဖြင့် မိမိ၏အသက်၊ သွေး၊ ချွေး၊ ခန္ဓာပေးဆပ်၍ တာဝန်ထမ်းဆောင်ရသူများဖြစ်ကြောင်း ၊ မိမိ၏လုပ်ငန်းတာဝန်အပေါ်တန်ဖိုးထားပြီး လုပ်ရန်လိုအပ်သကဲ့သို့ အရာရာတွင်မပေါ့ဆဘဲ စိတ်ပါဝင်စားစွာဖြင့် အလေးအနက်ထား လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အလုပ်အပေါ် စိတ်မဝင်စားဘဲ ပေါ့ဆစွာ တာဝန်ထမ်းဆောင်မှုကြောင့် ပေးဆပ်ရမှု၊ ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေနိုင်သောကြောင့် လုပ်ငန်းတာဝန်များကို စိတ်ဝင်တစားဖြင့် ကြိုးစားဆောင်ရွက်ရေးတို့ကို မှာကြားသည်။

မိမိ၏အသိစိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်မှုသည် ခွန်အားတစ်ရပ်ပင် ဖြစ်ကြောင်း၊ မိမိ၏လုပ်ငန်းတာဝန်နှင့်ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို မိမိ၏အသိစိတ်ဓာတ်ဖြင့် မှန်မှန်ကန်ကန် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ တာဝန်ထမ်းဆောင်မှုကိုလည်း ခေါင်းဆောင်များအနေဖြင့် အသိအမှတ်ပြု အားပေးကြရမည် ဖြစ်ကြောင်း၊ မိမိတို့၏တာဝန်ထမ်းဆောင်မှုသည် လက်ဖြင့်မ၍ ထမ်းဆောင်မှုမျိုးမဟုတ်ဘဲ ပခုံးဖြင့်ထမ်း၍ တာဝန်ထမ်းဆောင်မှုမျိုးဖြစ်ရန် ခိုင်ခိုင်မာမာ၊ တောင့်တောင့်တင်းတင်းရှိစေရန်လိုကြောင်း ဗိုလ်ချုပ်မှူးကြီးက ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သုတရသစာအုပ်၊ စာစောင်များနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးဒေါ်ကြူကြူလှတို့က ပန်းပေါင်းစုံဘုရားဆင်းတုတော်များအားလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် သံတောင်ကြီးမြို့ရှိ တပ်မတော်လက်ဖက်ခြောက်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး သံတောင်ကြီးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဆေးကုသမှုနှင့်ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံတောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)**

---

**✻ *ကျောဖုံးမှ***

ဆက်လက်သယ်ဆောင်ပြီး ပြည်တွင်းစစ်ချုပ်ငြိမ်းရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်နိုင်ရန်အတွက် အဖြေရှာနိုင်မည့် နိုင်ငံရေးဆွေးနွေးပွဲ အခင်းအကျင်းဖြစ်ရန် လိုအပ်မည်ဖြစ်သည်ကို တိုက်တွန်းပြောဆိုခဲ့ပါကြောင်း။

မိမိတို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ မိမိတို့နှင့် ဆက်စပ်ပတ်သက်နေသော တိုင်းရင်းသားပြည်သူများ၊ လူမှုအဖွဲ့အစည်းများ၏ တည်ရှိမှုသည် ကာလဒေသအပေါ် မူတည်ပြီး မတူကွဲပြားမှုများ ရှိနေပါကြောင်း၊ ယနေ့ယခုအချိန်၏ နိုင်ငံရေးအခင်းအကျင်းတွင် မိမိတို့ တိုင်းရင်းသားများအကြား စုစည်းညီညွတ်မှုရှိရန် လွန်စွာအရေးကြီးသည့် အချိန်အခါဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ ဘက်ကလည်း နိုင်ငံရေးပြဿနာများကို ဆွေးနွေးအဖြေရှာနိုင်မည့် အခင်းအကျင်းကို ဖော်ဆောင်နိုင်ရန်အတွက် (၂၁) ရာစု ပင်လုံညီလာခံကို ပြုလုပ်သွားမည့် အစီအစဉ်ရှိနေကြောင်း၊ တိုင်းရင်းသားများဘက်ကလည်း ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ပုံဖော်သွားနိုင်မည့် ဘုံသဘောထားများ သဘောတူချမှတ်သွားနိုင်ရန် လွန်စွာအရေးကြီးကြောင်း၊ ယနေ့မျက်နှာစုံညီ အစည်းအဝေးကြီးမှ အားလုံး လက်ခံသဘောတူညီနိုင်မည့် ဘုံသဘောထားရပ်တည်ချက်များ သဘောတူချမှတ်သွားနိုင်လိမ့်မည်ဟုလည်း ယုံကြည်ကြောင်း၊ တစ်ဆက်တည်းတင်ပြလိုသည်မှာ ယခုမျက်နှာစုံညီအစည်းအဝေးမှ သဘောတူညီချက်များကို မည်သို့ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဆိုသည့် အချက်ကိုလည်း အားလုံးဝိုင်းဝန်း အကြံပြုဆွေးနွေးသွားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးကျင်းပရေး ကော်မတီဥက္ကဋ္ဌ ခူဦးရယ်က ဤအစည်းအဝေးကို အဓိက ရည်ရွယ်ချက်နှစ်ရပ်အပေါ် အခြေပြုပြီး ကျင်းပရခြင်းဖြစ်ကြောင်း၊ ပထမရည်ရွယ်ချက်မှာ (၂၁) ရာစု ပင်လုံညီလာခံ ကျင်းပရေးအတွက် အကြိုညှိနှိုင်းရေးဖြစ်ပြီး ဒုတိယရည်ရွယ်ချက်မှာ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ခြင်းဆိုင်ရာ နိုင်ငံရေးဘုံသဘောထားရပ်တည်ချက်ရယူရေးတို့ ပင်ဖြစ်ကြောင်း။

ယင်းရည်ရွယ်ချက်နှစ်ရပ် အထမြောက် အောင်မြင်ရန်အတွက် ခေါင်းစဉ်လေးခုကို အခြေခံပြီး ညှိနှိုင်းဆွေးနွေးအဖြေရှာရန် ကျင်းပရေးကော်မတီအနေဖြင့် ပြင်ဆင်ထားကြောင်း၊ ပထမခေါင်းစဉ်မှာ ပင်လုံလက်စွဲစာတမ်း ဆွေးနွေးအတည်ပြုခြင်း၊ ဒုတိယမှာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ခြင်းဆိုင်ရာ ဖွဲ့စည်းပုံအခြေခံ ဥပဒေများအတွက် အခြေခံမူများ၊ တတိယခေါင်းစဉ်မှာ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အခြေခံမူများနှင့် နောက်ဆုံးခေါင်းစဉ်မှာ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်ပြင်ဆင်ရေးတို့ဖြစ်ကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာသူများအနေဖြင့် အလေးအနက်ထားပြီး စိတ်ရှည်သည်းခံမှုနှင့် မေတ္တာစေတနာရှေ့ထားပြီး အပြန်အလှန် ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင်ဖြင့် တင်ပြဆွေးနွေးကြရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဗီးယားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးရာဌာန၏ အာရှရေးရာ အထူးသံတမန် Mr. Sun Guoxiang တို့က အမှာစကား ပြောကြားကြသည်။

ယနေ့ပြုလုပ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မျက်နှာစုံညီ အစည်းအဝေးသို့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ၊ ရခိုင်အမျိုးသားကောင်စီ (ANC)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ကရင်အမျိုးသား ဒီမိုကရေစီအကျိုးပြုတပ်မတော် (DKBA)၊ ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (KIO)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ကရင်အမျိုးသားအစည်းအရုံး ငြိမ်းချမ်းရေးကောင်စီ KNU/KNLA(PC)၊ လားဟူဒီမိုကရက်တစ်ယူနီယံ (LDU)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော်(NDAA) (မိုင်းလား)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS / SSA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/ SSA)၊ ညီညွတ်သောတိုင်းရင်းသား လူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)၊ ရခိုင်အမျိုးသားအဖွဲ့ချုပ် (ULA / AA)၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB) ၊ ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း (NBF)၊ ညီညွတ်သော တိုင်းရင်းသားများ မဟာမိတ်အဖွဲ့ (UNA) ၊ “ဝ” အမျိုးသားအဖွဲ့ချုပ် (WNO)၊ ပြည်ထောင်စုအင်စတီ ကျူ့ (PI) မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးများရေးရာစင်တာ (ENAC) တို့ တက်ရောက်ကြသည်။

ယနေ့ အစည်းအဝေးသို့ TNLA (တအာင်းပလောင်)၊ MNDAA (ကိုးကန့်)၊ NSCN-K (နာဂ)၊UWSA “ဝ”တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းလေးဖွဲ့ တက်ရောက်ခြင်း မရှိကြောင်း သိရှိရသည်။

---

**ရောဝတီမြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်**

**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ပေဝက်ခန့်ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။ သို့ဖြစ်၍ ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။ **(မြန်မာ့အလင်း)**

---

## ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၂၅) အား စီရင်ချက် (အမိန့်) ချမှတ်

**နေပြည်တော် ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝေဖြိုးက စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ တိုင်းလိုင် (ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွှန့်အပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း၊ လျှောက်ထားခံရသူသည် ရွေးချယ်ခံရကြောင်း ကြေညာခွင့်ရထိုက်သူမဟုတ်ဟု ဆုံးဖြတ်၍ လျှောက်ထားသူအား ခိုင်လုံမဲအများဆုံးရရှိသူဖြစ်ကြောင်းနှင့် ရွေးကောက်ခံရသူဖြစ်ကြောင်း ကြေညာပေးပါရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈နှင့် နည်းဥပဒေ ၈၇ အရ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်တွင် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ် (၂၅/ ၂၀၁၅) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးလုတင့်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူတို့ ခုံအဖွဲ့ဝင်များအဖြစ်ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၄) က ကြားနာစစ်ဆေးပြီးနောက် ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးသန်းညွှန့်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးဝေဖြိုးက တရားစရိတ်ငွေ ကျပ်နှစ်သိန်းအား လျှောက်ထားခံရသူ ဦးသန်းညွှန့်အား ပေးစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

---

## လူထုဗဟိုပြုစီမံကိန်း လူထုစည်းရုံးရေးမှူးများဖိုရမ် ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း လူထုစည်းရုံးရေးမှူးများဖိုရမ် (အထက် မြန်မာပြည်)အား ဇူလိုင် ၂၅ ရက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအမှတ် (၁၄) ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခန့်ဇော်က ပြောကြားရာတွင် လူထုစည်းရုံး ရေးမှူးများ၏အသံများသည် စီမံကိန်းဒီဇိုင်းရေးဆွဲရာတွင် အဓိကအရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသဖြင့် ၎င်းတို့၏အသံများကို စုစည်းတင်ပြကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဆင်းရဲမှုအခြေအနေမှာ IHLCS (Integrated Household Living Conditions Survey in Myanmar) တိုင်းတာချက်အရ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၃၂ ရာခိုင်နှုန်းရှိနေခဲ့၍ ၂၀၂၀-၂၀၃၀ ပြည့်နှစ်တွင် ဆင်းရဲမှုရာခိုင်နှုန်းကို ထက်ဝက်ခန့် လျှော့ချမည်ဟု ခန့်မှန်းထားကြောင်း၊ လာမည့်နှစ်အတွက် Experience Sharing လုပ်ရန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် ပြောကြားလိုကြောင်း၊ Conflict Area များသို့သွားရာတွင် မိမိတို့ကြောင့် ပြဿနာမဖြစ်စေရန် သတိထားကြရမည်ဖြစ်ပါကြောင်း၊ ထိုဒေသရှိ အဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်၊ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရ သောကာလဖြစ်၍ အတွေးအခေါ်၊ အပြောအဆို အစွန်းမရောက် ဘဲ အပြန်အလှန်လေးစားကြရန် လိုအပ်ကြောင်း၊ ဝေဖန်အကြံပြု တိုင်ကြားချက်ဖြေရှင်းရေး (Grievance Mechanism) ကို ကောင်းမွန်ဖြူစင်သော စိတ်ထား၊ စီမံကိန်းကို ကောင်းမွန်စေချင်သောစိတ်ထားဖြင့် အသုံးပြုကြ၍ ပုဂ္ဂလိကခံစားချက်ဖြင့် အသုံးမပြုကြစေလိုကြောင်းနှင့် အားလုံးပူးပေါင်း၍ စည်းလုံးညီညွတ်စွာ အောင်မြင်အောင်ဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အသီးသီးမှ တက်ရောက်လာကြသော လူထုစည်းရုံးရေးမှူးများသည် စီမံကိန်းအကောင်အထည်ဖော်ရာတွင် တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို မျှဝေ၍ နောက်နှစ်စီမံကိန်း ပိုမိုတိုးတက်ကောင်းမွန်စေရန် အားသာချက်များ၊ အားနည်းချက်များ၊ အကြံပြုချက်များ၊ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများ၏ တာဝန်ဝတ္တရားများ စသည်တို့ကို ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

လူထုဗဟိုပြုစီမံကိန်းကို မြို့နယ် ၂၇ မြို့နယ်တွင် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နောက်လာမည့်ဘဏ္ဍာရေးနှစ်၌ မြို့နယ် ၂၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်၍ စုစုပေါင်း ၆၃ မြို့နယ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားလျက်ရှိသဖြင့် ဤစီမံကိန်းသည် ကျေးရွာပေါင်း ၅၅၂၂ ရွာမှ လူဦးရေ ၃ ဒသမ ၁ သန်းအထိ အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြေယာကိစ္စရပ်များ မှန်ကန်ထိရောက်စွာ စိစစ်ဖြေရှင်းနိုင်ရေး

**မောင်မြင့်ဆွေ**

**မြေယာပြန်လည်ပေးအပ်ပွဲမှ ဒုတိယသမ္မတပြောကြားချက်**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ရေနံ့သာ အနာကြီးရောဂါကုဆေးရုံအတွက် သိမ်းဆည်းထားသော မြေများအနက် အသုံးမပြုသဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများမှ အငြင်းပွားမှုကင်းရှင်းသည့်မြေများကို မူလပိုင်ရှင်တောင်သူများ လက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မတ္တရာမြို့ ဘုရင့်နောင်ခန်းမ၌ ၉-၇-၂၀၁၆ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ရာ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည့်သတင်းကို ဖတ်ရှုလိုက်ရပါသည်။

ဒုတိယသမ္မတက ပြောကြားရာတွင် လယ်သမားများအတွက် လယ်ယာမြေသည် အသက်သွေးကြောဖြစ်ကြောင်း၊ ထို့ကြောင့် လယ်သမားများအတွက် အထူးအရေးကြီးလှသည့် လယ်ယာမြေများ ပြန်လည်ရရှိရန် အစိုးရအနေဖြင့် ဦးစားပေးအထူးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေပါကြောင်း၊ မူလပိုင်ရှင်တောင်သူများထံ လယ်ယာမြေများ ပြန်လည်လွှဲပြောင်းနိုင်ရန် ကျင့်သုံးနေသည့် လုပ်ငန်းစဉ်အဆင့်များကိုလည်း အတတ်နိုင်ဆုံး ဖြေလျှော့ရန် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲဆောင်ရွက်နေကြောင်း၊ မြေယာစီမံခန့်ခွဲမှုသည် ပြည်သူများ၏ လူမှုစီးပွားမြှင့်တင်ရေးနှင့် တိုက်ရိုက်ဆက်စပ်ပတ်သက်နေသည့်အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း မှန်ကန်စွာလုပ်ဆောင်ပေးရန်ဖြစ်ကြောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရန် လိုအပ်သကဲ့သို့ ကရုဏာနှင့် ယှဉ်သည့် တရားမျှတမှုဖြစ်ရန် အဂတိတရားကင်းစင်ရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ၂၅-၆-၂၀၁၆ ရက်နေ့က ကျင်းပခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်အတွင်း စက်မှုဝန်ကြီးဌာနနှင့် ယုဇနကုမ္ပဏီတို့မှ ပြန်လည်စွန့်လွှတ်လယ်ယာမြေများအား မူလတောင်သူများသို့ ပြန်လည်ပေးအပ်သည့် အခမ်းအနားတွင် ဒုတိယသမ္မတက အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းမြေများထဲမှ အသုံးမပြုတော့သည့် မြေယာများကို ပြန်လည်စွန့်လွှတ်ရာတွင် မူလတောင်သူများထံ အမြန်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မိမိတို့အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး လွယ်ကူလျင်မြန်စေမည့် မူဝါဒနှင့်လုပ်ငန်းစဉ်များချမှတ်ကာ စနစ်တကျ လွှဲပြောင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်ကို ဖတ်ရှုမှတ်သားရပါသည်။

**စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး ဖြေရှင်းဆောင်ရွက်ရေးကိစ္စနှင့်စပ်လျဉ်းပြီး ပထမအကြိမ်လွှတ်တော်သက်တမ်း ကာလအတွင်း ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်က အစီရင်ခံစာများ တင်သွင်းခဲ့သည်ကို မှတ်သားခဲ့ရပါသည်။ အဆိုပါ စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပိုင်းများတွင် တပ်မတော်၊ တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် တပ်မြေအဖြစ် သိမ်းဆည်းခြင်း၊ မြို့ပြများတိုးချဲ့တည်ဆောက်ရေးနှင့် စက်မှုဇုန်များတည်ဆောက်ရေး၊ နိုင်ငံတော်စီမံကိန်းဖြစ်သည့် ရထားလမ်းများ၊ ကားလမ်းများ၊ လေယာဉ်ကွင်းများ တည်ဆောက်ရေးနှင့် နိုင်ငံတော်စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရေးလုပ်ငန်းများအတွက် မြေသိမ်းဆည်းခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများ ဆောင်ရွက်ရန် ပုဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာချထားပေးရာတွင် တောင်သူလယ်သမားများ လက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေများပါရှိသွားခြင်း အကြောင်းရင်းများကို တွေ့ရှိသုံးသပ် ဖော်ပြထားကြောင်း လေ့လာသိရှိရပါသည်။

**တည်ဆောက်ရေးစီမံကိန်းများအတွက် မြေသိမ်းဆည်းခြင်း**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရကာလတွင် နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်မြေများကို ဥပဒေနှင့်အညီ သိမ်းယူခဲ့ခြင်းများရှိခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာများတွင် ဖော်ပြထားသည့်အတိုင်း တပ်မတော်၊ တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့တည်ဆောက်ခြင်း၊ မြို့ပြများ တိုးချဲ့ခြင်းနှင့် စက်မှုဇုန်များတည်ဆောက်ခြင်းအပါအဝင် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများအတွက် မြေသိမ်းဆည်းခြင်းများပြုရာတွင် တောင်သူလယ်သမားများ လက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေများပါဝင်ခြင်းများ ရှိခဲ့ပါသည်။

**မြေယာဖော်ထုတ်စိုက်ပျိုးရေးစီမံကိန်းသည် မြေသိမ်းဆည်းခြင်းမဟုတ်ပါ**

သို့ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများ ဆောင်ရွက်ရန် ပုဂ္ဂလိကကုမ္ပဏီများသို့ မြေယာဖော်ထုတ်လုပ်ကိုင်စေခဲ့ရာ၌ တောင်သူလယ်သမားများ၏ စိုက်ပျိုးမြေများကို သိမ်းယူချထားပေးခဲ့ခြင်းမဟုတ်ပါ။ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် စိုက်ပျိုးခြင်းမပြုနိုင်ဘဲ မြေလွတ်မြေလပ်ဖြစ်နေသည့် မြေဧရိယာများနှင့် မြေရိုင်းများကို လယ်ယာစိုက်ပျိုးမြေများအဖြစ် ဖော်ထုတ်လုပ်ကိုင်ရန် နိုင်ငံတော်စီမံကိန်းအဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်တည်ဆောက်ရေးစီမံကိန်းများအတွက် မြေသိမ်းဆည်းခြင်းနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးမြေဖော်ထုတ်လုပ်ကိုင်ခြင်းသည် လုပ်ငန်းသဘောသဘာဝအားဖြင့် တူညီမှုမရှိကြောင်း လေ့လာသိရှိနိုင်ကြမည်ဖြစ်ပါသည်။

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးရေးစီမံကိန်း**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် အားလျော်စွာ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ် ဝန်းကျင်က ကမ္ဘာနှင့်အဝန်း ဒေသအသီးသီးတွင် စီးပွားရေးကျဆင်းမှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအတွင်း စားနပ်ရိက္ခာ ဖူလုံမှုအပြင် နိုင်ငံတကာစားနပ်ရိက္ခာလိုအပ်မှုကို ထောက်ပံ့တင်ပို့နိုင်ရန် ရည်ရွယ်ပြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးရေးစီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

**နိုင်ငံတော်၏ မြေသယံဇာတ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ကေထောင်သောင်းရှိသော ခေတ်မီ လယ်ယာလုပ်ကွက်ကြီးများအဖြစ် ဖော်ထုတ်လုပ်ကိုင်ခြင်းဖြင့် လယ်ယာကဏ္ဍ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးကို ဦးတည်ရည်မှန်းဆောင်ရွက်ခဲ့ခြင်း**

လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် စိုက်ပျိုးမြေဧရိယာ တိုးချဲ့ရေးနှင့် သီးနှံတစ်ဧက အထွက်နှုန်းတိုးတက်ရေးကို စီမံဆောင်ရွက်ကြရာတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၊ ရေနက်ကွင်းများကို လယ်ယာမြေအဖြစ် တိုးချဲ့ဖော်ထုတ်ရေးလုပ်ငန်းသည် ငွေကြေးအရင်းအနှီးနှင့် စက်ကိရိယာများ စိုက်ထုတ်လုပ်ကိုင်ရန် လိုအပ်ပါသည်။ သမားရိုးကျပုံစံဖြင့် စိုက်ပျိုးမြေတိုးချဲ့နေမည်ဆိုလျှင် အချိန်တိုအတွင်း ဧကသိန်းပေါင်းများစွာ တိုးချဲ့နိုင်ရန် ခက်ခဲမည်ဖြစ်ပါသည်။ အလားတူ သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် လိုအပ်သည့် သီးနှံမျိုးကောင်းမျိုးသန့်များ၊ စက်ကိရိယာ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည့် လယ်ယာသွင်းအားစုများကိုလည်း ဖြည့်ဆည်းရန် လိုအပ်ပါသည်။ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရတစ်ခုတည်းက စိုက်ထုတ်သုံးစွဲရန် လွယ်ကူသည့် အနေအထားမဟုတ်သည့်အတွက် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ၌ ငွေကြေးအရင်းအနှီးနှင့် စီမံခန့်ခွဲမှုအားကောင်းသော တိုင်းရင်းသားလုပ်ငန်းရှင်များ ဝင်ရောက်ရင်းနှီးလုပ်ကိုင်လာအောင် အမျိုးသားရေးတာဝန်အဖြစ် အားပေးစည်းရုံးလုပ်ကိုင်ခွင့်ပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

**နိုင်ငံတော်အဆင့်မှပေးအပ်သည့်တာဝန်**

နိုင်ငံတော်၏ ဆန်စပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီး သုံးခုအတွင်း ရေကြီးကွင်း၊ ရေနက်ကွင်းများအပါအဝင် မကွေး၊ မန္တလေး၊ စစ်ကိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးများနှင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အဆင့်မှ ဦးဆောင်၍ ဒေသအလိုက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီကို ထိုစဉ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂) ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ဝန်ကြီးများဖြင့် ပါဝင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ဒေသအလိုက် မြေယာဖော်ထုတ်စိုက်ပျိုးနိုင်ရေး လုပ်ငန်းများအတွက် ဗဟိုအဆင့်တွင် ဝန်ကြီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းအလိုက် တာဝန်ယူကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ပြည်နယ်/တိုင်းအဆင့်တွင် သက်ဆိုင်ရာတိုင်းမှူးများ (ပြည်နယ်/တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ)က ဦးဆောင်၍ ပြည်နယ်/တိုင်း ကြီးကြပ်မှုကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးရေးစီမံကိန်းကို ၁၉၉၈-၉၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ၁၉၉၉ ခုနှစ် ဇန်နဝါရီလအတွင်း မကွေးတိုင်းဒေသကြီးတွင် ကုမ္ပဏီလုပ်ငန်းရှင် အဖွဲ့ ကိုးဖွဲ့၊ ဧကပေါင်း ၁၉၁၀၀၀ ကျော်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့တွင် ဌာနအဖွဲ့အစည်းနှင့် ကုမ္ပဏီပေါင်း ငါးဖွဲ့၊ ဧကပေါင်း ၂၈၀၀၀ ကျော်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားလုပ်ငန်းရှင်အဖွဲ့ ၁၉ ဖွဲ့၊ ဧကပေါင်း ၂၀၃၀၀၀ ကျော်ကိုလည်းကောင်း နိုင်ငံတော်အဆင့်အနေဖြင့် မြေယာလုပ်ကိုင်ခွင့်များ ခွင့်ပြုချထားပေးခဲ့ပါသည်။ ထို့အပြင် ထိုအချိန်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးယာယီရယူထားသည့် ကာလဖြစ်သဖြင့် တပ်မတော်တပ်ရင်းတပ်ဖွဲ့များက မိမိတို့၏ ပင်မတာဝန်မဟုတ်သော်လည်း နိုင်ငံတော် စားနပ်ရိက္ခာ တိုးတက်ထုတ်လုပ်ရေးနှင့် တပ်မိသားစုသက်သာချောင်ချိရေးတွက် ရည်ရွယ်ပြီး ရေနက်ကွင်း လယ်ယာမြေ ဖော်ထုတ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

နိုင်ငံတော်၏အမျိုးသားရေးလက္ခဏာဖြစ်သည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ထိုအချိန်က သမားရိုးကျစိုက်ပျိုးနေသည့် မိုးစပါး ဧက ၁၂ သန်းမှ ၁၄ သန်းအထိလည်းကောင်း၊ နွေစပါးကို ဧက လေးသန်းဖြင့်လည်းကောင်း စုစုပေါင်းဧက ၁၈ သန်းအထိ စိုက်ပျိုးလုပ်ကိုင်သွားရန် နောင်တိုးတက်လာမည့် လူဦးရေဖူလုံစွာ စားသုံးနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ခဲ့ပါသည်။ လိုအပ်သော စက်ကိရိယာများနှင့် လယ်ယာသုံးပစ္စည်းများကို ပြည်ပမှ တင်သွင်းဝယ်ယူနိုင်ရေးအတွက် ရေနက်ကွင်း လယ်ယာမြေများ ဖော်ထုတ်၍ ဧက ၅၀၀၀ နှင့်အထက် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သူများအား ထွက်ရှိသည့် စပါးသီးနှံ၏ ထက်ဝက် (၅၀ ရာခိုင်နှုန်း)ကို ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြုခဲ့ပါသည်။ ယင်းသို့ နိုင်ငံတော်၏ မြေသယံဇာတ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ကေထောင်သောင်းရှိသော ခေတ်မီလယ်ယာလုပ်ကွက်ကြီးများအဖြစ် ဖော်ထုတ်လုပ်ကိုင်ခြင်းဖြင့် လယ်ယာကဏ္ဍ သိသိသာသာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးကို ဦးတည်ရည်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

**အကျိုးတူစိုက်ပျိုးရေး**

မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် ရေနက်ကွင်း ရေအောက်မြေများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်ရာတွင် စက်ယန္တရားကြီးများအသုံးပြု၍ တောရှင်းခြင်း၊ ငုတ်ထုတ်ခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ တာပတ်ခြင်းတို့ဖြင့် တောရိုင်းမြေများကို စိုက်ပျိုးမြေအဖြစ် ကျွမ်းကျင်ဝန်ထမ်းများ၊ ပညာရှင်များ၊ စက်ယန္တရား၊ စက်မောင်းဆီနှင့် ငွေကြေးအရင်းအနှီးမြောက်မြားစွာ စိုက်ထုတ်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေကြီးကွင်း၊ ရေနက်ကွင်း ဧရိယာများမှာ မိုးရာသီတွင် ပင်လယ်ပြင်သဖွယ် ရေအနက် ခုနစ်ပေ၊ ရှစ်ပေခန့်အထိ ကျယ်ပြန့်သောရေပြင်ကြီးများအဖြစ် တည်ရှိနေပြီး ရေကျသွားချိန်တွင်လည်း ကျူတောကိုင်းတောများ၊ ဒိုက်တော ဒေါင်းတောများ ထူထပ်စွာပေါက်ရောက်လျက်ရှိပါသည်။ ဒေသခံ တောင်သူလယ်သမားများအနေဖြင့် မြေယာဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ရန် အင်အားမရှိသဖြင့် ကုမ္ပဏီလုပ်ငန်းရှင်များက ဖော်ထုတ်ပြီး ပေါ်ထွက်လာသည့် မြေဧရိယာအချို့တွင် ဒေသခံတောင်သူလယ်သမားများအား စက်ကိရိယာ၊ မျိုး၊ မြေဩဇာစသည့် သွင်းအားစုများနှင့် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် ငွေကြေးအရင်းအနှီးစိုက်ထုတ်ပေးပြီး အကျိုးတူစိုက်ပျိုးရေး (Contract Farming) အဖြစ် ပူးပေါင်းလုပ်ကိုင်ခဲ့ကြခြင်းဖြင့် ပိုမိုတိုးတက်အောင်မြင်မှုရှိခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

**ရဲအရာရှိအတတ်သင်ကျောင်း(မန္တလေး)တွင် ဇူလိုင်လတတိယပတ်က မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရာ ကျောင်းအုပ်ကြီး ရဲမှူးကြီး မင်းအောင်နှင့် ဇနီး၊ သင်္ခေတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ သင်တန်းသားများက သတ်မှတ်နေရာများ၌ ပိတောက်၊ ရေတမာ၊ မယ်ဇယ်၊ တရုတ်စံကား၊ မဲဇလီပင် ၃၂၉ ပင် စိုက်ပျိုးကြစဉ်**
(မြန်မာ့အလင်း)



## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်း(ထန်းတပင်မဲဆန္ဒနယ်)၏ မိတ်ဆွေတစ်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့် (သရက်မဲဆန္ဒနယ်)၏ မဲဆန္ဒရှင်ပြည်သူများ ငါးဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)၏ မိတ်ဆွေသုံးဦး၊ နယ်စပ်ဒေသမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့များ (ကချင်၊ ကယား၊ မွန်၊ ရခိုင်) ၁၆၀ ၊ ရတနာပုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ ဒေါက်တာအေးမြင့်ဦး ခေါင်းဆောင်သည့် ကျောင်းသား ကျောင်းသူ ၁၉၉ ဦး၊ တောင်ငူတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၃၁ ဦး စုစုပေါင်း ၃၉၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာများ အလေးထားဆွေးနွေး



ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်

**နေပြည်တော် ဇူလိုင် ၂၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်း (၃)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်းနှင့် ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးခြင်း၊ ဥပဒေကြမ်းတစ်ခုကိုအတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူခြင်းများ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်း ဆေးဝါးပြည့်စုံသော၊ လုံလောက်သောဆရာဝန်အရေအတွက်ဖြင့် ခုတင် ၁၀၀ ဆံ့ဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် ၂၅ ခုတင်ဆံ့ဆေးရုံ တစ်ရုံ၊ လေးထောင့်ကန် တိုက်နယ်ဆေးရုံတစ်ရုံ၊ ဒေသန္တရကျန်းမာရေးဌာနနှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနနှစ်ခုတို့ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရပ်ကွက် ၃၂ ခု၊ လူဦးရေစုစုပေါင်း ၂၉၆၉၇၉ ဦး နေထိုင်လျက်ရှိပြီး အဆိုပါဆေးရုံနှင့် ဆေးခန်းတို့မှာ မြို့နယ်ပြည်သူလူထုက အဓိကအားကိုးအားထားရသော ဆေးရုံ၊ ဆေးခန်းများ ဖြစ်ပါကြောင်း၊ ထို့အပြင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၏ အနောက်ဘက်တွင် ခုတင် ၅၀၀ ဆံ့ သဃ်န်းကျွန်းစံပြ အထွေထွေရောဂါကု ဆေးရုံကြီး၊ တောင်ဘက်တွင် ခုတင် ၂၀၀ ဆံ့ သန်လျင်ခရိုင် ပြည်သူ့ဆေးရုံတို့ဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ **သို့ဖြစ်ရာ တိုးပွားလာသော လူဦးရေအနေအထားနှင့်အညီ ယခုလက်ရှိခွင့်ပြုထားသော ၂၅ ခုတင်ဆံ့ ဆေးရုံကို အထူးကုဘာသာရပ် ရှစ်မျိုးပါဝင်သော ခုတင် ၅၀ ဆံ့ စံကိုက်ဖွဲ့စည်းပုံအသစ်သို့ တိုးမြှင့်ရန် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊** ဆေးရုံ၏ လုပ်ငန်းဆောင်ရွက်မှု အညွှန်းကိန်းတွင် ဆေးရုံခွင့်ပြုခုတင် အသုံးချမှုရာခိုင်နှုန်းမှာ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ပျမ်းမျှ ၄၉ ဒသမ ၃ ရာခိုင်နှုန်းသာရှိပြီး Increasing Trend ဖြစ်သော်လည်း သတ်မှတ်ရာခိုင်နှုန်းပြည့်မီရန် များစွာ လိုအပ်လျက်ရှိနေသေးသည်ကို တွေ့ရှိရပါသဖြင့် ခုတင် ၁၀၀ ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်၏ **မိုင်းပျဉ်းမြို့နယ်တွင် လက်ရှိ ၂၅ ခုတင်ဆံ့ ဆေးရုံဟောင်းအစား ခုတင် ၅၀ ဆံ့ ဆေးရုံအသစ်ဖြင့် အစားထိုးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်းအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကုသရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံများအား ခုတင် ၅၀ ဆံ့သို့ တိုးမြှင့်ရန်အတွက် အမျိုးသားစီမံကိန်း(၂၀၁၆-၂၀၁၇)မှ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်အထိ လျာထားချက်များရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲထားပြီးဖြစ်သည့်အတွက် **ရှမ်းပြည်နယ် (အရှေ့) မိုင်းပျဉ်းမြို့နယ် ၂၅ ခုတင်ဆံ့ ဆေးရုံကို ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဝေလှိုင်ထွန်းက ရှင်းလင်းတင်ပြပြီး လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ရယူအတည်ပြုသည်။

ထို့နောက် ရွှေဘိုမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်အေဇင်လတ် **တင်သွင်းသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူလူထုအား ထိရောက်လုံလောက်စွာ ပေးနိုင်ရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို မိုးညှင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိက မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် သွားလာရေးခက်ခဲပြီး ထိရောက်လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုကို မရရှိကြကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမို ကောင်းမွန်သည်ဆိုသော ဆိုရိုးစကားကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုတွေ့ရပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ကယားပြည်နယ် ရှားတောမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်းက ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတည်ဆောက်ရာ၌ မကုန်ခန်းနိုင်သော နိုင်ငံသူ၊ နိုင်ငံသားများ၏ စွမ်းအားကသာလျှင် အရေးအကြီးဆုံးဖြစ်ကြောင်း၊ လူ့အရင်းအမြစ်သယံဇာတကိုသာ အသုံးပြုမည်ဖြစ်ကြောင်းကို အလေးအနက်ထား ပြောကြားခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယင်းမကုန်ဆုံးနိုင်သည့်စွမ်းအားကို အပြည့်အဝအသုံးပြုနိုင်ရန်အတွက် အခြေခံအကျဆုံးအချက်မှာ မိခင်နှင့် ကလေးကျန်းမာရေး၊ ကလေးနှင့် အမျိုးသမီးရှင်သန်ရေးတို့ပင် ဖြစ်ပါကြောင်း၊ ထို့အတွက် ပံ့ပိုးမှုများက များစွာ အရေးကြီးသည်ဟု တင်ပြလိုပါကြောင်းဖြင့် ဆွေးနွေးသည်။ **(သတင်းစဉ်)**

# စည်းကမ်းလိုက်နာမှုမရှိသည့် အေဂျင်စီများကို စည်းကမ်းဖောက်ဖျက်မှု အနည်းအများအလိုက် အရေးယူဆောင်ရွက်လျက်ရှိ


ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး


မဲဆန္ဒနယ် အမှတ်(၈)မှ ဦးဥက္ကာမင်း
တနင်္သာရီတိုင်းဒေသကြီး

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံသည် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့သို့ ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ပြီး ကမ္ဘာ့နိုင်ငံများအတွင်း ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ယင်းတို့၏ လူမှုစီးပွားဘဝများ တိုးမြှင့်ပေးနိုင်ရေးတို့ကို အထူးအလေးပေးဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၏ **"မြန်မာရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲပြဿနာများ၊ စိန်ခေါ်မှုများကို ပြည်ထောင်စုအစိုးရအနေဖြင့် လုပ်ငန်းစဉ်များချမှတ်ကာ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားခဲ့သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက လက်ရှိတွင် မြန်မာနိုင်ငံမှ ပြည်ပသို့ အလုပ်သမားများ တရားဝင်စေလွှတ်နိုင်ရန် မှတ်ပုံတင်ခွင့်ပြုထားသည့်အေဂျင်စီပေါင်း ၂၄၃ ခုရှိပြီး မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ကိုလည်း ဖွဲ့စည်းပေးထားပါကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့်မြန်မာအလုပ်သမားများအား ပြည်ပသို့မထွက်ခွာမီ သွားရောက်အလုပ်လုပ်ကိုင်မည့် နိုင်ငံ၏ဥပဒေများ၊ ဓလေ့ထုံးတမ်းများနှင့် ဘာသာစကားစသည်တို့ကို အတန်အသင့်သိရှိထားရန်အတွက် အကြိုသင်တန်းများပေးခြင်း၊ လိုအပ်သည့် မှာကြားမှုများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး စည်းကမ်းလိုက်နာမှုမရှိသည့်အေဂျင်စီများကိုလည်း ယင်းတို့၏စည်းကမ်းဖောက်ဖျက်မှု အနည်းအများအလိုက် အလုပ်သမားစေလွှတ်ခြင်းကို ယာယီရပ်ဆိုင်းခြင်းမှ အပြီးပိတ်သိမ်းခြင်းအထိ အဆင့်ဆင့် အရေးယူမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ပြည်ပနိုင်ငံများသို့စေလွှတ်ခဲ့သည့် အလုပ်သမားများနှင့် ပတ်သက်၍ အလုပ်သမားနှင့် အလုပ်ရှင်အကြား နှစ်ဖက်သဘောတူစာချုပ်တွင် အလုပ်သမား၏လုပ်ခလစာ၊ အချိန်ပိုလုပ်ခ၊ အလုပ်အမျိုးအစား၊ နေရာထိုင်ခင်း၊ အစားအသောက်၊ အလုပ်ချိန်၊ နားရက်၊ ဆေးဝါးကုသခွင့်နှင့် ခရီးသွားလာခွင့်စသည့် အချက်အလက်များ ပြည့်စုံစွာပါရှိသည့်အပြင် အသက်အာမခံကိစ္စရပ်များကိုလည်း စီစဉ်ပေးထားပါကြောင်း၊ ထို့ပြင် မြန်မာအလုပ်သမားများအား သက်ဆိုင်ရာနိုင်ငံ၏ဥပဒေအတိုင်း အကျိုးခံစားခွင့်ရရှိစေရန် စီစဉ်ပေးခြင်းတို့ကို ထည့်သွင်းချုပ်ဆို ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်သော အေဂျင်စီများအတွက် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများနှင့် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများကိုလည်း ချမှတ်ပေးထားပြီးဖြစ်၍ အေဂျင်စီများအနေဖြင့် အလုပ်သမားများ စတင်စေလွှတ်သည်မှစ၍ မြန်မာနိုင်ငံသို့ အလုပ်သမား ပြန်လည်ရောက်ရှိသည်အထိ တာဝန်ယူ ဆောင်ရွက်လုပ်ကိုင်စေပါကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံကြေညာစာတမ်းတွင်ပါရှိသော ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အာဆီယံနိုင်ငံများအနက် အလုပ်သမားစေလွှတ်သော နိုင်ငံများနှင့် လက်ခံသောနိုင်ငံများရှိ အစိုးရ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများအကြား ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်နေရသော အခက်အခဲများ ဖြေလျှော့နိုင်ရေး၊ ကောင်းမွန်လုံခြုံစိတ်ချရသောလုပ်ငန်းခွင်ဖြစ်စေရေး၊ ခွဲခြားဆက်ဆံခံရမှုမရှိစေရေး၊ ခေါင်းပုံဖြတ်မခံရစေရေးတို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်းညှိနှိုင်းဆွေးနွေးမှုများပြုလုပ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်၏ **"၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေ ဥပဒေအရ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ဖွဲ့စည်းခဲ့သောအနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင်ထုတ်ပြန်ခဲ့သော နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ တစ်နာရီ ငွေကျပ် ၄၅၀ နှုန်းဖြင့် တစ်ရက်အလုပ်ချိန် ၈ နာရီအတွက် ငွေကျပ် ၃၆၀၀ သတ်မှတ်ချက်နှုန်းထားကို ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အနည်းဆုံးအခကြေးငွေနှုန်းထားတစ်ခု သတ်မှတ်ရာ၌ အဓိကအားဖြင့် အလုပ်သမားများ၏လိုအပ်ချက်များကို ဖြေရှင်းနိုင်မည့် ငွေကြေးပမာဏဖြစ်ရန် လိုအပ်သကဲ့သို့ အလုပ်ရှင်များက အမှန်တကယ်ပေးနိုင်မည့် ငွေကြေးပမာဏဖြစ်ရန် လိုအပ်ပါကြောင်း။

အနည်းဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ရန်အတွက် မျက်မှောက် ကာလဖြစ်ပေါ်လျက်ရှိသည့် ကုန်စျေးနှုန်းအခြေအနေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ အလုပ်ရှင် အလုပ်သမားအခြေအနေများ၊ အလုပ်အကိုင်အခွင့်အလမ်းအခြေအနေများ၊ ငွေကြေးတည်ငြိမ်မှု အခြေအနေများနှင့် နယ်မြေဒေသအခြေအနေများအပေါ်မူတည်၍ ဘက်စုံထောင့်စုံမှ လေ့လာစောင့်ကြည့်ရန် လိုအပ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှထုတ်ပြန်ခဲ့သည့် အနည်းဆုံးအခကြေးငွေနှုန်းထားသည် ပထမဆုံးအကြိမ် ထုတ်ပြန်သတ်မှတ်ထားကြောင်း၊ ပြန်လည်ပြင်ဆင်ရန် သက်ဆိုင်ရာ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးကော်မတီများနှင့် ဆွေးနွေးညှိနှိုင်းရန်လိုအပ်ပါသဖြင့် လတ်တလောတွင် ပြင်ဆင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီးက **"နိုင်ငံအတွင်း လာရောက်အလုပ်လုပ်ကိုင်နေကြသော နိုင်ငံခြားသားအလုပ်သမားများအား မည်သည့်ဥပဒေအထောက်အထား ကန့်သတ်ချက်များဖြင့် လုပ်ကိုင်ခွင့်ပြုထားသည်ကို သိရှိလိုကြောင်းနှင့် ၎င်း အလုပ်သမားများထံမှ အခွန်အခများကောက်ခံရယူခြင်း ရှိ/မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားသားများဝင်ရောက်ခြင်း၊ ထွက်ခွာခြင်း၊ နေထိုင်ခွင့်ပြုခြင်းတို့ကို တည်ဆဲဥပဒေများဖြစ်သည့် ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ)အက်ဥပဒေ၊ ၁၉၄၀ ခုနှစ် နိုင်ငံခြားသားများ မှတ်ပုံတင်ရေးအက်ဥပဒေ၊ ၁၉၄၈ ခုနှစ် နိုင်ငံခြားသားများ မှတ်ပုံတင်ရေးနည်းဥပဒေများ၊ ၁၉၅၁ ခုနှစ် ချုပ်နှောင်ခြင်းနည်းဥပဒေ၊ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၁ ရက်နေ့မှစ၍ ပြောင်းလဲပြင်ဆင် အသုံးပြုလျက်ရှိသည့် ပြည်ဝင်ဗီဇာ ၁၂ မျိုး၊ ပြည်ပြန်ဝင်ခွင့်ဗီဇာ သုံးမျိုး၊ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ သတ်မှတ်ခ ငွေများ ကောက်ခံပြီး စနစ်တကျစိစစ်ခွင့်ပြု ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

# နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲအပေါ် စာတမ်းရှင်များ၏သဘောထားအမြင်များ(၂)

**တွေ့ဆုံမေးမြန်းသူ - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - ဇော်မင်းလတ်**

ရန်ကုန် ဇူလိုင် ၂၆

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပထမအကြိမ် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်စတင်ကျင်းပမည့် ဇူလိုင် ၂၉ ရက်က တဖြည်းဖြည်းနီးကပ်လာချေပြီ။ နိုင်ငံရေးစာပေစာတမ်းရှင်များနှင့် တွေ့ဆုံမေးမြန်းခန်းများကလည်း မီဒီယာစာမျက်နှာများထက်တွင် သက်ဝင်လှုပ်ရှားလာခဲ့ချေပြီ။ နိုင်ငံရေး စာပေစာတမ်းရှင်များ ဖြေကြားကြသည့် နိုင်ငံရေးအတွေးအမြင်သဘောထားများနှင့် နိုင်ငံရေးဒဿနများကလည်း ပစ္စက္ခမှာပင် မျိုးဆက်သစ်လူငယ်များအတွက်သာမက ခေတ်ပြိုင်နိုင်ငံရေး လေ့လာသူများကိုပါ အကျိုးရှိစေသည်။ သို့ဖြစ်၍ မြန်မာ့သတင်းစဉ်က နိုင်ငံရေးစာပေစာတမ်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုများကို ဆက်လက်ကောက်နုတ်ဖော်ပြအပ်ပါသည်။


ဦးအောင်ရှင် (မုံရွာအောင်ရှင်)


ဦးမောင်မောင်ဦး (ဟိန်းလတ်)


ဦးကျော်မင်းယု(ဂျင်မီ)


ဦးဇော်သက်ထွေး(ဇော်သက်ထွေး)


ဦးရဲနိုင်အောင်(ကိုဝ)

**ဦးအောင်ရှင် (မုံရွာအောင်ရှင်)**

၁၉၆၂ ခုနှစ်က ၂၀၁၀ ပြည့်နှစ်အတောအတွင်း ပေါ်ပေါက်ခဲ့တဲ့ နိုင်ငံရေးကဗျာတွေအကြောင်းကို ဖတ်မှာ ဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်ကနေ ဒီကာလအထိ နိုင်ငံရေးကဗျာတွေနဲ့ ဖြတ်သန်းခဲ့ရတဲ့ ကဗျာဆရာဖြစ်ပါတယ်။ ဒီကဗျာတွေနဲ့ပတ်သက်ပြီး စာတမ်းရေးတယ်၊ ဒါကိုဖတ်မှာပါ။ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲက ဘယ်တုန်းကမှ မပေါ်ပေါက်ခဲ့ဖူးပါဘူး၊ နိုင်ငံရေးဆိုတာကို ကြောက်ကြတယ်၊ နိုင်ငံရေးပါတဲ့ စာတမ်းမျိုးဘယ်တော့မှ မလုပ်ခဲ့ဘူး၊ အခုနိုင်ငံရေးစာပေစာတမ်းဖတ်ပွဲက စာဖတ်ပရိသတ်အတွက်ရော၊ နိုင်ငံရေးဝါသနာပါတဲ့ လူငယ်တွေအတွက်ပါ အားလုံးအတွက် အကျိုးရှိမယ့် စာတမ်းဖတ်ပွဲလို့ ကျွန်တော်မြင်ပါတယ်။ ဒီနေ့လူငယ်တွေ၊ လူငယ်ကဗျာဆရာတွေ၊ နှစ်ပေါင်း ၄၀ ကျော်တဲ့ စနစ်တစ်ခုအောက်မှာ ဘယ်လိုရုန်းကန်ပြီး ပြည်သူလူထုကို ကိုယ်ပေးချင်တဲ့အသိကို ဘယ်လောက်ပေးနိုင်ခဲ့တယ်ဆိုတာကိုသိစေချင်တာပါပဲ။ ဒီစာတမ်းဖတ်ပွဲမှာ အခုတင်မယ့် စာတမ်းတွေက တကယ်အကျိုးရှိပါတယ်။ တကယ့်ကို နိုင်ငံရေး လေ့လာတဲ့ လူငယ်တွေအတွက် တကယ့်ကို စိတ်ဝင်စားစရာကောင်းမယ့် စာတမ်းတွေလို့ ကျွန်တော်မြင်ပါတယ်။

**ဦးမောင်မောင်ဦး (ဟိန်းလတ်)**

နိုင်ငံတကာက နိုင်ငံရေးခေါင်းဆောင်တွေရဲ့ အတ္ထုပ္ပတ္တိတွေကို ကျွန်တော်ရေးခဲ့တာ စာအုပ် ၂၀ ကျော်သွားပြီ၊ မြန်မာနိုင်ငံက စာရေးဆရာတွေရေးတဲ့ နိုင်ငံတကာ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ အတ္ထုပ္ပတ္တိတွေကိုလည်း ကျွန်တော်ဖတ်တယ်၊ ဖတ်ပြီး ကျွန်တော်လည်း ရေးတယ်၊ အခုစာတမ်းဖတ်ဖို့ ခေါင်းစဉ်ကျလာတော့ ပိုပြီးအဆင်ပြေသွားတယ်။ နိုင်ငံတကာခေါင်းဆောင်တွေရဲ့အကြောင်း၊ သူတို့ရဲ့ကြိုးပမ်းလှုပ်ရှားခဲ့ရတဲ့အကြောင်းတွေပါသလို သူတို့ရဲ့ မှားယွင်းချက်တွေလည်းပါတယ်။ ဒီနိုင်ငံရေးခေါင်းဆောင်တွေရဲ့ အတ္ထုပ္ပတ္တိကိုဖတ်ရင် ကိုယ့်နိုင်ငံအတွက် စံနမူနာသင်ခန်းစာတွေရသလို သူတို့ရဲ့ မှားယွင်းခဲ့တဲ့ သံဝေဂတွေကိုလည်းသိပြီး ရှောင်စရာရှိတယ်၊ ဒီစာတမ်းကိုရေးရတာ အဲဒီရည်ရွယ်ချက်ပါပဲ။

ဒီစာတမ်းမှာ မင်းတုန်းမင်းလက်ထက်ကစပြီး ဘာသာပြန်သမိုင်းကို နိဒါန်းပျိုးထားတယ်၊ အဲဒါပြီးမှ သီးသန့်နိုင်ငံခြားက ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ အတ္ထုပ္ပတ္တိကို ဘယ်လိုရေးခဲ့တယ်ဆိုတာ ဖော်ပြတယ်။ အဲဒီစာအုပ်တွေထဲမှာ ဘယ်စာအုပ်တွေကြောင့် နိုင်ငံရေးသင်ခန်းစာတွေရခဲ့တယ်၊ ဘယ်စာအုပ်တွေကြောင့် ရှောင်ရန်၊ ဆောင်ရန်တွေ သိလာရတယ်။ ဟစ်တလာတို့၊ အာမင်တို့၊ ဒါတွေဆို မကောင်းတဲ့သူတွေ၊ အဲဒါတွေဖတ်ရင်း သူတို့ ပြည်သူအပေါ် ဘယ်လိုနှိပ်စက်ခဲ့သလဲ။ ထို့အတူပဲ ကောင်းတဲ့ခေါင်းဆောင်တွေကြောင့် နိုင်ငံနဲ့လူမျိုးတွေ ဘယ်လောက် တိုးတက်ခဲ့သလဲ၊ အဲဒါတွေ စာတမ်းမှာ ရေးထားပါတယ်။ မြန်မာနိုင်ငံမှာကျန်တဲ့ ဘာသာရပ်တွေနဲ့ ပတ်သက်ပြီး စာတမ်းဖတ်ပွဲတွေ လုပ်ခဲ့တယ်၊ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲက မြန်မာပြည်မှာ ဒါပထမဦးဆုံးပဲ။ နောက်နောင်လည်း နှစ်တိုင်းနှစ်တိုင်း ဒီလိုမျိုးလုပ်သွားရင် နိုင်ငံရေး အသိပညာတွေ ပိုမိုကြွယ်ဝလာပြီး လူငယ်တွေအတွက် နိုင်ငံကို အကျိုးပြုတဲ့နေရာမှာ များစွာ သင်ခန်းစာတွေရလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဦးကျော်မင်းယု(ဂျင်မီ)**

နိုင်ငံရေးစာပေတွေဖွံ့ဖြိုးတိုးတက်ဖို့ အဓိကဦးတည်ပြီး ဖတ်မှာပါ။ နိုင်ငံရေးစာပေတွေ မေးမှိန်သွားရတဲ့အကြောင်းအရင်းက ဘာဖြစ်လို့လဲဆိုတဲ့အချက်ကို ရှာလိုက်တော့ နိုင်ငံရေးနဲ့ စာပေကို ခွဲထုတ်ခံလိုက်ရတာ၊ နိုင်ငံရေးကသတ်သတ်၊ စာပေကသတ်သတ်၊ အဲဒီလိုခွဲထုတ်ခံလိုက်ရတော့ နိုင်ငံရေးစာပေက ပျောက်လု နီးပါးဖြစ်သွားတယ်။ နိုင်ငံရေးစာပေအားကောင်းဖို့ဆိုရင် နိုင်ငံရေးနဲ့စာပေကို ပြန်ပေါင်းပေးနိုင်တဲ့အခြေအနေတစ်ခု၊ အဲဒီအခြေအနေတစ်ခုကို စာရေးသူကဏ္ဍရယ်၊ စာဖတ်သူ ကဏ္ဍရယ်၊ ထုတ်ဝေသူကဏ္ဍရယ်၊ အစိုးရရဲ့ကဏ္ဍရယ်၊ အဲဒီကဏ္ဍ (၄)ခုက ကြိုးစားအားထုတ်မယ်ဆိုရင် နိုင်ငံရေးစာပေတွေ ပြန်လည်ရှင်သန်အားကောင်းလာမယ့်အကြောင်း၊ အဲဒါကိုအခြေခံပြီး ကျွန်တော်စာတမ်းတင်မှာပါ။

ဒီစာတမ်းဖတ်ပွဲက အမှန်တရားကို ပိုမိုရှာဖွေရဲအောင်၊ အမှန်တရားကို ပိုသိအောင်၊ အထူးသဖြင့် မွေးရာပါ အာရုံ ခြောက်ပါးမှာ အမှန်တရားကို ထိမိခံစားနိုင်အောင် အစဖော်ပေးတဲ့၊ တွန်းအားပေးတဲ့ လုပ်ရပ်တစ်ခုဖြစ်ပါတယ်။ အစိုးရကဏ္ဍကနေ ဦးဆောင်တွန်းအားပေးလာတဲ့အတွက် ပိုပြီးမြန်ဆန်မယ်။ လူ့အဖွဲ့အစည်းက အမှားလူ့အဖွဲ့အစည်းကြီးဖြစ်နေတယ်။ အမှန်လူ့အဖွဲ့အစည်းရောက်အောင် ဒီနိုင်ငံရေးစာပေတွေ ဖွံ့ဖြိုးဖို့လိုတယ်။ အဲဒါကို အစိုးရက ဦးဆောင်ပြီး လုပ်ပေးတဲ့အတွက် အင်မတန်ကောင်းမွန်တဲ့ လုပ်ရပ်တစ်ခုလို့မြင်ပါတယ်။ နှစ်ပေါင်းများစွာ ကျွန်တော်တို့ အမှောင်ကိုဖြတ်သန်းခဲ့ရပြီ၊ ပွင့်လင်းလာတဲ့ခေတ်မှာ လူငယ်တွေ အမှန်တရားကို များများ ရှာဖွေနိုင်ဖို့ အခွင့်အလမ်းကြီးတစ်ခုဖြစ်တယ်။ အဲဒါကို လက်လွတ်မခံကြဖို့ တိုက်တွန်းချင်ပါတယ်။

**ဦးဇော်သက်ထွေး(ဇော်သက်ထွေး)**

ကျွန်တော်ဖတ်မယ့် စာတမ်းက အာဏာရှင်ခေတ်မှာ ပြည်ပရောက်ရှိသွားတဲ့ စာရေးဆရာများ ရေးသားထုတ်ဝေခဲ့တဲ့ နိုင်ငံရေးစာအုပ်စာပေများဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ မြန်မာနိုင်ငံမှာ နိုင်ငံရေးစာအုပ်၊ စာပေတွေ အများဆုံးပိတ်ပင်ခြင်းခံထားရတယ်။ ၁၉၆၂ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ နှစ်ပေါင်း ၅၀ ကျော် ကြုံဆုံခဲ့ရတာရှိပါတယ်။ အစိုးရသစ်လက်ထက်မှာ ပြန်ကြားရေးဝန်ကြီးက နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနဲ့ စာအုပ်ဈေးရောင်းပွဲတော် လုပ်ချင်တယ်။ အားလုံး ဝိုင်းဝန်း စာတမ်းတွေဖတ်ပြီး ကူညီကြပါလို့ ပြောပါတယ်။

၁၉၈၈ ကနေ ၂၀၁၂ ခုနှစ်အတွင်းမှာ ဆရာကြီးတွေ၊ ရဲဘော်ရဲဘက်တွေ တချို့ပြည်ပနိုင်ငံကို ထွက်ခွာသွားတာရှိပါတယ်။ နိုင်ငံအနှံ့အပြားကို ရောက်ကုန်ကြတယ်။ သူတို့ကစာအုပ်တွေ ထုတ်ဝေတာတွေရှိတယ်၊ ဒါတွေအားလုံး မှတ်တမ်းမှတ်ရာ ရှိခဲ့မယ်ဆိုရင် အလွန်ကောင်းမှာပဲလို့ စိတ်ကူးခဲ့တာကြာပါပြီ။ အခုလို ပြန်ကြားရေးဝန်ကြီးက စာတမ်းတစ်စောင် ရေးဖို့တိုက်တွန်းတဲ့အတွက် ပြည်ပရောက်စာရေးဆရာတွေရဲ့ထုတ်ဝေခဲ့တဲ့စာအုပ်တွေကို မှတ်တမ်းလုပ်ပြီး စာတမ်းတစ်စောင် ဖတ်ရင်ကောင်းမယ်ဆိုပြီး ဆောင်ရွက်ခဲ့တာပါ။

အခုဆိုရင် ဒီစာတမ်းအတွက် နိုင်ငံခြားရောက် စာရေးဆရာတွေထုတ်သမျှ နိုင်ငံရေးစာအုပ် စုစုပေါင်း ၁၀၇ အုပ် ရပါတယ်။ ဒီ ၁၀၇ အုပ်က မှတ်တမ်းတစ်ခုဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ ဒီလို လွတ်လပ်စွာရေးသားခွင့်ရှိတဲ့ အခြေအနေမှာ ကျွန်တော်တို့ နိုင်ငံရေးစာပေစာအုပ်တွေ ထွန်းကားဖို့လိုတယ်၊ နိုင်ငံရေးစာပေမှာ နှစ်မျိုးရှိတယ်။ ပထမတစ်မျိုးက သမိုင်းကို ပြန်ကြည့်ခြင်းအားဖြင့် သမိုင်းမှာဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ သင်ခန်းစာတွေရတယ်၊ ဒုတိယက ဒီအဖြစ်အပျက်ကို မူတည်ပြီး အနာဂတ် ကျွန်တော်တို့ တိုင်းပြည်တည်ဆောက်ရာမှာ ဆောင်ရန်၊ ရှောင်ရန်ဆိုတာတွေကို သင်ခန်းစာယူ သုံးသပ်နိုင်မယ်။ တတ်နိုင်ရင် ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနာဂတ် တည်ဆောက်ရေးအတွက် လူတိုင်းက မိမိယုံကြည်ရာကို လွတ်လပ်စွာရေးသားခွင့်ရှိရပါမယ်၊ လွတ်လပ်စွာရေးသားခွင့်၊ ပြောဆိုခွင့်၊ ထုတ်ဝေခွင့်ဆိုတာရှိရမယ်။ အခု သက်သေပြဖို့ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနဲ့ ဈေးရောင်းပွဲတော် ပေါ်ထွန်းလာတာက ဒီအစိုးရသစ်လက်ထက် ဆောင်ရွက်ချက်ထဲမှာ ကောင်းမွန်တဲ့၊ မင်္ဂလာရှိတဲ့ကိစ္စလို့ ယူဆပါတယ်။

**ဦးရဲနိုင်အောင်(ကိုဝ)**

နိုင်ငံရေးဘောဂဗေဒစာပေများ၏ နိုင်ငံရေးအကျိုးသက်ရောက်မှုဆိုတဲ့ စာတမ်းဖတ်မှာပါ။ အဓိကက နိုင်ငံရေးဘောဂဗေဒဆိုတာ တိုင်းပြည်ရဲ့စီးပွားရေးဆိုင်ရာကိစ္စရပ်တွေကို နိုင်ငံရေး ရှုထောင့်ကနေ လေ့လာတာပါ။ တိုင်းပြည်မှာတော့ နိုင်ငံရေး ဘောဂဗေဒလို့ပြောလိုက်ရင် လူတွေက ကိုယ်နဲ့မဆိုင်တဲ့ကိစ္စလို့ ယူဆတယ်။ တကယ်တမ်းကျတော့ နိုင်ငံရေးဘောဂဗေဒဆိုတာ ပြည်သူလူထုနဲ့ နေ့စဉ်ထိတွေ့နေတာပါ၊ ဈေးဝယ်မယ်၊ ချက်မယ်၊ ပြုတ်မယ်၊ စားဝတ်နေရေးအတွက် ရုန်းကန်မယ်။ နိုင်ငံရေးဘောဂဗေဒဆိုတာ ပြည်သူလူထုရဲ့နေ့စဉ်ဘဝလို့ ပြောနိုင်တယ်။ လူတွေက ကိုယ်နဲ့မဆိုင်တဲ့ကိစ္စလို့ ယူဆတာကို ပြောင်းစေချင်တယ်။ ဒါမှ နိုင်ငံရေးဘောဂဗေဒဆိုတာကို စိတ်ပါဝင်စားလာမယ်၊ ပိုနားလည်လာမယ်ဆိုရင် သူတို့တစ်ဦးချင်း၊ ပြည်သူလူထု တစ်ဦးချင်းအတွက်ပဲ ဖြစ်ဖြစ်၊ တိုင်းပြည်အတွက်ပဲဖြစ်ဖြစ် အကျိုးရှိမယ်လို့ ယူဆတယ်။

ကျွန်တော့် စာတမ်းရဲ့အဓိကရည်ရွယ်ချက်က နိုင်ငံရေးဘောဂဗေဒဆိုတာ လူထုနဲ့တစ်သားတည်းရှိတဲ့အတွက် လူထုအနေနဲ့ နိုင်ငံရေးဘောဂဗေဒကို လေ့လာကြဖို့အတွက် နိုင်ငံရေးဘောဂဗေဒနဲ့ပတ်သက်တဲ့ စာပေတွေကို ပိုမိုပြုစုလေ့လာဖို့ ရည်ရွယ်ပါတယ်။ နောင်တစ်ချိန် ကျွန်တော်တို့ တိုင်းပြည်ရဲ့ စီးပွားရေး ဒီ့ထက်ဖွံ့ဖြိုးတိုးတက်လာလေလေ စီးပွားရေးနဲ့ဆိုင်တဲ့ စာပေတွေ ပိုလိုအပ်လာလေဖြစ်တဲ့အတွက် ဒီကွက်လပ်ကို ဖြည့်ဆည်းဖို့ဆိုတာ အခုအချိန်ကစပြီး ပြင်ဆင်ဖို့လိုတယ်။ အဓိကမျိုးဆက်သစ်လူငယ်တွေက ပိုပြီးအခွင့်အရေးရှိတယ်လို့ ထင်တယ်။ ခေတ်အပြောင်းအလဲတစ်ခုကိုမီမယ်၊ အင်တာနက်ကိုအသုံးပြုပြီး အလွယ်တကူ လုပ်လို့ရမယ်။ ဒီမျိုးဆက်သစ်တွေက နိုင်ငံရေးစာပေတွေ၊ ဒီနိုင်ငံရေးဘောဂဗေဒစာပေတွေကို ပြုစုလာမယ်ဆိုရင် တိုင်းပြည်အတွက်ရော၊ ပြည်သူလူထုတစ်ဦးချင်းအတွက်ပါ အကျိုးရှိမယ်လို့ ယုံကြည်တဲ့အတွက် ဒီစာတမ်းကို ပြုစုတာပါ။

လူငယ်မျိုးဆက်သစ်တွေက ကိုယ့်တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေချင်တယ်။ ဒီလိုစိတ်ဆန္ဒရှိမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုဖြစ်အောင်လုပ်ဖို့ လူငယ်တွေ နိုင်ငံရဲ့အတိတ်သမိုင်းတွေကိုသိဖို့လိုတယ်၊ ကိုယ့်ရဲ့အတိတ်သမိုင်းကိုသိမှ ကိုယ့်ရဲ့ပစ္စုပ္ပန်အခြေအနေကို နားလည်မယ်၊ ပစ္စုပ္ပန်အခြေအနေနဲ့ အတိတ်သမိုင်းကိုသိမှ ကိုယ့်ရဲ့အနာဂတ်ကို ဖန်တီးနိုင်ပါမယ်၊ လူငယ်မျိုးဆက်သစ်တွေကို အဓိကပြောချင်တာက နိုင်ငံရေးစာပေတွေနဲ့ သမိုင်းကို လေ့လာကြပါ။ ခေတ်နဲ့အပြိုင် ကမ္ဘာမှာ ဖြစ်ပေါ်နေတဲ့ အဖြစ်အပျက်၊ အယူအဆတွေကို လေ့လာပါ။ ဒါမှ ကမ္ဘာနဲ့တန်းတူယှဉ်နိုင်မှာပါ၊ လူငယ်တွေ ခေတ်အလိုက် အတွေးအခေါ်တွေ ဖြည့်ဆည်းစေချင်တယ်လို့ တိုက်တွန်းစကားပြောချင်ပါတယ်။

## သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘောဇသာသနာ့ဗိမာန်တွင် ဇူလိုင် ၂၄ ရက်က ရှမ်းပြည်နယ် တောင်ကြီးအသင်းမှ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်းလုံးကျွတ် အစည်းအဝေးပွဲကိုကျင်းပရာ ရှမ်းပြည်နယ်အတွင်းရှိ ထူးချွန်သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အမျိုးသမီးထူးချွန်စီးပွားရေးလုပ်ငန်းရှင်ဆုကို ပြည်နယ်တောင်ကြီးအသင်းဥက္ကဋ္ဌ ဒေါ်စဝ်သီတာထွေးက ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM) ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ဂုဏ်ပြုဆုကို ဒေါ်နန်းလိုင်းခမ်းကိုယ်စား BFM မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါအခမ်းအနားသို့ အသက်(၇၅)နှစ် အထက် ကန်တော့ခံသက်ကြီးဘိုးဘွားများ၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်သားသမီးများ တက်ရောက်ခဲ့ကြသည်။

**သဲနိုင်ဦး(မြန်မာစာ)**

## မော်တော်ယာဉ်များပေါ်တွင် ကွမ်းတံတွေးမထွေးရစတေကာများကပ်

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး အမှတ်(၅၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(အလုံမြို့နယ်) တပ်ဖွဲ့စုမှူး ယာယီရဲမှူးလှဘုန်းကျော်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၅ ရက်က ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးနှင့် ကွမ်းစားသုံးမှု လျော့နည်းပပျောက်ရေးအတွက် အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမပေါ်တွင် ဖြတ်သန်းသွားလာသည့် ခရီးသည်တင်ယာဉ်များပေါ်တွင် စည်းကမ်းမဲ့ကွမ်းတံတွေးမထွေးရ စတေကာများအား လိုက်လံကပ်လျက်ရှိကြောင်း သိရသည်။ **တင်မောင်ဦး (အလုံ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဒဂုံတက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက် လေ့လာသော ဒဂုံတက္ကသိုလ် ဥပဒေပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာသင်းသင်းမော် ဦးဆောင်သည့် ဆရာ ဆရာမ ၁၀ ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၃၆ ဦးတို့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။ **(ယာပုံ)**

အစီအစဉ်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းမှု၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များအား ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအနေ ဖြင့် စာတွေ့သီအိုရီပိုင်းသာမက လက်တွေ့ပိုင်းကိုပါ လေ့လာထိတွေ့မှု ရှိရန်လိုကြောင်း၊ လုပ်ငန်းခွင်ပိုင်း ထိတွေ့မှုရှိမှသာ လုပ်ငန်းခွင် ရောက်ရှိသည့်အခါ ဦးဆောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဓိကမှာ ကြိုးစားရန် ရိုးသားရန်နှင့် စေတနာထား ဆောင်ရွက်ရန်လိုကြောင်း၊ ယနေ့လူငယ် နောင်ဝယ်လူကြီးဟူသည့် ဆောင်ပုဒ်အတိုင်း ယနေ့လာရောက်သည့် လူငယ်များအနေဖြင့် နောင်တစ်ချိန် လူကြီးဖြစ်လာသည့်အခါ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သီအိုရီပိုင်းသာမက လက်တွေ့နယ်ပယ်မှာပါ အလေးအနက်ထား လေ့လာရန် လိုအပ်ကြောင်း၊ ဘွဲ့ရသွားသည့်အခါတွင်လည်း လုပ်ငန်းခွင်များသို့ သွားရောက်လေ့လာကြရန်နှင့် နောင်တစ်ချိန်တွင် တိုင်းပြည်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရန် ပြောကြားသည်။

ယင်းနောက် ဒေါက်တာသင်းသင်းမော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်းမှု၊ ရွေးကောက်ပွဲအငြင်းပွားမှုများ စစ်ဆေးကြားနာမှုတို့အား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဦးစိုးရယ်၊ ဦးထွန်းခင်နှင့် ဦးလှတင့်တို့က ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဆရာနှင့် ကျောင်းသားများက ကော်မရှင်အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲတွင် လူငယ်များ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်ပေးနိုင်မှု မေးခွန်းများနှင့် စပ်လျဉ်း၍ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းကလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေ (Right to Recall Law) နှင့်စပ်လျဉ်း၍ မေးမြန်းချက်ကို ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်ကလည်းကောင်း ပြန်လည်ရှင်းလင်း ဖြေကြားပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများသည် ရွေးကောက်ပွဲခုံရုံး တရားခွင်များ၌ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများအား စစ်ဆေးကြားနာ အမိန့်ချမှတ်နေမှုများကို အဖွဲ့ လေးဖွဲ့ခွဲ၍ လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မိမိတို့၏ အရည်အချင်း၊ အရည်အသွေးကို ထုတ်ဖော်ပြသရန် အခွင့်အလမ်းသာသည့် အချိန်အခါဖြစ်

**နေပြည်တော် ဇူလိုင် ၂၆**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသည့် ပြည်တွင်း/ပြည်ပ ပါရဂူဘွဲ့ရ ၁၄ ဦး၊ ပြည်ပ မဟာဘွဲ့ရ ၈၁ ဦး စုစုပေါင်း ၉၅ ဦးတို့နှင့် တွေ့ဆုံသည့် အခမ်းအနားကို ဇူလိုင် ၂၅ ရက် ညနေ ၅ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် ၁ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ဝန်ကြီးဌာနမှ မဟာဘွဲ့၊ ပါရဂူဘွဲ့ရ ဝန်ထမ်းများအနေဖြင့် မိမိတို့ သင်ယူခဲ့သည့် ပညာ၊ အတွေ့ကြုံဗဟုသုတများဖြင့် နိုင်ငံတော်အကျိုးဖြစ်ထွန်းအောင် စိတ်ရောကိုယ်ပါ ဆောင်ရွက်ကြရမည့် အချိန်ဖြစ်ကြောင်း၊ မိမိတို့တတ်သိထားသည့် ပညာဖြင့် တိုင်းပြည်အတွက် ပေးဆပ်ကြရန် တောင်းဆိုလိုကြောင်း၊ ဌာနအကျိုးပြု၊ နိုင်ငံအကျိုးပြု စာတမ်းများကို တစ်ဦးချင်း၊ အဖွဲ့လိုက်၊ ဌာနအဖွဲ့အစည်းအလိုက်၊ ဘာသာရပ်အလိုက် ပြုစုရေးသားတင်ပြကြရန် တိုက်တွန်းလိုကြောင်း၊ သုတေသနလုပ်ငန်းများ လုပ်ဆောင်ကြရန်လည်း လိုကြောင်း၊ စာတမ်းဖတ်ပွဲများကို နှစ်လ(သို့)သုံးလ တစ်ကြိမ် ကျင်းပသွားမည်ဖြစ်ပြီး တင်ပြလာသည့် စာတမ်းများအနက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာအကျိုးပြုနိုင်မည့်စာတမ်းများကို နိုင်ငံတော်အဆင့်သို့တင်ပြ၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး အရည်အချင်းရှိ၍ ကြိုးစားဆောင်ရွက်နေသည့် ဝန်ထမ်းများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် Presentation Skill ကောင်းမွန်အောင်လည်း လေ့ကျင့်ထားရန်လိုကြောင်း၊ မိမိတို့၏ အရည်အချင်း၊ အရည်အသွေးကို ထုတ်ဖော်ပြသရန် အခွင့်အလမ်းသာသည့် အချိန်အခါ ဖြစ်၍ ကိုယ်ပိုင်အရည်အသွေး၊ အရည်အချင်းများကို ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြသကြရန် မှာကြားသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၌ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများအား ရင်ဆိုင်ကျော်လွှားနိုင်ရန် မိမိတို့ တတ်သိထားသည့် ပညာရပ်များကိုအသုံးပြု၍ စာတမ်းများ၊ ဆောင်းပါးများ ရေးသားတင်ပြနိုင်ရေး၊ အပတ်စဉ်ထုတ် ဂျာနယ်၊ လစဉ်ထုတ် မဂ္ဂဇင်းများ ပုံမှန်ထုတ်ဝေ၍ အသိပညာဖြန့်ဝေနိုင်ရေးတို့ကို ဝန်ထမ်းများက ပါဝင်ဆွေးနွေးခဲ့ကြပြီး ဝန်ထမ်းများက သိလိုသည်များကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

ညနေ ၃ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ (၁/၂၀၁၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးအား ကျင်းပရာ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အသေးစားငွေရေးကြေးရေးလုပ်ငန်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အရေးပါသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဖြစ်ကြောင်း၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စည်းမျဉ်း၊ စည်းကမ်းများ ချမှတ်ရာတွင် အမြင်ကျယ်ကျယ် ဦးနှောက်သုံးပြီး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ပြည်သူအများစုသည် ကျေးလက်ဒေသတွင်သာ နေထိုင်ကြသဖြင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ကျေးလက်ဒေသသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရန်လိုကြောင်း၊ အသေးစားငွေရေး ကြေးရေးလုပ်ငန်း အပါအဝင် ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လက်ရှိကျင့်သုံးနေသော ဥပဒေ၊ စည်းမျဉ်းမူဘောင်များသည် ငွေကြေးကဏ္ဍတည်ငြိမ်မှုကို မထိခိုက်စေဘဲ ပြည်သူများကို ထိရောက်စွာအကာအကွယ်ပေးပြီး ဈေးကွက်ဖြစ်ထွန်းတိုးတက်မှုကို အားပေးသည့် အချိုးညီသည့် စည်းမျဉ်းProportionate Regulations များဖြစ်ရန် အရေးကြီးသည့်အတွက် ပြည်သူများအား ငွေကြေးဝန်ဆောင်မှုဆိုင်ရာ အသိပညာဖြန့်ဝေခြင်း ( Financial Literacy) လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စည်းမျဉ်းဥပဒေများအား ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးဆောင်ရွက်မှုများနှင့် ညီညွတ်စေရန်နှင့် မြန်မာနိုင်ငံ၏အခြေအနေနှင့် လျော်ညီစွာ ပြုပြင်သင့်သည်များကို အချိန်အခါအလိုက် ပြုပြင်ကျင့်သုံးနိုင်ရေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း စသည်ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဗန်းမော်ခရိုင်အတွင်း မြေငှားဂရန်များ ရာနှုန်းပြည့်ထုတ်ပေးပြီး

**မြစ်ကြီးနား ဇူလိုင် ၂၆**

ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ လုပ်ငန်းစီမံချက်အရ ဗန်းမော်ခရိုင်အတွင်း ထုတ်ပေးရန် သတ်မှတ်လျာထားသည့် မြေငှားဂရန် ၄၁၉ ခုအား သတ်မှတ် ချိန်ကာလအတွင်း ရာနှုန်းပြည့်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းလုပ်ငန်းကို ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင် ဦးဆောင်၍ ဗန်းမော်ခရိုင်အတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဇူလိုင် ၉ ရက်တွင် ကံကြီး-ကမ္ဘာနီ ကျေးရွာအုပ်စုတွင် မြေငှားဂရန် ၁၄၂ ခု၊ မိုးမောက်မြို့နယ် မံပုံကျေးရွာအုပ်စု ကြံခင်းကျေးရွာတွင် မြေငှားဂရန် ၁၁၅ ခု၊ မံစီမြို့နယ် ချောင်းထောက်ကျေးရွာ အုပ်စု မံဖွကျေးရွာတွင် မြေငှားဂရန် ၉၉ ခု၊ ရွှေကူမြို့နယ် ငှက်တံတားကျေးရွာတွင် မြေငှားဂရန် ၆၃ ခုတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၇-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ ပါ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း၏ အမှတ်စဉ် ၃၆တွင် စာရေးသူ - ဒွါရာဝတီ အသျှင်ကုသလ၊ စာအုပ်-သံတွဲသမိုင်း ( သို့မဟုတ်) ရခိုင်တို့၏ ဒွါရာဝတီကျမ်း၊ ထုတ်ဝေသည့်တိုက်-အောင်မြေသာစည် ဟု ပြင်ဆင်ဖတ်ရှုပါရန်

**(မြန်မာ့အလင်း)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ယာဉ်ထိန်းရဲ(နေပြည်တော်) အမှတ်(၁) ဒုတပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့စု (၅)ဇေယျာသီရိမြို့နယ်မှ ဒုရဲအုပ် စည်သူဟန်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ထွေ/အုပ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနိုင်ငြိမ်းအောင်နှင့်အဖွဲ့ဝင်များ ပူးပေါင်း၍ ဇူလိုင် ၂၅ ရက်က ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်း၏ လျှပ်စစ်လမ်းခွဲအနီး၌ မော်တော်ယာဉ်များအား အထူးစစ်ဆေးဆောင်ရွက်စဉ်။ (သတ်မှတ်စည်းကမ်းနှင့် မကိုက်ညီသော မော်တော်ယာဉ်ငါးစီးအား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။)** မင်းမင်းလတ်(ရုပ်ဗေဒ)





# ဂျပန်နိုင်ငံ မသန်စွမ်းဂေဟာ၌ ဓားဖြင့်ခုတ်ခံရ၍ ၁၉ ဦးသေဆုံး

**တိုကျို ဇူလိုင် ၂၆**

ဂျပန်နိုင်ငံ တိုကျိုမြို့အနီး မြို့ငယ်တစ်မြို့၌ ဇူလိုင် ၂၆ ရက် နံနက်အစောပိုင်းတွင် အမျိုးသားတစ်ဦးက မသန်စွမ်းဂေဟာတစ်ခုအတွင်း ဓားဖြင့်လိုက်လံခုတ်ခဲ့သဖြင့် အိပ်ပျော်နေသောလူနာ ၁၉ ဦး သေဆုံးသွားခဲ့ကြောင်း၊ ယင်းမှာ ဂျပန်နိုင်ငံတွင် ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံး အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကြီးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ တိုက်ခိုက်မှုသည် တိုကျိုမြို့အရှေ့မြောက်ဘက် ၂၅ မိုင်ခန့်အကွာ ဆာကာမီဟာရာမြို့ ဆုကီယာမာယူရီ-အန်း အဆောက်အအုံ၌ဖြစ်ပွားခဲ့ပြီး အနည်းဆုံး ၂၅ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

“ဒီဖြစ်စဉ်က အတော်လေး တုန်လှုပ်ချောက်ချားစရာပါ၊ ဘာမှ အပြစ်မရှိတဲ့သူတွေ သေဆုံးရတာပါ”ဟု ဝန်ကြီးအဖွဲ့အကြီးအကဲ ယိုရှီဟိုက်ဆူဂါက တိုကျိုမြို့ သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အဆိုပါ တိုက်ခိုက်သူသည် ယင်းမသန်စွမ်းဂေဟာ၏ အသက် ၂၆ နှစ်အရွယ်ရှိ ဆာတိုရှီယူမက်ဆုဖြစ်ပြီး ၎င်းသည် ရဲအဖွဲ့ထံ လာရောက်အဖမ်းခံခဲ့ကြောင်း ရဲအဖွဲ့ကပြောသည်။

၎င်းသည် ဓားဖြင့် ညအချိန်ခုတ်ခဲ့ခြင်းဖြစ်ရာ အဆောက်အအုံအတွင်း မသန်စွမ်း ၂၆၀ ဦးကို သတ်ပစ်နိုင်သည့် အင်အားရှိကြောင်း ရဲအဖွဲ့က ပြောသည်။

ဓားတစ်ချောင်းနှင့် လူတစ်ဦးကိုတွေ့ရကြောင်း ည ၂ နာရီခွဲတွင် အဆောက်အအုံမှ တာဝန်ရှိဝန်ထမ်းက ရဲအဖွဲ့သို့ ဖုန်းဆက်အကြောင်းကြားခဲ့သည်ဟု တာဝန်ရှိသူများက ပြောသည်။ ၎င်းသည် အနက်ရောင်တီရှပ်နှင့် ဘောင်းဘီကို ဝတ်ဆင်ထားကြောင်း တာဝန်ရှိသူများက ပြောသည်။

**(ရိုက်တာ)**

# ကလင်တန်အားအိမ်ဖြူတော်သို့ ဝင်ရောက်နိုင်ရေး ဒီမိုကရက်များ ထောက်ခံမှုများပြုလုပ်ရန် ဘာနီဆန်းဒါးစ် တိုက်တွန်း

**ဝါရှင်တန် ဇူလိုင် ၂၆**

ဟီလာရီကလင်တန်အား အိမ်ဖြူတော်သို့ ဝင်ရောက်နိုင်ရေး ဒီမိုကရက်များအနေဖြင့် ထောက်ခံမှုများပြုလုပ်ကြရန် ဘာနီဆန်းဒါးစ်က ပါတီညီလာခံမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ဘားမောင့်အထက်လွှတ်တော်အမတ် (ဆီနိတ်တာ)က ဖီလာဒယ်ဖီးယား၌ သုံးမိနစ်ခန့် မိန့်ခွန်းပြောကြားစဉ် ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဟီလာရီကလင်တန်သည် အမေရိကန်ပြည်ထောင်စု၏ နောက်ဖြစ်လာမည့် သမ္မတဖြစ်ရမည်ဖြစ်ကြောင်း ဖီလာဒယ်ဖီးယားတွင် ၎င်းကပြောကြားခဲ့သည်။

လက်ရှိသမ္မတကတော် မီရှယ်အိုဘားမားအနေဖြင့်လည်း အမေရိကန်ကို ကြီးကျယ်ခမ်းနားသောနိုင်ငံအဖြစ် ပြုလုပ်ရမည်ဖြစ်ကြောင်း မှတ်ချက်ပြုပြောဆိုခဲ့သည်။

**(ဘီဘီစီ)**

# နန်ဂါဟာအိုင်အက်စ်ခေါင်းဆောင်အား အာဖဂန်လုံခြုံရေးတပ်ဖွဲ့များ သုတ်သင်သတ်ဖြတ်နိုင်ခဲ့

**နန်ဂါဟာ ဇူလိုင် ၂၆**

အာဖဂန်လုံခြုံရေးတပ်ဖွဲ့များသည် အဓိကအရေးပါသော နန်ဂါဟာအိုင်အက်စ်ခေါင်းဆောင်အား သုတ်သင်သတ်ဖြတ်နိုင်ခဲ့ကြောင်း အစိုးရသတင်းရင်းမြစ်များတွင် ဖော်ပြသည်။

ဆက်ဒ်အမ်မာရတီသည် အာဖဂန်အထူးတပ်ဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်မှုအတွင်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမ်မာရတီသည် အိုင်အက်စ်အကြမ်းဖက်အဖွဲ့တွင် ဒုတိယစစ်ဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ကိုစ့်ပြည်နယ်တွင် အစိုးရတပ်များကို ဆန့်ကျင်တိုက်ခိုက်မှုများပြုလုပ်ရန် ဦးဆောင်သူလည်းဖြစ်သည်။

နန်ဂါဟာပြည်နယ်တွင် အိုင်အက်စ်စစ်သွေးကြွများနှင့် အစိုးရတပ်များကြား တိုက်ခိုက်မှုများ မကြာခဏဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**




# စစ်သွေးကြွကိုးဦးအား ဘင်္ဂလားဒေ့ရှ်ရဲအဖွဲ့သုတ်သင်

**ဒါကာ ဇူလိုင် ၂၆**

လူပေါင်း ၂၂ ဦးသေဆုံးခဲ့သော ဇူလိုင် ၁ ရက် ကဖေးဆိုင်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သူဟုယူဆရသည့် စစ်သွေးကြွကိုးဦးအား ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ဇူလိုင် ၂၆ ရက်က သုတ်သင်နိုင်ခဲ့ကြောင်း ရဲအဖွဲ့က ပြောသည်။

အဆိုပါ စစ်သွေးကြွများသည် မြို့တော်ဒါကာအနောက်ဘက်ရှိ အဆောက်အအုံတစ်ခုကို ခြေကုပ်ယူကာ ရဲအဖွဲ့ကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ စစ်သွေးကြွများသည် အိုင်အက်စ်စစ်သွေးကြွများ၏ သစ္စာခံများဖြစ်နိုင်ပြီး ဂျမတ်အူမူဂျာဟစ်ဒင်ဘင်္ဂလားဒေ့ရှ်(ဂျေအမ်ဘီ)မှ အဖွဲ့ဝင်များဖြစ်ဖွယ်ရှိကြောင်း ရဲအဖွဲ့က ပြောသည်။

“တိုက်ခိုက်ရေးသမားတွေဟာ အနက်ရောင်အဝတ်အစားတွေကို ဝတ်ဆင်ထားတာပါ။ အလားတူ တိုက်ခိုက်မှုတွေပြုလုပ်လာနိုင်တဲ့အနေအထားရှိပါတယ်”ဟု ရဲအရာရှိချုပ် ရှာဟီဒူလ်ဟော့က သတင်းထောက်များအား ပြောသည်။

ဒဏ်ရာရရှိသူ စစ်သွေးကြွတစ်ဦးကိုလည်း ဖမ်းဆီးထားသည်။ “သူတို့က မြို့တော်ဒါကာကို အဓိကတိုက်ခိုက်ဖို့ကြိုးစားနေသူတွေပါ” ဟု ရဲအရာရှိချုပ်က ပြောသည်။ အိုင်အက်စ်တို့က ကဖေးဆိုင်တိုက်ခိုက်မှုကို ၎င်းတို့လက်ချက်ဟု ဝန်ခံပြောဆိုခဲ့သည်။

**(ရိုက်တာ)**

# ဆိုလာအင်ပါ့ခ်-၂ ဆိုလာစွမ်းအင်သုံးလေယာဉ် နောက်ဆုံးခရီးပန်းတိုင်သို့ရောက်ရှိပြီး သမိုင်းမှတ်တိုင်သစ်စိုက်ထူ

**အဘူဒါဘီ ဇူလိုင် ၂၆**

ဆိုလာအင်ပါ့ခ်-၂ ဟု အမည်ပေးထားသော နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် သည် ဇူလိုင် ၂၆ ရက် အစောပိုင်းက အဘူဒါဘီမြို့တွင် ဆင်းသက်ပြီးနောက် ယင်း၏ပထမဆုံး ကမ္ဘာပတ်ခရီးစဉ်ပြီးဆုံးကာ သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ဆိုလာအင်ပါ့ခ်-၂၏ အောင်မြင်မှုသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၏ အသုံးဝင်ပုံကို ပြသလိုက်ခြင်းပင်ဖြစ်သည်။

ဆိုလာအင်ပါ့ခ်-၂ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်၏ တောင်ပံများသည် ဘိုးရင်း ၇၄၇ အမျိုးအစားလေယာဉ်ထက်ကြီးပြီး ယင်း၏တောင်ပံများတွင် ဆိုလာဆဲလ်ပေါင်း ၁၇၀၀၀ကျော်တပ်ဆင်ထားသည်။ ယင်းနေရောင်ခြည်စွမ်းအင်သုံးလေယာဉ်သည် ၂၀၁၅ခုနှစ် မတ်လက အဘူဒါဘီမှ ကမ္ဘာပတ်ခရီးစဉ်စတင်ခဲ့ပြီး ပစိဖိတ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာများကို ဖြတ်ကျော်ကာ ကောင်းကင်ယံထဲတွင် ၂၃ ရက်ကျော်ကြာအောင် မောင်းနှင်နိုင်ခဲ့သည်။

အဘူဒါဘီသို့ ပြန်လည်မဆင်းသက်မီခဏတာအချိန်လေးအတွင်း လေယာဉ်ခန်းမှနေ၍ လေယာဉ်မှူး ဘာထရန့်ပစ်ကာ့ဒ်က ခရီးဆုံးနီးကပ်လာလေလေ ရင်ခုန်စိတ်လှုပ်ရှားမှုများ ဖြစ်လေလေဖြစ်ကြောင်း၊ ယခုရည်မှန်းချက် ပြီးမြောက်ရန်အတွက် ၁၅ နှစ်ကြာ ကြိုးစားခဲ့ရကြောင်း ပြောကြားခဲ့သည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၏ အသုံးဝင်ပုံကို သမိုင်းမှတ်တိုင်စိုက်ထူနိုင်ရုံသာမက လေကြောင်းခရီးစဉ်၏သမိုင်းမှတ်တိုင်ကိုလည်း စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း လေယာဉ်မှူးပစ်ကာ့ဒ်ကပြောခဲ့သည်။

**(ဆင်ဟွာ)**



# စစ်ဗျူဟာအဖွဲ့(အခြေချ)ခန္တီးတပ်နယ်နှင့် အလှူရှင်များက ရေဘေးသင့်မိသားစုများထံ စားသောက်ဖွယ်ရာနှင့် ဆန်များထောက်ပံ့လှူဒါန်း

**ခန္တီး ဇူလိုင် ၂၆**

ခန္တီးမြို့တွင် ချင်းတွင်းမြစ်ရေလျှံတက်မှုကြောင့် မြို့ပေါ်ရပ်ကွက်များရှိ အနိမ့်ပိုင်းရပ်ကွက်များမှ ရေနစ်မြုပ်သည့် မိသားစုများသည် ရပ်ကွက်များအလိုက် ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက စစ်ဗျူဟာအဖွဲ့(အခြေချ) ခန္တီးစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းစိုးနှင့် တပ်နယ်၊ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိများနှင့် တပ်မတော်သားများသည် ရေဘေးယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသည့် ပေါ်မိုင်းဘုန်းတော်ကြီးကျောင်း၊ ပေါ်မိုင်း(အလကခွဲ)၊သာစည်(အမက)၊အောင်သာ(အမက)များရှိ မိသားစုများထံသို့ သွားရောက်၍ နံနက်စာထမင်းထုပ်များ လှူဒါန်းဝေငှခဲ့ကြပြီး ကယ်ဆယ်ရေးစခန်းများမှ မိသားစုဝင်များအား နှုတ်ဆက်အားပေးခဲ့သည်။

အလားတူ အခြားအလှူရှင်များဖြစ်ကြသည့် ခန္တီးမြို့ ထွန်းသပြေ(စတိုး)ပိုင်ရှင် ဦးထွန်းထွန်းဦး-ဒေါ်နန်းအေးမိုး မိသားစုကလည်း တစ်ဦးလျှင် ဆန်တစ်ပြည်နှုန်းစီဖြင့်လည်းကောင်း၊ မန္တလေးမြို့ဇဗ္ဗူသီရိကျောက်မျက်ကုမ္ပဏီဦးဆောင်သော လုပ်ငန်းရှင်ခြောက်ဖွဲ့တို့ကလည်း ဆန်အိတ် ၂၀၀ နှင့် အဝတ်အထည်များကိုလည်းကောင်း ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ချင်းတွင်းမြစ်ရေဝင်ရောက်၍ ရေနစ်မြုပ်သည့် မိသားစုများ ယာယီနေထိုင်နိုင်ရန် မြို့မရပ်ကွက်တွင် နှစ်နေရာ၊ ပေါ်မိုင်းရပ်ကွက်တွင် လေးနေရာ၊ ဇီးဖြူကုန်းရပ်ကွက်တွင် နှစ်နေရာ၊ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပေးထားပြီး အိမ်ထောင်စုပေါင်း ၃၃၃ စု ပြောင်းရွှေ့နေထိုင်လျက်ရှိကာ ကယ်ဆယ်ရေးစခန်းများအလိုက် ကျန်းမာရေးဆေးပေးခန်းများကိုလည်း ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ **(ခရိုင် ပြန် / ဆက်)**




# ဧရာဝတီမြစ်ရေမြင့်တက်လာမှုနှင့်အတူ ကမ်းပါးပြိုမှုကြောင့် ညောင်ဦးမြို့နယ် အရှေ့ဆယ်လံကျေးရွာနေပြည်သူများ ရေလွတ်ရာသို့ပြောင်းရွှေ့

**ညောင်ဦး ဇူလိုင် ၂၆**

ညောင်ဦးမြို့၏ ဧရာဝတီမြစ်ရေအခြေအနေသည် ဇူလိုင် ၂၅ ရက်မှစတင်၍ စိုးရိမ်ရေမှတ်ထက် မြင့်တက်လာလျက်ရှိသည်။ ညောင်ဦးမြို့၏ စိုးရိမ်ရေအမှတ်မှာ ၂၁၂၀ စင်တီမီတာဖြစ်သည်။ ဇူလိုင် ၂၆ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ ၂၁၃၃ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်ရာ စိုးရိမ်ရေမှတ်ထက် ၁၃ စင်တီမီတာ ကျော်လွန်နေပြီဖြစ်ကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသို့ မြစ်ရေမြင့်တက်မှုကြောင့် မြစ်လယ်ကျွန်းရွာ တစ်ရွာဖြစ်သည့် အရှေ့ဆယ်လံကျေးရွာရှိ ကမ်းပါးမြေများသည် ရေတိုက်စားမှုကြောင့် ပြိုကျလျက်ရှိရာ ကျေးရွာရှိ လူနေအိမ်အချို့မှာ ဆက်လက်နေထိုင်ရန် အခက်အခဲရှိလာသဖြင့် ဖြိုချဖျက်သိမ်းကာ တစ်ဖက်ကမ်းရှိ ညောင်ဦးမြို့နယ် တောင်ဘီလယ်ယားကျေးရွာရှိ နတ်ထောင့်၊ ကမ္ဘ၊ မြို့ထောင့်၊ ရတနာမာန်အောင်၊ ရွှေကျောင်း၊ မြသီတာ စသည့် ဘုန်းကြီးကျောင်းခြောက်ကျောင်း၌ ယာယီတဲများထိုးကာ နေထိုင်နေရကြောင်း သိရသည်။

"မြစ်ရေ မတက်ခင်ကတည်းက ကမ်းပါးတွေက တဖြည်းဖြည်းပြိုကျနေတာ၊ အခုရေတက်လာပြီဆိုတော့ အခြေအနေပိုဆိုးပြီ အခုဆိုရင် ရွာက ကမ်းပါးမြေက အိမ်ခြေ ၅၀ လောက်ပဲ ကျန်တော့တယ်။ ရေပြန်ကျရင် ဒီထက်လျော့သွားဖို့ပဲရှိတယ်"ဟု အရှေ့ဆယ်လံကျေးရွာနေ ပြည်သူတစ်ဦးက ၎င်းတို့၏အခက်အခဲကို ပြောသည်။



အရှေ့ဆယ်လံ ကျေးရွာသည် အိမ်ထောင်စု ၃၂၀၊ အိမ်ခြေ ၂၅၅ အိမ်၊ လူဦးရေ ၁၃၀၀ ကျော်နေထိုင်သည့် ရေလယ်ကျွန်းရွာဖြစ်သည်။ ကျေးရွာနေ ပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ကျွန်းမြေကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ရာ ယခုအခါရေတိုက်စားမှုကြောင့် ကျွန်းကမ်းပါးမြေမှာ တဖြည်းဖြည်းလျော့နည်းလာသောကြောင့် လူနေအိမ်များနေထိုင်ရန်ပင် အခက်အခဲဖြစ်လာကြောင်း သိရသည်။

ထို့ပြင် ဆယ်လံကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းကိုလည်း ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် သက်ဆိုင်ရာပညာရေးဌာနသို့ ပြောင်းရွှေ့ခွင့်တင်ကာ ဇူလိုင် ၁၁ ရက်မှစတင်၍ ပြောင်းရွှေ့ခဲ့ရကြောင်း၊ ယင်းကျောင်းတွင် KG အဆင့်မှ ဆဋ္ဌမတန်းအထိ ကျောင်းသားကျောင်းသူ ၁၃၈ ဦးတို့ ပညာသင်ကြားလျက်ရှိရာ(ဓါတ်ပုံ)အဆိုပါ ကျောင်းသားကျောင်းသူများ ပညာသင်ကြားမှု မပျက်ကွက်စေရေးအတွက် ပညာရေးဌာန၏ကြီးကြပ်မှုဖြင့် ကျောင်းအုပ်ဆရာမကြီး အပါအဝင် ဆရာ ဆရာမ ငါးဦးတို့က ညောင်ဦးမြို့နယ် တောင်ဘီလယ်ယားကျေးရွာ နတ်ထောင့်ဘုန်းကြီးကျောင်း၌ ယာယီမူလွန်ကျောင်းဖွင့်ကာ ဇူလိုင် ၂၅ ရက်မှ စတင်၍ ပြန်လည်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

# ဝါးအခြေခံလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ပင်းတယ ဇူလိုင် ၂၆**

ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံလူတန်းစားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ နည်းပညာများရရှိကာ ကိုယ်ပိုင်လုပ်ငန်းငယ်လေးများ ထူထောင်လာနိုင်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု နည်းပညာသင်တန်းအဖြစ် ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှုနည်းပညာသင်တန်းကို ဇူလိုင် ၂၅ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့နယ်၌ ဖွင့်လှစ်ခဲ့သည်။




ဖွင့်ပွဲတွင် ခနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သက်နိုင် (တောင်ကြီး)**

# ရွှေလီမြစ်ရေတက်မှုကြောင့် နမ့်ခမ်းမြို့နယ်အတွင်း စိုက်ပျိုးမြေများနစ်မြုပ်

**နမ့်ခမ်း ဇူလိုင် ၂၆**

မိုးအဆက်မပြတ်ရွာသွန်းကာ ရွှေလီမြစ်အတွင်း မြစ်ရေမြင့်တက်လာမှုကြောင့် ဇူလိုင် ၂၅ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ ကျေးရွာအချို့ စပါးနှင့် အခြားစိုက်ပျိုးပင်များ ရေနစ်မြုပ်သွားပြီး ရွာလေးရွာ၏အနိမ့်ပိုင်းရှိ နေအိမ်အချို့ အောက်ခြေတွင် ရေဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရွှေလီမြစ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုများဖြစ်သော နောင်ခန်၊ စယ်ဟိုင်း၊ ဟတ်ဟင်၊ မန့်နောင်၊ နောင်ခမ်း၊ ကွန်ဟိုင်း၊ မန့်ဟောင်း၊ ကွန်လုံ၊ ဟင်လုံ၊ မန့်ဆွမ်း စသည့်ကျေးရွာအုပ်စု ၁၀ အုပ်စုတွင် စိုက်ပျိုးထားသည့် စပါး ၁၉၃၇ ဧကနှင့် ကြံ၊ ပြောင်း၊ မြေပဲစိုက်ခင်းအပါအဝင် စုစုပေါင်း စိုက်ပျိုးမြေ ၂၅၄၇ ဧက ရေနစ်မြုပ်သွားရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးနှင့် ကော်မတီဝင်များ ဇူလိုင် ၂၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

"ပျက်စီးဆုံးရှုံးမှုအခြေအနေကို တွက်လို့မရသေးဘူးဗျ၊ ဘာကြောင့်လဲဆိုတော့ မြစ်ရေဖုံးလွှမ်းနစ်မြုပ်မှု ကြာမြင့်ချိန်ကို မူတည်ပြီး စပါးနဲ့ အခြားစိုက်ပျိုးပင်တွေရဲ့ခံနိုင်ရည်ရှိမှုက မတူကြဘူး။မြစ်ရေပြန်ကျသွားမှပဲ ကွင်းပြန်ဆင်းပြီး စပါးကဘယ်လောက်ပျက်စီးလဲ၊ ကျန်စိုက်ပျိုးထားတဲ့ စိုက်ပျိုးပင်တွေပျက်စီးမှု ဘယ်လောက်ရှိသလဲဆိုတာ စစ်ဆေးတွက်ချက်လို့ရမှာ ဖြစ်ပါတယ်"ဟု မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ဇူလိုင် ၂၆ ရက် နေ့လယ်ပိုင်းမှစ၍ မြစ်ရေပြန်လည်ကျဆင်းသွားပြီး ညနေပိုင်းအထိ ခြောက်လက်မခန့်ကျဆင်းသွားကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**



နိုင်ငံတကာသတင်း

# ဂျပန်ဝန်ကြီးချုပ်က ဗြိတိန်ဝန်ကြီးချုပ်သစ်ထံ ပထမဆုံးအကြိမ် ဖုန်းဆက်

မောင်တင်

**တိုကျို ဇူလိုင် ၂၆**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေအား ဇူလိုင် ၂၆ ရက်က ပထမဆုံးအနေဖြင့် ဖုန်းဖြင့်ဆက်သွယ်၍ ဥရောပသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဥရောပသမဂ္ဂမှထွက်ခွာမှုညှိနှိုင်းရာတွင် ရှင်းလင်းတိကျသော မျှော်မှန်းချက်ရှိရေး တိုက်တွန်းပြောကြားလိုက်သည်။

ထို့အပြင် ဂျပန်ဝန်ကြီးချုပ်သည် ဗြိတိန်အနေဖြင့် ဥရောပသမဂ္ဂမှထွက်ခွာရာတွင် ယင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေသော ဂျပန်ကုမ္ပဏီများအား ထိခိုက်မှုမရှိစေရေး ဆောင်ရွက်မှုများပြုလုပ်ပေးရန်လည်း တိုက်တွန်းလိုက်သည်။

ထရီဆာမေအား ဗြိတိန်ဝန်ကြီးချုပ်ဖြစ်လာသည့်အတွက်လည်း ဝမ်းသာဂုဏ်ယူပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်ရေးအတွက်လည်း ဆန္ဒပြုကြောင်းဖြင့် အာဘေးက ပြောကြားလိုက်သည်။

ဝန်ကြီးချုပ် မေအနေဖြင့်လည်း ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်လိုကြောင်း၊ ထို့အပြင် ဗြိတိန်အစိုးရအနေဖြင့်လည်း ဥရောပသမဂ္ဂနှင့် ညှိနှိုင်းမှုပြုလုပ်ရာတွင် ဂျပန်အနေဖြင့် စိုးရိမ်မှုရှိနေသည်ကိုလည်း သိရှိပါကြောင်းဖြင့် ၎င်း၏အမြင်အားပြောကြားခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် အာရှအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးလုပ်ငန်းစဉ်များတွင် အတူတကွတက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ **(အင်န်အိတ်ချ်ကေ)**



# စစ်ကိုင်းမြို့ ဧရာဝတီမြစ်ရေတက်မှုကြောင့် ပြောင်းရွှေ့အိမ်ထောင်စုများအား ကွင်းဆင်းကြည့်ရှု

**စစ်ကိုင်း ဇူလိုင် ၂၆**

စစ်ကိုင်းမြို့တွင် ဒုတိယအကြိမ် ဧရာဝတီမြစ်ရေတက်လာမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်တချို့ရှိ အိမ်ထောင်စုများ ရေလွတ်ရာဖြစ်သည့် ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြရာ ဇူလိုင် ၂၆ ရက် ညနေ ၃ နာရီခွဲက စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြသင်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ စုပေါင်း၍ မြစ်ကမ်းပါးအနီး နေထိုင်သူအိမ်ထောင်စုများ ပြောင်းရွှေ့နေထိုင်ရေး၊ ပြောင်းရွှေ့နေထိုင်လျက်ရှိသော အိမ်ထောင်စုများ အဆင်ပြေစွာနေထိုင်နိုင်ရေး ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အဖွဲ့များသည် မြေနိမ့်ပိုင်းဖြစ်သည့် တကောင်းရပ်ကွက်ရှိ စကြိုချောင်းရေထိန်းတံခါးရှေ့၌ သဲအိတ်များချထားမှုအခြေအနေနှင့် ထုံးဘိုရပ်ကွက်နှင့်မြေဝတီရပ်ကွက်ရှိ မြစ်ကမ်းဘေးနေထိုင်သူများ ကြိုတင်ပြောင်းရွှေ့နေထိုင်ရေး၊ ပြောင်းရွှေ့နေထိုင်လျက်ရှိသော အိမ်ထောင်စုများကို အားပေးခဲ့ကြပြီး အရေးပေါ်အခြေအနေများ ဖြစ်လာပါက ကြိုတင်အကြောင်းကြားပေးကြရန် ခရိုင်ရဲတပ်ဖွဲ့မှူးက ပြောကြားခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝဆောင်ရွက်နိုင်ရန် စစ်ကိုင်းမြို့ခုတင် ၂၀၀ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါ်ဇင်ဇင်ကျော်နှင့် ပေါင်းစပ် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးခဲ့သည်။

စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ် ၁၁၅၀ စင်တီမီတာဖြစ်ပြီး ယနေ့မွန်းတည့် ၁၂ နာရီတိုင်းထွာချက်အရ ၁၁၁၈ စင်တီမီတာသို့ ရောက်ရှိနေကြောင်း၊ အနိမ့်ပိုင်း ရပ်ကွက်များတွင် ကယ်ဆယ်ရေးစခန်းများ ကြိုတင်စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

# ဧရာဝတီမြစ်ရေတက်မှုကြောင့် ကသာမြို့ ကမ်းနားတစ်လျှောက်ရှိ နေအိမ်များနှင့် ခိုင်းနွားများရွှေ့ပြောင်းပေး

**ကသာ ဇူလိုင် ၂၆**



ကသာမြို့နယ်တွင် ဧရာဝတီမြစ်ရေ သတ်မှတ်ထားရှိသော စိုးရိမ်ရေမှတ်အနီး ရောက်ရှိခြင်း၊ ရေကြီးနိုင်သော ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကျေးရွာဒေသများအား ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် နေအိမ်များနှင့် ခိုင်းနွားများ ရွှေ့ပြောင်းပေး၍ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ရေလမ်း၊ ကုန်းလမ်း လိုက်လံ၍ နှိုးဆော်ပေးလျက်ရှိကြောင်း သိရသည်။

ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ ဦးစီးမှုဖြင့် တာဝန်ရှိသူများ ဇူလိုင် ၂၆ ရက်တွင် ရေဝင်သောကျေးရွာများအား လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျေးရွာဒေသများကို လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ နယ်မြေခံတပ်နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းရှိ ကျေးရွာများ၊ ကသာမြို့နယ် မြစ်ကမ်းဘေးနေထိုင်သူများအနေဖြင့် ရွှေ့ပြောင်းသင့်သည်များကို ကြိုတင်ရွှေ့ပြောင်းထားရှိနိုင်ရန်နှင့် မြစ်အတွင်းသွားလာလျက်ရှိသော ရေယာဉ်များ ဂရုပြုမောင်းနှင်ကြရန် ကြိုတင်အသိပေးနှိုးဆော်ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ နေရာခွဲ၍ ဆော်သြခြင်းတို့ကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၆ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး၏ စီမံချက်ဖြင့် ကသာမြို့နယ်အထက် သဖန့်ထောင့် ကျေးရွာအုပ်စုရှိ ငွေးကြီးကျွန်းရှိ နေအိမ် သုံးလုံး၊ တဲနှစ်လုံး၊ ခိုင်းနွား ၄၈ ကောင်တို့ကို အောင်ဆုမွန် ရေယာဉ်ဖြင့်လည်းကောင်း၊ ဦးသူရကျော် ဇက်ကူးတို့ရေယာဉ်ဖြင့် ပုလ္လေ့ရွှေကျေးရွာအနီးရှိ ခိုင်းနွား အကောင်ရေ ၁၀၀ ကျော်ကိုလည်းကောင်း ရေလွတ်ရာကုန်းမြင့်များသို့ ရွှေ့ပြောင်းပေးခြင်း၊ စာသင်ကျောင်းများ ရေဘေးကြုံတွေ့ရမှုကြောင့် ပြောင်းရွှေ့နိုင်ရန်၊ နေ့ညဆက်သွယ်ရမည့်ဖုန်းများ ချိတ်ဆက်နိုင်ရန် စီစဉ်ပေးခြင်း၊ မြို့နယ်နှင့်ကျေးရွာများ ချိတ်ဆက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ကသာမြို့နယ်၌ စိုးရိမ်ရေမှတ် ၁၀၄၀ စင်တီမီတာ ကျော်လွန်ကာ မြစ်ရေတိုးနိုင်သဖြင့် ရေဘေးအန္တရာယ် ကင်းရှင်းရေး သတိပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်ကျော်လွန် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ ရှောင်ရှား

**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့ မွန်းလွဲ ၂ နာရီခွဲတိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် တစ်ပေခွဲခန့်နှင့် ညောင်ဦးမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ရွှေကူမြို့တွင် တစ်ပေခွဲခန့်နှင့် ညောင်ဦးမြို့တွင် တစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

အဆိုပါ မြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ရွှေကူမြို့နယ်၊ ညောင်ဦးမြို့နယ်နှင့် ဟင်္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် လေးပေခန့်၊ ဖောင်းပြင်မြို့တွင် သုံးပေခွဲခန့်၊ မော်လိုက်မြို့တွင် ငါးပေခန့်၊ ကလေးဝမြို့တွင် သုံးပေခန့်၊ မင်းကင်းမြို့နှင့် ကနီမြို့တို့တွင် နှစ်ပေခွဲခန့်စီနှင့် မုံရွာမြို့တွင် တစ်လက်မခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေများသည် နောက်တစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် ပေဝက်ခန့်၊ နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့တွင် ပေဝက်ခန့်၊ မော်လိုက်မြို့ ကလေးဝမြို့ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေခန့်စီနှင့် ကနီမြို့တွင် တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သဖြင့် ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ချင်းတွင်းမြစ်ရေ မြင့်တက်မှုကြောင့် ဟုမ္မလင်းမြို့နယ်ရှိ ကျေးရွာအချို့ပြောင်းရွှေ့

**ဟုမ္မလင်း ဇူလိုင် ၂၆**

ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၂၆ ရက်တွင် ရေတက်လာမှုကြောင့် ဟုမ္မလင်းမြို့နယ် ခတောင်ပွင့်ကျေးရွာ အုပ်စုအတွင်း သဝန်ထွက်ဝကျေးရွာ၊ ပါဝယ်ကျေးရွာ၊ ခတောင်ပွင့်ကျေးရွာနှင့် တပ်ကုန်းကျေးရွာတို့ရှိ လူနေအိမ်များသို့ ရေဝင်ရောက်ခဲ့သည်။ အနိမ့်ပိုင်း နေရာများတွင် ခုနစ်ပေခန့်ရေဝင်ရောက်သဖြင့် အချို့လူနေအိမ်များမှာ ရေဝင်နစ်မြုပ်၍ ကယ်ဆယ်ရေးစခန်းများကို ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများသို့ ပြောင်းရွှေ့ဖွင့်လှစ်ထားကြောင်းနှင့် လူဦးရေ ၃၀၁၉ ဦးရှိကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

## မြစ်ရေဝင်ရောက်သည့်ရပ်ကွက်များ အချိန်မီရွှေ့ပြောင်းနိုင်ရေး သတိပေးနှိုးဆော်

**ကလေးဝ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၂၆ရက်၌ စိုးရိမ်ရေမှတ်အထက် ၁၆၄၂ စင်တီမီတာသို့ ရောက်ရှိနေသဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ဌေးဝင်းနှင့်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့က မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များမှ ရေဝင်ရောက်နေသည့်နေအိမ်များကို သတ်မှတ်ထားသည့် ကယ်ဆယ်ရေးစခန်းများသို့ အချိန်မီရွှေ့ပြောင်းနိုင်ရေးအတွက် လိုက်လံ၍သတိပေးနှိုးဆော်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သက်ဟန်(ပြန်/ဆက်)**




# မိုးကုတ်မြို့၌ ဆိုင်ကယ်ကိုးစီး ခိုးယူသူအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်ခန့်က ယင်းရဲစခန်း(ပ)၁၉၅/၂၀၁၆၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၉/ကျင့် ၅၄ အမှုမှ မသင်္ကာတရားခံ စည်ပင်သာယာရပ်နေ ခွန်မျိုးအောင်(ခ) ညီငယ်အား သက်သေများနှင့်အတူ စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းသည် ယခုနှစ် လွန်ခဲ့သောလများအတွင်းက မိုးကုတ်မြို့ပေါ်မှ ဆိုင်ကယ်ကိုးစီး ခိုးယူခဲ့ကြောင်း စစ်ဆေးသိရှိရ၍ သက်သေခံ ဆိုင်ကယ်များ သိမ်းဆည်းပြီး ခွန်မျိုးအောင်(ခ)ညီငယ်အား မိုးကုတ်မြို့မရဲစခန်းက ထပ်မံအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



မနန်းခမ်းမတ်ကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၆**

မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၅ ရက်က တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဝေဇယန္တာလမ်းမပေါ်ရှိ မင်းလမ်း ရခိုင်မုန့်တီဆိုင်အနီးတွင် တွေ့ရှိသူ မနန်းခမ်းမတ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၂၄ ရက်က ကျိုင်းတုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် ပုံခေ့ကျေးရွာနှင့် ပုံတီကျေးရွာကြား လယ်တဲတွင် တွေ့ရှိသူ သန်းစိုးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၁ ပြားနှင့် ဓားတစ်ချောင်းတို့ကိုလည်းကောင်း။

ဇူလိုင် ၂၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် လားရှိုးမြို့မှ မန္တလေးမြို့ဘက်သို့ ကံကောင်း မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၅ ပြားကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# TNLA အဖွဲ့၏ အဓမ္မလူသစ်စု၊ ဆက်ကြေးကောက်ခံခြင်းများကြောင့် ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရ

**နေပြည်တော် ဇူလိုင် ၂၆**

TNLA အဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိ ဂျိုကာ ဦးစီးအင်အား ၃၀ ခန့်သည် ဇူလိုင် ၂၅ ရက် ည ၇ နာရီခန့်က မိုးကုတ်မြို့နယ် ပိန်းပြစ်(အထက်)ကျေးရွာသို့ ဝင်ရောက်၍ ဆန်နှင့် စားသောက်ဖွယ်ရာများ တောင်းယူကာ ကလေး၊ လူငယ် ရွာသား ၂၅ ဦးအား အတင်းအဓမ္မ ခေါ်ဆောင်ပြီး ရွာအစွန်၌ လုံခြုံရေး ယူထားသော ရဲကင်းအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သည်။

အဆိုပါအဖွဲ့သည် ယင်းနေ့ ည ၁၀ နာရီခန့်တွင် စုစည်း အင်အား ၆၀ ခန့်ဖြင့် ဟိုဝိတ်ကျေးရွာ၊ ဝက်ပါကျေးရွာ၊ ကျောင်း ခမ်းကျေးရွာများသို့ ထပ်မံဝင်ရောက်ကာ ကျေးရွာအုပ်ချုပ် ရေးမှူး သုံးဦးနှင့် ရွာသား ကိုးဦးအား ထပ်မံဖမ်းဆီး ခေါ်ဆောင် သွားရာမှ အုပ်ချုပ်ရေးမှူး တစ်ဦးနှင့် ရွာသား ခြောက်ဦး ပြန်လည်ထွက်ပြေးလွတ်မြောက်လာကြောင်း သိရသည်။


TNLA အဖွဲ့သည် ဇွန် ၂၄ ရက် နေ့လယ်ပိုင်းကလည်း မိုးကုတ်မြို့နယ် ပိန်းပြစ်(အထက်)ကျေးရွာအုပ်ချုပ်ရေးမှူးထံ သို့ ဖုန်းဖြင့်ဆက်သွယ်၍ လူသစ် ၁၂ ဦး၊ ပိန်းပြစ်(အောက်ရွာ) မှ လူသစ် ၂၀ ဦးနှင့် ဆက်ကြေးငွေကျပ် သိန်း ၄၀ အား ပါလိုင် ကျေးရွာသို့ အမြန်လာရောက်ပေးပို့ရန် ခြိမ်းခြောက် အကြောင်း ကြားခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ TNLA အဖွဲ့၏ အဓမ္မလူသစ်စုဆောင်းမှုကြောင့် ဇူလိုင် ၂၅ ရက် ညပိုင်းမှ ၂၆ ရက်နေ့အထိ ပိန်းပြစ်(အထက်) ကျေးရွာမှ တိမ်းရှောင်လာသော ဒေသခံပြည်သူ အိမ်ထောင်စု ၂၇ စု၊ ကျား ၂၅ ဦး၊ မ ၂၈ ဦး၊ ကလေး ၃၉ ဦး စုစုပေါင်း ၉၂ ဦး တို့ကို မိုးကုတ်မြို့နယ် ရှောလီဝိုင်းအုပ်စု အရှေ့ရွာ ဘုန်းတော်ကြီး ကျောင်းတွင် ခေတ္တနေရာချထားပေးပြီး ယင်းဒေသခံပြည်သူ များအား နယ်မြေခံတပ်မှ လိုအပ်သော ကျန်းမာရေးစောင့် ရှောက်မှုနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကူညီစောင့်ရှောက် လျက်ရှိကာ ၎င်းတို့နှင့်နီးစပ်ရာ ဆွေမျိုးများ၊ စေတနာရှင်များနှင့် အရှေ့ရွာ ဘုန်းတော်ကြီးကျောင်းတို့မှလည်း စားသောက် ဖွယ်ရာများ ကူညီပေးအပ်ထားကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် ၁၀၅ မိုင်အနီး မိုင်းယုကျေးရွာသို့ ဇူလိုင် ၂၄ ရက် ညနေ ၄ နာရီခွဲ ခန့်တွင် TNLA အဖွဲ့မှ အင်အား ၁၀ ဦးခန့်သည် အရပ်ဝတ် ဖြင့် မော်တော်ယာဉ်ငယ် နှစ်စီး၊ ဆိုင်ကယ် သုံးစီးဖြင့် ကျေးရွာ အတွင်းရှိ ဦးမောင်ဆိုင် အိမ်အတွင်း ဝင်ရောက်လာပြီး ဦးမောင်ဆိုင်အပါအဝင် ဦးညီလုပ်၊ ဦးညီခန့်၊ မောင်ကျော် ကျော်ထွေး၊ ဒေါ်ဆေးဆိ၊ ဒေါ်ယုံ၊ ဒေါ်ထွန်း စုစုပေါင်း ခုနစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကာ ယင်းရွာ၏ အနောက်ဘက်ကွင်း ရှောင်လမ်းအတိုင်း ထွက်ခွာခဲ့ရာ ညနေ ၅ နာရီခွဲခန့်တွင် တောင်ယာကွင်းသို့ ရောက်ရှိပြီး ပလောင်တိုင်းရင်းသား ဦးအိုက်မြတ်၊ ဦးအိုက်ရီ၊ ဦးအိုက်ကျန်၊ ဦးအောင်ဖေနှင့် ဦးယီလုံတို့ ငါးဦးအား ထပ်မံဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

TNLA အဖွဲ့မှ လူသစ်စုဆောင်း ဖမ်းဆီးခေါ်ဆောင် သွားခဲ့သည့် အဆိုပါဖြစ်စဉ် ဖြစ်ပွားသည့် မြို့နယ်၊ ကျေးရွာ များနှင့် ပတ်ဝန်းကျင်နေရာများသို့ တပ်မတော်စစ်ကြောင်းများ က ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ် စောင့်ရှောက်ရေးအတွက် နယ်မြေရှင်းလင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




TNLA အဖွဲ့က မိုးကုတ်မြို့နယ်အတွင်း ရွာသားများကို ဖမ်းဆီးသည့် နေရာပြမြေပုံ

**Republic of the Union of Myanmar**
**Pyidaungsu Hluttaw**
**Joint Public Accounts Committee**
**Request for Expressions of Interest for National Support Staff**

REOI No: MPFMp/D1-C217 Closing Date: 10-8-2016

JPAC is seeking to hire a national support staff to assist the JPAC to carry out the development and implementation of their strategy.

This work will specifically include: *Supporting in scrutinizing budget, tax, Auditor General's reports, Checking and collecting data, Providing administrate support for holding meetings, Supporting in compiling JPAC reports, Interpreting for JPAC's members at the meeting with international institutions and Translating the official letters and the issues that are demanded by JPAC.* The staff is required to demonstrate the following as a minimum:

a. The staff must hold a Master degree in The University of Economic. (Preference for candidates who hold such degrees acquired abroad may be considered.)
b. The staff must have at least five years of relevant work experience.
c. The staff must be proficient in four skills in English.
d. The staff must be efficient in the use of computer and internet.

This assignment is for an estimated duration of 12 months as a full time assignment. The location of the assignments is in Nay Pyi Taw, Myanmar.

The JPAC now invites eligible staff to indicate their interest in providing the above mentioned services. Interested person must provide information indicating that they are qualified to perform the services (in addition to the educational qualifications, experience of similar assignments and country of work etc. should be incorporated in the CV to be submitted along with expression of interest/application to jointpac.mmp@gmail.com).

Interested persons may obtain further information at the address below during office hours[09:30 to 4:30 hours] to Ph: 067-591288.

**ဆီနိုဝင်းနှင့်ရောင်းရင်းများ**
ရွှေတောင်ပြိုးပွဲတော်သို့ (၁၂-၈-၂၀၁၆)နေ့ထွက်မည်
▲ တောင်ပြုံး၊ မန္တလေး၊ ကျောက်စိမ်းစေတီ(သီးသန့်)(၃)ရက်။
▲ တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ အင်းဝ ဘုရားစုံ (၅)ရက်။
▲ တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို (၆)ရက်။
▲ တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး (၇)ရက်။
▲ တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုပ္ပါး၊ ပုဂံ၊ စွယ်တော်လေးဆူ (၇)ရက်။
▲ တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (၇)ရက်။
▲ ကျိုက်ထီးရိုး/ချောင်းသာ(သောကြာ) ▲ ထုံးဘို အကောက်တောင်(စနေ) ▲ ဇလွန်(တနင်္ဂနွေ)
အမှတ်- ၂၇၅၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်) 01-249871,255553,09-5137245,09-5122511

**ဖခင်အမည်မှန်**
တပ်ကုန်းမြို့နယ်၊ နွယ်ရစ်အုပ်စု နွယ်ရစ်ရွာနေ တက္ကသိုလ်ဝင်တန်းမှ မမြင့်မြတ်ကျော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ကွန်း ၉/တကန(နိုင်)၁၀၆၆၄၂ ဖြစ်ပါကြောင်း။ **ဦးဇော်ကွန်း ၉/တကန(နိုင်)၁၀၆၆၄၂**

**ပတ်စ်ပို့ပျောက်ဆုံးကြောင်း**
ကျွန်တော် ကိုဇော်မျိုးလင်း၇/ကဝန(နိုင်)၀၉၃၀၁၅၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၉၆၀၉၈၃၃**

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးပိုင် ဥဿာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၂၃)၊ ဧရိယာ ၃ ဒသမ ၈၅၇ဧကအတွင်းတွင် မော်တော်ယာဉ်များ စစ်ဆေးသည့် Steel Structure နှင့် သံကူကွန်ကရစ်အဆောက်အအုံ(၉၈×၆၀×၁၇)ပေ (ရေ၊ မီး၊ ဆေး အပါအဝင်) တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်တွင်းလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်းတင်သွင်းရန်ဖြစ်ပါသည်။
(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** -၁-၈-၂၀၁၆ ရက်
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်၊ အချိန်** -၁၅-၈-၂၀၁၆ ရက် -ညနေ ၄း၃၀ နာရီ

၃။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)၊ သမိန်ဗရမ်းလမ်း၊ ဥဿာမြို့သစ်ရုံး ဖုန်း-၀၅၂-၂၂၃၀၀၄၆၊ ၀၅၂-၂၂၃၀၈၆၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**
**မုံရွာမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရန်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းတို့အား အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

Lot. 1
(က) ဧည့်ရိပ်သာခြောက်လုံး ကြွေပြားခင်းခြင်းလုပ်ငန်း
(ခ) ဝန်ထမ်းအိမ်ရာနှင့် ဇေယျာသခ်ဧည့်ရိပ်သာ မြောင်းဖုံးလုပ်ငန်း
(ဂ) မီးဖိုဆောင် ဆောက်လုပ်ခြင်း
(ဃ) ညွှန်ကြားရေးမှူးနေအိမ် ခြံစည်းရိုးကာရံခြင်း

Lot. 2
(က) လွှတ်တော်ရုံးအစည်းအဝေးခန်းမတွင် Sound Proof တပ်ဆင်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းများ၊ ဆောက်လုပ်လိုသည့် အဆောက်အအုံများ၏ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ ၂၇-၇-၂၀၁၆ ရက်မှ စတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါ လိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့် ရက်မှာ ၂၅-၈-၂၀၁၆ ရက် ရုံးချိန်အတွင်း ဖြစ်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၀၃၂၇၆၅၊ ၀၇၁-၂၀၃၂၀၁၆၊ ၀၇၁-၂၀၃၂၀၀၉**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခုတင်(၁၀၀)နှင့်အောက် ခရိုင်/မြို့နယ်နှင့် တိုက်နယ်ဆေးရုံများတွင် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြု(ဆေးဝါး/ဓာတ်ခွဲ/ဓာတ်မှန်ဆိုင်ရာဆေးပစ္စည်းများ) ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ (က) **တင်ဒါပုံစံရောင်းချမည့်ရက်**-၃-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်၊အချိန်** -၂-၉-၂၀၁၆ ရက် (သောကြာနေ့) (၁၆း၀၀)နာရီ

၃။ အိတ်ဖွင့်တင်ဒါအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၅၇၃၆၂၊ ၀၁- ၄၃၀၂၆၈ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးကုသရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

# အာဆီယံအမျိုးသမီးပြိုင်ပွဲ ထိုင်းနှင့်ဗီယက်နမ် ဂိုးပြတ်နိုင်



ထိုင်းအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စု (က) ပထမနေ့ပွဲများကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ ထိုင်းနှင့် ဗီယက်နမ်အသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ပထမပွဲတွင် လက်ရှိချန်ပီယံ ထိုင်းအသင်းက ဖိလစ်ပိုင်အသင်းကို လေးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဖိလစ်ပိုင်အသင်း၏ ရုန်းကန်မှုကြောင့် ထိုင်းအသင်း အားကုန်ထုတ် ကစားခဲ့ရသော်လည်း အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့သည်။ အုပ်စု ပထမနေရာအတွက် ဗီယက်နမ်နှင့်အပြိုင် လုရဖွယ်ရှိသည့် ထိုင်းအသင်းသည် နိုင်ပွဲရယူနိုင်ခဲ့သော်လည်း သွင်းဂိုးလေးဂိုးသာရှိခဲ့၍ လာမည့်ပွဲများတွင် ရုန်းကန်ရမည်ဖြစ်သည်။

လက်ရှိချန်ပီယံ ထိုင်းအသင်းသည် ပွဲစကတည်းက တိုက်စစ်အသားပေး ကစားခဲ့သော်လည်း ဖိလစ်ပိုင်အသင်း၏ ခပ်မာမာ တုံ့ပြန်မှုကြောင့် ထင်တိုင်းမပေါက်ခဲ့ပေ။ မိနစ် ၂၀ တွင် ပစ်ဆာမိုင်၏ သွင်းဂိုးရပြီးနောက်ပိုင်းမှ ထိုင်းအသင်း ကစားပုံ ပိုကောင်းလာခြင်းဖြစ်သည်။ ဖိလစ်ပိုင်အသင်းအခွင့်အရေးအချို့ ပြန်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ မိနစ် ၃၀ တွင် ထိုင်းအသင်း ဒုတိယဂိုး ရခဲ့ပြီး ပစ်ဆာမိုင်ကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ထိုင်းအသင်းက ပွဲကို ထိန်းချုပ်ကစားသွားခဲ့ပြီး မိနစ် ၅၀ တွင် ကန်ဂျာနာက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဖိလစ်ပိုင်အသင်းက ကစားအားကျသွား၍ ထိုင်းအသင်း စိတ်ကြိုက်ကစားနိုင်ခဲ့ပြီး ပွဲသိမ်းအနိုင်ဂိုးကို ၆၈ မိနစ်တွင် ရာတီကန်က သွင်းယူခဲ့သည်။

ဒုတိယပွဲတွင် ဗီယက်နမ်အသင်းက စင်ကာပူအသင်းကို ၁၄ ဂိုး- ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ စင်ကာပူအသင်းသည် ဗီယက်နမ်အသင်းကို အဘက်ဘက်က ယှဉ်ကစားနိုင်ခဲ့ခြင်းမရှိဘဲ ခြေပြတ်၊ ဂိုးပြတ်ရှုံးသွားခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းအတွက် လွယ်ကူသည့်နိုင်ပွဲဖြစ်ခဲ့ပြီး ပထမပိုင်းတွင် ခုနစ်ဂိုး၊ ဒုတိယပိုင်းတွင် ခုနစ်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အတွက် အနိုင်ဂိုးများကို ငုယင်သီမွိုင်က ငါးဂိုး၊ တူယက်ဒန်က သုံးဂိုး၊ ငုယင်သီလိုင်က နှစ်ဂိုး၊ ငုယင်သီရှီယန်၊ ငုယင်သီမင် ငုယတ်နှင့် ဖန်တီယန်တို့က တစ်ဂိုးစီ သွင်းယူခဲ့ပြီး ကျန်တစ်ဂိုးမှာ စင်ကာပူအသင်း ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

**ယနေ့ပွဲ**

**ညနေ (၃) နာရီ**

**ဩစတြေးလျ ယူ -၂၀ - မလေးရှား**

**ညနေ (၆) နာရီ**

**မြန်မာ - တီမော**

**သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-ဖိုးသော်ဇင်**

# ဂျပန်၌ကျင်းပမည့် ဂန်ရှုဂျီးမားပြိုင်ပွဲတွင် မြန်မာလက်ဝှေ့ချန်ပီယံ ထွန်းထွန်းမင်းနှင့် ကွန်ဂိုနိုင်ငံသား အိုင်းယွန်းမန်း ယှဉ်ပြိုင်ထိုးသတ်မည်

**ရန်ကုန် ဇူလိုင် ၂၆**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် နိုင်ငံတကာမှ ကိုယ်ခံပညာပေါင်းစုံ ပညာရှင်များ လာရောက်ကာ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့် ဂန်ရှုဂျီးမား(ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲကြီး)ကို မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် လက်ရှိရိုးရာလက်ဝှေ့ချန်ပီယံ ထွန်းထွန်းမင်း ဝင်ရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ကွန်ဂိုနိုင်ငံသား အိုင်းယွန်းမန်းနှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသည် ငါးကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး ထွန်းထွန်းမင်း အနေဖြင့် မြန်မာနိုင်ငံကိုယ်စားပြု ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပြိုင်ပွဲကို လာမည့် ဇူလိုင် ၃၁ ရက် ဂျပန်ဒေသစံတော်ချိန် ၅နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံကိုယ်စားပြုအဖွဲ့အနေဖြင့် **(ယနေ့)** ဇူလိုင် ၂၇ ရက် ညပိုင်းတွင် ဂျပန်လေကြောင်းလိုင်းဖြင့် စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် အကျယ် ၂၄ ပေရှိ ကြိုးဝိုင်းမပါရှိသော စက်ဝိုင်းပေါ်တွင် ငါးမိနစ်ထိုး နှစ်မိနစ်နား သုံးချီ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ကာ စက်ဝိုင်းပေါ်မှ သုံးကြိမ်မြောက် ဘေးဘက်သို့ ပြုတ်ကျရောက်ရှိလျှင် အရှုံးပေးရမည်ဖြစ်သည်။ ယှဉ်ပြိုင်ထိုးသတ်မှုပုံစံမှာလည်း နည်းမျိုးစုံဖြင့် ယှဉ်ပြိုင်တိုက်ခိုက်နိုင်ပြီး အောက်သို့လဲကျလျှင် မျက်နှာကို တံတောင်၊ ခြေထောက်တို့ဖြင့် တိုက်ခိုက်မှုမပြုရဘဲ လက်သီးဖြင့်သာ ထိုးသတ်ရမည်ဖြစ်ပြီး ခန္ဓာကိုယ်ကိုမူ ကန်ကြောက်ယှဉ်ပြိုင်ထိုးသတ်နိုင်မည်ဖြစ်သည်။ ထို့အပြင် တစ်ချက်ကောင်း၊ ကွဲရှမှုနှင့် ဒိုင်က လက်ရည်မမျှဟု ယူဆသတ်မှတ်လျှင်လည်း သတ်မှတ်ခံရသည့်ပြိုင်ပွဲဝင်က အရှုံးပေးရမည်ဖြစ်သည်။

"တကယ်တော့ ဒီလိုကမ္ဘာ့နိုင်ငံတကာက လာပြိုင်တဲ့ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲမှာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အနေနဲ့ ကမ္ဘာကို သိစေချင်လို့ သွားပြိုင်တာပါ။ ဟိုက ထိုးကြေးပေးတာက တော်တော်လေးနည်းပါတယ်။ ဒေါ်လာ ၂၂၀၀ ပဲပေးတာပါ။ ကျန်တဲ့ ဒေါ်လာ ၃၀၀၀ လောက်နဲ့ ကုန်ကျစရိတ်တွေက ကျွန်တော်က အကုန်အကျခံရမှာ ဖြစ်ပါတယ်"ဟု ဦးဆောင်စီစဉ်သူ ဦးဝဏ္ဏ (မာဂျေ)က ပြောသည်။

ငါးကြိမ်မြောက်ကျင်းပမည့် အဆိုပါကမ္ဘာ့ကိုယ်ခံပညာ ပေါင်းစုံပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် လက်ရှိအလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းက ရိုးရာလက်ဝှေ့ဖြင့် ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်ပြီး ရုရှားမှ စံပို၊ အိမ်ရှင်ဂျပန်က ကရာတေး၊ ဂျူဂျစ်ဆုနှင့် ရှောင်လင်၊ အီတလီမှ ဆပ်စီးရပ်၊ ဇင်ဘာဘွေမှ ဆူမိုနှင့် ယခုထွန်းထွန်းမင်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ကွန်ဂိုက အိုင်းယွန်းမန်းက အနောက်တိုင်းလက်ဝှေ့ဖြင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် ရုရှား၊ အီတလီ၊ ဇင်ဘာဘွေ၊ ကွန်ဂို စသည်တို့မှ နိုင်ငံကိုယ်စားပြု ရိုးရာကိုယ်ခံပညာရှင်များ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ယခုထွန်းထွန်းမင်းနှင့်ယှဉ်ပြိုင်ထိုးသတ်မည့် ကွန်ဂိုနိုင်ငံသား အိုင်းယွန်းမန်းသည် အသက် ၃၃နှစ်၊ အရပ် ၅ပေ ၇ လက်မ၊ ဝိတ်တန်းအနေဖြင့် ကီလို ၈၀ ရှိပြီး အနောက်တိုင်း လက်ဝှေ့လောကတွင် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ အာဖရိကချန်ပီယံဟောင်းတစ်ဦး ဖြစ်သည်။ ယခင်က ထွန်းထွန်းမင်းနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် ဘရာဇီးနိုင်ငံသား ကပိုချန်ပီယံ မာဆီးရပ်ဘင်နီဆီးရပ်နှင့် တွဲဆိုင်း တည်ထားသော်လည်း မာဆီးရပ်သည် လေ့ကျင့်ရင်း ဒဏ်ရာရရှိခဲ့သဖြင့် ယခုကဲ့သို့ အိုင်းယွန်းမန်းနှင့် တွဲဆိုင်းတည် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဖခင်အမည်မှန်**
မိုးညှင်းမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာအုပ်စု၊ ကန်တော်ကုန်း မူလတန်းကျောင်း စတုတ္ထတန်းမှ မနန်းလီလီအောင်နှင့်ဒုတိယတန်းမှ စိုင်းသူရစံတို့၏ ဖခင်အမည်မှန်မှာ ဦးစံငြိမ်းမောင် ၉/အမဇ(နိုင်)၀၀၃၁၁၉ ဖြစ်ပါသည်။

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။**
တာမွေ၊ မေတ္တာညွန့်၊ ဇေယျာသုခလမ်းကျယ်
ပေ(၁၅x၅၀) ပထမထပ်၊ ပြင်ဆင်ပြီး
ကျပ်သိန်း ၅၅၀။
ဖုန်း-၀၉-၇၃၀၀၅၆၅၄

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ်8E/4780 Zeya (zy-02) P/U (4×2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လီလီ(ခ) ကျင်းကျင်း ၁၃/ကခန(နိုင်)၀၆၂၆၈၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မူဆယ်) (မူဆယ်မြို့)**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
- စမ်းချောင်းမြို့နယ်၊ ငှက်ပျောတောလမ်း
- ကျွန်းတောလမ်းမအနီး၊ ပေ(၁၂½x၅၀)
- မြေညီ(ထပ်ခိုး)ပါ၊ ကားထားအဆင်ပြေ(၇)
- အပေါ်ထပ်[IMBR, IBR, A/C(2),ဘိုထိုင်]
- အောက်ထပ်[ကြွေပြားပြည့်ခင်းကပ်(Hall)]
- ရေပူရေအေး၊ မီးအားမြှင့်စက်၊ ရေ၊ မီးစုံ
- ပြင်ဆင်ပြီးအသင့်နေ၊ ပွဲစားမလို၊ ကျပ်သိန်း ၉၈၀
ဖုန်း-၀၉-၇၃၁၅၆၄၉၄၊ ၀၉-၅၁၈၅၃၅၀

**ပျောက်ဆုံးကြောင်း**
CSI MYANMAR CO.,LTD. ၏ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၃၈၈၈/( ၂၀၁၃-၂၀၁၄ )ကဒ် မူရင်းမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း- ၀၉-၇၃၂၄၀၉၂၉

**ပြင်ဆင်ဖတ်ရှုပါရန်**
၂၁-၇-၂၀၁၆ ရက် မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ (၂၂) တွင် ပါရှိသော ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ကြော်ငြာချက်အပိုဒ် ၂(၄)၌ နှစ်ခန်းတွဲ၊ နှစ်ထပ်အစား လေးခန်းတွဲ၊ တစ်ထပ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မုံရွာမြို့တွင် တည်ဆောက်မည့် မော်တော်ယာဉ်များ စစ်ဆေးသည့် Steel Structure ရေ၊ မီး၊ ဆေးအပါအဝင် ပေ(၉၈×၆၀×၁၇) သံကူကွန်ကရစ် အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။
၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၇-၇-၂၀၁၆ရက်မှ ၂၄-၈-၂၀၁၆ရက်
**တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်နှင့်** - ၂၅-၈-၂၀၁၆ရက်
**အချိန်** ၁၆း၀၀နာရီ
**တင်ဒါစိစစ်မည့်နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့
၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံးခန်းတွင် ၂၇-၇-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၄၃၁၂၊ ၀၉-၇၉၂၁၀၁၄၈၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

**ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။**

**ဖခင်အမည်မှန်**
မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မြတ်ရတနာကိုယ်ပိုင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်သူရနိုင်၏ ဖခင်အမည်မှန်မှာ ဦးဆင့် ၅/ဝလန(နိုင်)၀၃၁၄၇၁ ဖြစ်ပါကြောင်း။
**ဦးဆင့်**

**မွေးသက္ကရာဇ်အမှန်**
ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ မဝိန်းကျေးရွာနေ ဦးမြင့်ခိုင် ၁/ရကန(နိုင်)၀၀၇၃၃၉ ၏သမီး မမေသူထက် ၁/ရကန(နိုင်)၀၆၂၀၃၃၏မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ ၂၄-၇-၁၉၉၈ ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**
မုဒုံမြို့နယ်၊ အထက၊ တံခွန်တိုင် တက္ကသိုလ်ဝင်တန်း(C)မှ မောင်ကျော်သူရိန်ထက်၏ မိခင်အမည်မှန်မှာ ဒေါ်ဆွေဇင်ထိုက် ၁၀/မဒန(နိုင်)၁၆၆၅၃၃ ဖြစ်ပါသည်။

**ပတ်စ်ပို့ပျောက်**
ကျွန်တော်ဦးသန်းထွန်းဦး ၉/ပမန(နိုင်)၀၃၄၅၆၁ ၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။ **ဖုန်း-၀၆၇-၂၁၂၈၅**

**မွေးသက္ကရာဇ်အမှန်**
မန်စီမြို့နယ်၊ မန်ဝန်းကြီးကျေးရွာ၊ ရပ်ကွက်(၅)နေ မစုစုအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၁၂-၂၀၀၀ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမောက်ဖူချန် ဖြစ်ပါကြောင်း။

**ကယားပြည်နယ်(အရဟံ)မွှောရုံ**
**စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းဖိတ်ကြားလွှာ**
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီဝင်းအတွင်းရှိ ကယားပြည်နယ်(အရဟံ)မွှောရုံကြီးတွင် စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ကယားပြည်နယ်သူ ပြည်နယ်သားများ၊ ကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ ကျောင်းသူ ကျောင်းသားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။
**နေ့ရက်** - ၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ ရက် (၃၁-၇-၂၀၁၆ ရက်)၊ တနင်္ဂနွေနေ့
**အချိန်** - ၀၉း၃၀ နာရီ ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့် တရားတော်နာယူခြင်း
- ၁၀း၃၀ နာရီ ဆွမ်းဆက်ကပ်ခြင်းနှင့် ဧည့်ခံကျွေးမွေးခြင်း
**(သင်္ကန်းတစ်စုံလျှင် ၅၀၀၀ိ/နှုန်းဖြင့် ကိုယ်တိုင်လှူဒါန်းနိုင်ရန်စီစဉ်ထားပါသည်)**
**ဂေါပကအဖွဲ့**

SUPER SEAT
အကြီးဆုံး ထိုင်ခုံ
အကျယ်ဝန်းဆုံး နေရာ
အတန်ဆုံး ကားလက်မှတ်ခ
အကောင်းဆုံး ရှစ်ဘီးကားသစ်
ရန်ကုန် - မန္တလေး သွားရင်
ဂျေဂျေ ပဲရွေးစီးမယ် JJ Express
Ph-09 977181230

**FAMOUS TRAVELLER INTERNATIONAL CO.,LTD.**
**တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။**

**Marketing Staff (6) post-Female**
- ရုပ်ရည်ချောမောပြေပြစ်ရမည်။
- စကားပြောဆိုယဉ်ကျေး၍ သွက်လက်ရမည်။
- Marketing အတွေ့အကြုံအနည်းဆုံး (၂)နှစ်ခန့်ရှိရမည်။
- ဘွဲ့ရဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။
- နယ်ခရီးသွားနိုင်ရမည်။

**Engineer (2) Post-Male**
- BE (Civil) ဖြစ်ရမည်။
- ဆိုဒ်အတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိရမည်။
- နယ်ခရီးသွားလာနိုင်ရမည်။

**Gate Incharge (10)Post-Male**
- Express လုပ်ငန်းလုပ်ကိုင်ဖူးရမည်။
- အတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိရမည်။
- အချိန်ပြည့်ဂိတ်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။
- နယ်ခရီးသွားနိုင်ရမည်။

**ယာဉ်မယ် (၂၀) ဦး**
- ရုပ်ရည်ချောမောပြေပြစ်ရမည်။
- စကားပြောဆိုယဉ်ကျေးချိုသာရမည်။
- သွက်လက်ရမည်။
- စိတ်ရှည်သည်းခံနိုင်ရမည်။
- ကျောင်းကိစ္စကင်းရှင်းသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

**ယာဉ်နောက်လိုက် (၂၀)ဦး**
- စကားပြောယဉ်ကျေး၍ စိတ်ရှည်သည်းခံနိုင်ရမည်။
- စပယ်ယာ/လက်မှတ်ရောင်းလိုင်စင်ရှိရမည်။
- လုပ်ငန်းအတွေ့အကြုံရှိရမည်။
- အရက်သေစာသောက်စားမှုမရှိရ။

**Ticketing Staff(10) Post-Female**
- လက်မှတ်ရောင်းအတွေ့အကြုံရှိရမည်။
- စကားပြောယဉ်ကျေးချိုသာရမည်။
- ကျောင်းကိစ္စကင်းရှင်းသူဖြစ်ရမည်။

**ယာဉ်မောင်း (express) (30) ဦး**
- Express အတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိရမည်။
- အရက်သေစာသောက်စားမှုမရှိရ။
- ကားမောင်းလိုင်စင် (အနီ)ရှိရမည်။

**Marketing Manager (3) Post-Male/Female**
- Marketing အတွေ့အကြုံ (၅)နှစ်အထက်ရှိရမည်။
- Marketing Plan ရေးဆွဲနိုင်ရမည်။
- Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- Marketing နှင့်ပတ်သက်သော Diploma ရှိရမည်။

**HE Manager (3) Post-Male/Female**
- HR အတွေ့အကြုံအနည်းဆုံး (၅)နှစ်အထက်ရှိရမည်။
- MBA ဘွဲ့ရဦးစားပေးမည်။
- HR နှင့်ပတ်သက်သော ဘွဲ့(သို့) Diploma တစ်ခုခုရရှိရမည်။
- English စကားပြောဆိုနိုင်ရမည်။
- Computer ကောင်းစွာအသုံးပြုနိုင်ရမည်။
- HR Plan ရေးဆွဲနိုင်ရမည်။

**Senior Manager (3)Post-Male/Female**
- Management နှင့်ပတ်သက်သောဘွဲ့(သို့) Diploma ရရှိရမည်။
- အတွေ့အကြုံအနည်းဆုံး (၅)နှစ်ခန့်ရှိရမည်။
- Computer ကောင်းစွာအသုံးပြုတတ်ရမည်။
- English ကောင်းစွာပြောဆိုတတ်ရမည်။

**မှတ်ချက်။** ။ လုပ်ငန်းအားလုံးတွင်ရေရှည်လုပ်နိုင်သူဖြစ်ရမည်။ အသင်းအဖွဲ့ဖြင့် ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်လုပ်ကိုင်နိုင်ရမည်။ တစ်ခါတစ်ရံလုပ်ငန်း၏ လိုအပ်ချက်အရ အချိန်ပိုဆင်းပေးနိုင်ရမည်။

**ဆက်သွယ်ရန်လိပ်စာ။** ။ **အမှတ် (၄၂/ဘီ)၊ ရွှေကိန္နရီအိမ်ရာ၊နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၀၁-၅၃၉၀၀၆၊ ၀၉-၇၈၈၂၂၄၄၁၁**

# မိုးစပါးဧက ၅၀၀၀၀ ကျော် စိုက်ပျိုးရန် တပ်ကုန်းမြို့နယ်တွင် လျာထား

**တပ်ကုန်း ဇူလိုင် ၂၆**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မိုးစပါး ၄၆၄၄၅ ဧက လျာထားပြီး စိုက်ပျိုးရေအတွက် ဆင်သေ၊ မုန်၊ ကင်းသာ၊ ပွဲစား၊ ညောင်ကိုင်း၊ ပိတောက်ကုန်း စသည့် အစိုးရ ဆည်၊ ကန်များနှင့် ပုဂ္ဂလိကဆည်များမှ မိုးရေများဖြင့် မိုးစပါးစိုက်ပျိုးမည်ဖြစ်ရာ မနောသုခ၊ ပုလဲသွယ်၊ ဆင်းသုခစပါးမျိုးများ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးဘုရားရင်ပြင်ပေါ်နှင့် တောင်တက်လမ်းတို့တွင် ဇူလိုင် ၂၄ ရက်က ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦးစီးသည့် ဘုရားရင်ပြင်တော်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင် ၁၅ ဦး၊ အမှတ် (၁၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲမှူးငြိမ်းချမ်းဦးစီးသည့် တပ်ဖွဲ့ဝင် ၂၀၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦးနှင့် ဘုရားရင်ပြင်တော် မီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦး စုစုပေါင်း ၄၅ ဦးတို့က ကျိုက်ထီးရိုးရင်ပြင်တော်နှင့် တောင်တက်လမ်းတို့တွင် စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်ခဲ့စဉ်။
ကိုရဲ

# ယင်းကြားတိုင်းရင်းသားများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော

**နမ့်စန် ဇူလိုင် ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် နမ့်လစ်ကျေးရွာအုပ်စု ပုတ်ပျံကျေးရွာတွင် နေထိုင်သော ယင်းကြားတိုင်းရင်းသား တိုင်းရင်းသူများကို ဇူလိုင် ၂၄ ရက်က ခရိုင်/မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကုသရေးဦးစီးဌာန ဝန်ထမ်းတို့မှ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောခဲ့ကြောင်းသိရသည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်မြင်ခဲ့သော ယင်းကြားတိုင်းရင်းသူတစ်ဦးကို ငွေကျပ် ၃၀၀၀၀ ဂုဏ်ပြုပေးအပ်ခဲ့ပြီး ယင်းကြားတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ကို ငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ယင်းကြားတိုင်းရင်းသားတို့၏ ရိုးရာဝတ်စုံ ရက်ကန်းရက်လုပ်မှုများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို လေ့လာမေးမြန်းမှတ်သားခဲ့ကြကြောင်း သိရသည်။



**သူရအောင်(ပြန်/ဆက်)**

# ဖျာပုံမြို့တွင် ပထမအကြိမ် လူငယ်အသိပညာပေးဟောပြောပွဲ လူငယ်ပရိသတ်များ စိတ်ဝင်တစားတက်ရောက်

**ဖျာပုံ ဇူလိုင် ၂၆**

ဖျာပုံမြို့ Youth To Youth လူငယ်ကျန်းမာရေး အသိပညာပေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် ပထမအကြိမ် လူငယ်အသိပညာပေး ဟောပြောပွဲကို ဇူလိုင်၂၄ ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ကျင်းပရာ ဖျာပုံမြို့ပေါ်ရှိ လူငယ်ပရိသတ် ၁၀၀၀ ကျော် စိတ်ပါဝင်စားစွာ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်းက အမှာစကားပြောကြားပြီး စာရေးဆရာ အောင်စိုးသူက "တို့ခေတ်ကျမှ ညံ့ကြတော့မှာလား" ခေါင်းစဉ်ဖြင့် လူငယ်များသည် အနာဂတ်နိုင်ငံတော်အတွက် အရေးပါပုံ၊ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ခေတ်မီနည်းပညာများကို အကျိုးရှိစွာ အသုံးချစေရေး စသည့် တွေးခေါ်မြော်မြင်နိုင်သည့် ဆင်ခြင်တုံတရားများရရှိစေရေး နည်းလမ်းများကို ဟောပြောပေးခဲ့ပြီး၊ ဒေါက်တာစည်သူဆွေက "မူဘောင်အတွင်း လင်းလက်မယ့်ကြယ် အနာဂတ်လူငယ်" ခေါင်းစဉ်ဖြင့် လူငယ်များကျန်းမာရေးအတွက် လိုအပ်သည့် ဆေးပညာဆိုင်ရာ ဗဟုသုတများကို ဟောပြောပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ဟောပြော

**ဒီးမော့ဆို ဇူလိုင် ၂၆**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၅ ရက်က ငွေတောင်ကျေးရွာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးမိုးနိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများ သိရှိနားလည်စေရန် ရှင်းလင်းပြောကြားပြီး လွိုင်ကော်မြို့ အမှတ်(၂) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူး သိန်းဌေးဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အားကစား၊ မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲနှင့် အားကစားသရုပ်ပြပွဲကျင်းပ

**မော်လမြိုင် ဇူလိုင် ၂၆**

မွန်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် ပြည်နယ်ပညာရေးဌာနတို့မှ ပူးပေါင်းကျင်းပသော အားကစားနှင့် မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ရေးမြို့နယ်အားကစားရုံ၌ ဇူလိုင် ၂၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းမြင့်က အားကစားအသိပညာပေးခြင်းကိုလည်းကောင်း၊ ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးရန်နိုင်က မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းများအား အသိပညာပေးခြင်းကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) ဒုတိယကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွေးအောင်က အားကစားနှင့်ကာယပညာသိပ္ပံကျောင်း၏ သိကောင်းစရာများကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)မှ ကရာတေးဒိုနှင့် ဂျူဒိုသင်တန်းသား သင်တန်းသူများက သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**ထားဝယ် ဇူလိုင် ၂၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဗိုလ်မှူးကြီးဗထူး ရာပြည့်ကော်မတီမှ ကြီးမှူးကျင်းပသော ဗမာ့လွတ်လပ်ရေးသူရဲကောင်း ထားဝယ်သားအာဇာနည် ဗိုလ်မှူးကြီးဗထူးရာပြည့်အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက်က ထားဝယ်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲတွင် ဗိုလ်မှူးကြီး ဗထူးရာပြည့်ကော်မတီဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းဝင်များ၊ စေတနာရှင်သွေးလှူရှင်များ စုစုပေါင်း ၁၃၀ တို့က စုပေါင်းသွေးလှူဒါန်းကြပြီး သွေးလှူရှင်များအား အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာ စန်းစန်းဝင်းနှင့် အဖွဲ့က လိုအပ်သောဆေးဝါးများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး တောင်ငူတွင် ထိုးနှံ

**တောင်ငူ ဇူလိုင် ၂၆**

တောင်ငူမြို့နယ် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်လျက် မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ငူ)တောင်ငူခရိုင် ကုသရေးဦးစီးဌာန ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ အာရောဂျကာရီကျန်းမာရေးဖောင်ဒေးရှင်းအဖွဲ့နှင့် မြန်မာနိုင်ငံ အသည်းဖောင်ဒေးရှင်းအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် အသည်းရောင်အသားဝါ (ဘီ)ပိုးကာကွယ်ဆေးအခမဲ့ထိုးပေးခြင်းလုပ်ငန်းကို ဇူလိုင် ၂၄ ရက်က တောင်ငူအမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် သီတဂူဗုဒ္ဓတက္ကသိုလ်မှ သံဃာတော်များအပါအဝင် စုစုပေါင်း ၁၀၀၀ ခန့်တို့ကို ကာကွယ်ဆေးများ ထိုးပေးခဲ့ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**



# ဇေယျာသီရိမြို့နယ်တွင် မျိုးသန့်မျိုးပွားမျိုးစေ့ထုတ်သရုပ်ပြစိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်တွင် မျိုးသန့်မျိုးပွားမျိုးစေ့ထုတ်စိုက်ပျိုးခြင်းကို ဇူလိုင် ၂၅ ရက်က မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာကွင်းအမှတ်(၁၅၉၈) တောင်သူဦးရွှင်၏ ဦးပိုင်(၅၇)ရှိ လယ်မြေ ၁၀ ဧကတွင် မြေအောက်ရေဖြင့် စိုက်ပျိုးသရုပ်ပြခဲ့သည်။

အဆိုပါ သရုပ်ပြစိုက်ပျိုးခြင်းကို နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒုတိယစိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းဦး၊ မြို့နယ်ဦးစီးမှူး ဦးကံဝင်းနှင့်စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြည့်ရှုခဲ့ပြီး ဇေယျာသီရိမြို့နယ်အနေဖြင့် ၂၀၁၆-၂၀၁၇ မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၂၁၃၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ရာ မျိုးကောင်းမျိုးသန့်များ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်ရန် ရည်ရွယ်၍ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်း (R.S to C.S) ကို ၁၀၁ ဧက ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေး မျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥက္ကာရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် '' ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို'' အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေး မျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော ''ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# စည်သာလမ်း စခန်းချ

ဆူးငှက်



စည်သာလမ်းအကြောင်း ပြောမည်ဆိုတော့ ကျွန်တော့်မိတ်ဆွေနှင့် သိန်းအောင်ကြီး လက်ဖက်ရည်ဆိုင်ကို ကနဦးသတိရမိသည်။ ကျွန်တော်...၊ စည်သာလမ်း...၊ မိတ်ဆွေနှင့်...၊ သိန်းအောင်ကြီးကဖေးက တွဲစပ်နေ၏။

မကြာပါချေ...၊ သိန်းအောင်ကြီးကဖေးနေရာလေး အပါအဝင် စည်သာလမ်းပေါ်က ထိုနေရာတွင် နေ့ချင်းညချင်းအုတ်တံတိုင်းဖြူဖြူမြင့်မြင့်ကြီး တစ်မျှော်တစ်ခေါ်ပေါ်လာတော့၏။ အခုအထိ သည်အတိုင်း...။

မကြာပါချေ...၊ ကျွန်တော့်မိတ်ဆွေသည်လည်း ဆံထုံးနောက်သျှောင်ပါ ပုသိမ်ကြီးမြို့ကလေးဆီသို့ ပြောင်းရွှေ့သွားရပြန်ပြီ မဟုတ်ပါလား...။ မန္တလေးမှာ မွေးသော...၊ မန္တလေးမှာ ကြီးပြင်းသော...၊ မန္တလေးနံနက်ခင်း၊ မန္တလေးနေ့ခင်း၊ မန္တလေးညနေခင်း၊ မန္တလေးညချမ်း... မန္တလေးအစားအစာ၊ စက္ကန့်မလပ် မန္တလေးကိုချစ်သော ကျွန်တော့်မိတ်ဆွေသည် မန္တလေးနှင့် မဝေးကွာလှသော မြို့ကလေးဆီရောက်နေပြန်တော့...၊ သံယောဇဉ်ကြီးစွာဖြင့် မနက်တိုင်း မန္တလေးဆီလာနိုင်ဖို့ စီစဉ်ခဲ့ပြန်၏။ သို့သော် အဘယ်သူသည် စိတ်သွားတိုင်း ကိုယ်ပါနိုင်ကြပါလေမည်နည်း...။အဘယ်နတ်မင်းကရော လူ့အလိုကိုလိုက်နိုင်ပါလေမည်နည်း။

ဤသို့ဖြင့် မိတ်ဆွေနှင့် ကျွန်တော်အတွေ့အထိနည်းလာကြသည်။ ကနဦးမှာတော့ ကျုံးနံဘေးလက်ရွေးစင်ကဖေးမှာ...၊ နှစ်ဖက်လုကဖေးမှာ တစ်ရက်ခြားတစ်ခါ၊ နောက်... တစ်ပတ်သုံးရက်...လာ၊ ဟူး၊ ကြာ...။ နောက် မိတ်ဆွေက အလုပ်အကြောင်းပြကာ... နေ့စဉ်တွေ့နိုင်ဖို့ မောင်းတင်လာ...။ အလုပ်ဟူသောကိစ္စနှင့် ပေါင်းစပ်လာရသောအခါ... မျှော်မှန်းသလိုဖြစ်မလာနိုင်တော့...။

တစ်ပတ်သုံးရက်လာ၊ ဟူး၊ ကြာမှာပင် မတွေ့နိုင်တော့။ စည်သာလမ်းမှာကျွန်တော့် မိတ်ဆွေမရှိတော့၍ အရင်ကလိုအရောက်အပေါက် မများလှတော့သော်လည်း စည်သာလမ်းနှင့်ပြတ်ပြတ်စဲစဲမဟုတ်လှ။ အဘယ့်ကြောင့်ဆိုသော်...စာရေးဆရာ သိုက်ထွန်းသက်က စည်သာလမ်းပေါ်မှာနေထိုင်လျက်ရှိသည် မဟုတ်ပါလော...။ သူ့ဆီသို့မူ အရောက်အပေါက်နည်းလှသော်လည်း... စည်သာလမ်းက ဆရာသိုက်သည် ကျွန်တော့်ဆီသို့မူ နေ့စဉ်ရက်ဆက်နီးပါး ရောက်လာတတ်တာ...ဒီကနေ့အထိမပျက်မကွက်...။

မြို့မြောက်ဖျားက စာရေးဆရာသည်မြို့လယ်ပိုင်းကို တစ်နေ့တစ်ခေါက်မရောက်ဘဲ ဘယ်သူနေနိုင်အံ့နည်း။ မြို့လယ်ပိုင်းမှာ နဂါးစာပေရှိသည်။ အချင်းချင်းချိန်းဆို နိုင်ဖို့ အကွက်အကွင်းကောင်းနေရာကောင်းရှိသည်။ ကျွန်တော်သည် ကံကောင်းထောက်မစွာ မြို့လယ်နှင့် မလှမ်းမကမ်းမှာတစ်လျှောက်လုံးနေထိုင်လာလေတော့ မြို့လယ်နှင့် နီးစပ်နိုင်ဖို့ အားထုတ်ရခြင်းအပေါ် တယ်ပြီး အလေးမမူခဲ့...။

သို့သော် မွေးဖွားသည်မှ နှစ်ပေါင်းလေးဆယ်နီးပါးအထိ မြို့လယ်နှင့်ဖက်တွယ်ခဲ့သော်ငြား ဖက်တွယ်နိုင်မှု အခွင့်အရေးပါးလျားစပြုလာပြီဟု ရိပ်မိသောအချိန်တွင် ကျွန်တော်မောလျရင်ခုန်လာရတော့၏။ ဘယ်သောင်၊ ဘယ်ကမ်းဆိုက်ဦးလေမည် မသိ...။

နဂါးစာပေမှ မျက်သွယ်လက်ဖက်ရည်ဆိုင်သို့အကူး ၈၄ လမ်းနှင့် ၂၉ လမ်းဆုံတွင် မြို့သစ်ဘက်စ်ကားလေးများက တစာစာခေါ်နေသောအခါ တစ်ချိန်တွင် ထိုကားလေး အပေါ်အပြေးအလွှား၊ အမောတကော ပြေးတက်လိုက်သွားရမှာလေလား...။ အင်းဝန္ဒိချည်ဆိုင်ရှေ့မှာ စက်မှု၊စက်မှုဟုအလုအယက်ခေါ်ငင်နေသော ကားလေးတွေနဲ့မိုးမချုပ်မီ အရောက်ပြန်သွားရမှာလေလား...။ သို့တည်းမဟုတ် ညနေချမ်း ၆ နာရီ၊ ၇ နာရီအချိန်တွင် ၇၈ လမ်းမှ တောင်ဘက်ဆီ အုံကျင်းဖွဲ့စီးမျောသော၊ နန်းရှေ့လမ်းမကြီးမှ အရှေ့ဘက်ဆီ အုပ်စုဖွဲ့စီးမျောသော၊ စည်သာလမ်းမှ မြောက်ဘက်ဆီ အလုံးအရင်းနှင့် စီးမျောသော စက်ဘီးအုပ်ကြီးနှင့် မြို့နှင့်ဝေးကွာအရပ်များဆီအိမ်ပြန်ခရီးနှင်ရမှာလေလား..။

တစ်လျှောက်လုံးကျွန်တော်နှင့်စိမ်းကားခဲ့သော ၁၅ ပေ × ပေ၃၀ ကွက်၊ မြေစလစ်၊ လန ၃၉၊ မီတာလျှောက်လွှာ၊ ထုထရံ၊ ပကာသားတိုင်၊ အိမ်ရှေ့ရေမြောင်းကြေး၊ မီးတစ်ပွင့် ၂၅ဝိ/ဆိုသည့်ကိစ္စရပ်များနှင့် နပန်းလုံးရတော့မှာလေလား...။

တစ်ရက်ကမူ အလုပ်တိုက်မှအပြန် ၈၄ လမ်းပေါ် ရှင်ဘို့မယ်ဘုရားအနောက်ပေါက် အရောက်တွင် စက်ဘီး ဘီးပေါက်သွားသောကြောင့် လမ်းဘေးစက်ဘီးဆိုင်လေးမှာ ဘီးဖာရ၏။ ဘီးဖာရမှာက ဂျိုင်းဆက်မို့ အချိန်အတော်ကြာအောင် စောင့်ရမည်။ အချိန်က ညနေ ၆ နာရီကျော်ပြီ...။ ဆောင်းဦးပေါက်စမို့ အလင်းရောင်က သာတယ်မရှိဘဲ တွန့်တိုစွာ နောက်ဆုတ်သွားပြီ။ စက်ဘီးပြင်ဆိုင်လေးက အနားရှိလက်ဖက်ရည်ဆိုင်လေးမှ မီးရောင်ကိုအားပြုကာ စမ်းတဝါးဝါးအလုပ်လုပ်နေရတော့ အလုပ်ကမတွင်လှ...။ ကျွန်တော်က ပလက်ဖောင်းအစွန်းမှာထိုင်ရင်း မြို့သစ်ကားတွေ အလုအယက်လူတင်နေတာ ကြည့်နေမိ၏။ မြို့သစ်ကား၊ တောင်မြို့ကား၊ စစ်ကိုင်းကား...။ တစ်နေ့တာအလုပ်ခွင်မှအပြန် ပင်ပန်းနွမ်းရိသော်ငြား ထမင်းချိုင့်ကလေးတွေကိုယ်စီဆွဲပြီး ကျပ်ညပ်နေသော ကား နောက်ဘက်ခုံပေါ်သို့ အလုအယက်ပြေးတက်ကြရသည့်မြင်ကွင်းတွင် မကြာမီ၌ ထိုလူအုပ်ထဲ မိမိလည်းပါရမှာလေလားဟု ခံစားနေမိ၏။

ထို့အတူ...ဈေးတူရူရှိ လေးထပ်လူနေတိုက်ခန်းကြီးကိုမော့ကြည့်ကာ ပိတ်ထားသော အပေါ်ထပ်အခန်းလွတ်များဆီသို့လည်း မှန်းဆနေမိသေး၏။ လှေကားထစ်ပေါင်းများစွာ နင်းတက်ရင်း ၁၅ ပေ×၄၅ ပေအခန်းလေးထဲ တံခါးပိတ်ကာ နေရဦးမှာလား...။

စည်သာလမ်းကမိတ်ဆွေ ပုသိမ်ကြီးပြောင်းသွားတော့ သူ့အိမ်သို့အလည်အပတ်ခေါ်ရင်း ကြက်သံတွေစီစီညံနေသည့် ခြံများကိုဖြတ်ကာ ရေနီမြောင်းလေးတွေနံဘေးက ကွင်းလွတ်တွေကိုပြသည်။ မြောင်းရေစပ်စပ်၊ ပုစွန်ကျစ်စာ၊ စိမ်းလဲ့လယ်ကွင်း၊ အရှေ့ရိုးမပြာ၊ ရန်ကင်းတောင်ပေါ်မှ ဆည်းလည်းသံများ...။ သည်လိုနေရာမျိုးမှာလည်း နေထိုင်ချင်သည်။ သို့သော်... ကျွန်တော်သည်လည်း မိတ်ဆွေလိုပင် မန္တလေးလွမ်းဆွတ်နေဦးမှာ သေချာသည်။ မနက်လင်းလျှင် မန္တလေးနံနက်ခင်းလက်ဖက်ရည်တစ်ခွက်ကို တမ်းတနေဦးမှာ သေချာသည်။ ကျုံးနံဘေးမှာ စိမ်ပြေနပြေလမ်းလျှောက်ရသော အရသာကို ဘာနဲ့မျှ မလဲနိုင်ဟူသော အစွဲကချွတ်မရအောင်ရှိနေဆဲပင်မဟုတ်ပါလား...။

၈၄ လမ်းပေါ်က မီးရောင်မှိန်မှိန် စက်ဘီးပြင်ဆိုင်လေးမှာ ထိုင်ရင်းမရေရာသော အတွေးတွေနှင့်လုံးထွေးနေတော့၏။ ဩော်... စိတ်ကူးယဉ်အတွေးပင်က မရေရာလှပါကလား...။

တစ်ခါတစ်ရံမရေရာသော စိတ်ကူးယဉ်အတွေးများကို အလိုလိုက်မိ၍သော်လည်းကောင်း၊ သို့တည်းမဟုတ်ရူးသွပ်မှုကြောင့်လည်းကောင်း၊ အိမ်ရာမြေကွက်တွေ...၊ တိုက်ခန်းတွေကိုအတည်ပေါက် လိုက်လံရှာဖွေခဲ့ဖူးသည်မှာ အကြိမ်ကြိမ်ရှိပါပြီဟု ဆိုရပါမည်။

အသစ်ဖောက်ကမ်းနားလမ်းမကြီး ပြီးစီးတော့ ရောမလက်ပံပင်ကြီးတွေ မျက်နှာပြုထားသည့် လေးထပ်တိုက်ခန်းကြီးတွေကို သဘောကျနေမိသည်။ မျက်နှာချင်းဆိုင်မှာ ကိုင်းကွက်အချို့နှင့် ရောဝတီမြစ်ပြင်ကျယ်...။ ဟို...တစ်ဖက်ကမ်းမှာက...မင်းဝံတောင်ရိုး...။ ထိုအခါ အဖော်တစ်ယောက်ခေါ်ပြီး အခန်းဈေးတွေမေးမြန်းကြည့်မိသည်။ အရပ်ခံပွဲ စားတစ်ဦးကလည်း တစ်ဆောင်ဝင်တစ်ဆောင်ထွက်၊ တစ်ထပ်ဆင်း တစ်ထပ်တက်၊ တစ်ခန်းဝင် တစ်ခန်းထွက် စိတ်ရှည်လက်ရှည်လိုက်လံပြသ၏။ မိမိ၏ အတွေးမှာလည်း ဒါဟာစိတ်ကူးယဉ်မှုတစ်ခုဆိုတာ မေ့လျော့နေသည်။ သေချာပေါက် အလုပ်တစ်ခုဟု အသိမှာစွဲမှတ်နေသည်။

''မြေညီထပ်ကတော့ မကြိုက်ဘူးဗျာ...။တာရိုးကြီးနဲ့ပိတ်နေတယ်။ မြေညီထပ် မဟုတ်မှတော့ အပေါ်ဆုံးတတိယထပ်ကို ကြိုက်တယ်။ လေရတယ်။ ရှုခင်းရှုကွက် ကောင်းတယ်''ဟု ပြောဆိုနေမိသည်။

ထို့နောက်ပွဲစားက ''ပစ္စည်းကြိုက်နေရင်လည်း ဈေးစကားညှိကြတာပေါ့'' ဟုဆိုကာ သူ့အိမ်ကလေးဆီခေါ်သွားပြီး တက်သေးအင်းငါးများကိုပင် ကြော်ကျွေး လိုက်ချေသေး၏။ မိမိကိုယ်နှိုက်ကလည်း နက်ဖြန်ကာပဲ စရန်လာသပ်တော့မလို ကိုယ့်ကိုယ်ကိုထင်မှတ်မှားနေမိတော့၏။

စိတ်ကူးယဉ်မှုတွေ လွန်ကဲလာသောအခါ... လက်တွေ့အခြေအနေများကိုငြင်း ပယ်မိသားဖြစ်သွားတာမဆန်း...။

သည်အဖြစ်အပျက်ကလည်း တစ်ခါနှင့် အစွဲကျွတ်သွားတာမဟုတ်။စစ်ကိုင်း- မန္တလေးကားလမ်းနံဘေးက တက်သေးအင်းအရှေ့ခြမ်း အိမ်ရာများဆီသို့လည်း စုံစမ်းမိနေချေသေး၏။ ညိုညစ်ညစ်အင်းရေစပ်မှာ မေးတင်ဆောက်ထားသည့် တိုက်ခန်းတွေမှာ တံခါးပိတ်ထားသည့် အခန်းတွေက အများစုဖြစ်နေသည်။ အပေါ်ဆုံး ဒုတိယထပ်မှာတော့ မူလမြေပိုင်ရှင်တစ်ဦးစ၊ နှစ်ဦးစရှိနေသဖြင့် အပေါ်ထပ်တက်ကာ ဈေးနှုန်းအခြေအနေ၊ နေရေးထိုင်ရေး အခြေအနေတွေ မေးမြန်းမိသည်။ ထိုအခါ လက်ရှိ သူတို့နေထိုင်လက်စအခန်းကိုရောင်းမှာဟု အားတက်သရောပြောဆိုပြီး ဇွတ်ထိုင်ခိုင်းကာ ဟိုတံခါးဖွင့်ပြ၊ ဒီတံခါးဖွင့်ပြနှင့် ပျာပျာသလဲဖြစ်ကုန်ကြ၏။

''အင်း...အနောက်ခြမ်းတိုက်ခန်းတွေက ပိုကျယ်သလိုပဲ၊ ဒါပေမယ့်ဒီနေရာက ၈၄ လမ်းမကြီးနဲ့တစ်ဆက်တည်းဆိုတော့ စက်ဘီးနဲ့ဆိုရင်ပဲ မြို့လယ်နဲ့ ၁၅ မိနစ်အတွင်းရောက်နိုင်တဲ့နေရာ''ဟုတွေးကာ ဝမ်းသာနေမိ၏။ သို့သော် လက်ထဲမှာက တစ်ပြားတစ်ချပ်မှမရှိပါဘဲ လက်တွေ့အခြေအနေကိုမေ့လျော့ကာ စိတ်ကူးယဉ်နေတာ ကိုယ့်ကိုယ်ကိုယ်နှိုက်ပင်မသိတော့...။

ဤသို့ဖြင့် ဈေးချိုအနောက်ဘက်သီရိမန္တလာကားကြီးကွင်းအနီးက သီရိမန္တလာ တိုက်ခန်းတွေဆီသို့လည်း တက်ခဲ့သက်ခဲ့ပြီးပြီ။ ဗောဓိကုန်းရပ်က လေးထပ်တိုက် ခန်းလှေကားများပေါ်လည်း ခြေရာတပ်ခဲ့ပြီးပြီ။ မြောက်ပြင်ဥပုသ်တော်အရပ်က ပိတ်ထားသော တိုက်ခန်းများဆီသို့လည်း သွားခဲ့လာခဲ့ဖူးပေပြီ။

ထိုကဲ့သို့ တိုက်ခန်းတွေဆီ လှည့်ပတ်ကြည့်ရှုနေမိ၏ အဖျတ္တကမူလ မန္တလေး အငွေ့အသက်နှင့် အကင်းလွတ်အဝေးကွာမခံနိုင်ခြင်းပင် မဟုတ်ပါလား။ ဘာမှ မဝေးသော ပုသိမ်ကြီးမြို့ကလေးမှာရောက်သွားသော်လည်း စည်သာလမ်းကကျွန်တော့် မိတ်ဆွေသည် မနက်လင်းတာနဲ့ မန္တလေးဘက်ဆီငေးရီပြီး ဘယ်နည်းဘယ်ပုံ မန္တလေး ကိုလာဖို့အကြောင်းပြရပ့်မလဲဆိုသည့် ဝေဒနာကိုအနီးကပ်ဆုံး သိနေရတာ ကျွန်တော် ဖြစ်ပါသည်။ ထိုဝေဒနာကို ကျွမ်းနေအောင် အမြစ်တွယ်ခံနေရသူက သူသာမက ကျွန်တော်လည်းပါဝင်နေတာ နှစ်ဦးစလုံးသိနေကြသည်။ ထို့ကြောင့်''အကယ်၍သာ'' ဟူသော အနာဂတ်ကိုစွမတိုင်မီ မိမိ၏မသိစိတ်က ကြိုတင်ပြင်ဆင်မိနေခြင်းဖြစ်ပါ၏။ တစ်တီတူးငှက်က မိုးပြိုလျှင်ဟူသောအတွေးဖြင့် ခြေနှစ်ချောင်းထောင်အိပ်သည်ဟု ဆိုသောကြောင့် မပြိုသည့်မိုးအပေါ်မိုက်မဲလှသည့် တစ်တီတူးငှက်၏အယုံအကြည် ကင်းမဲ့မှုကို ပတ်ဝန်းကျင်ကရယ်မောမိကြသည်။ ကျွန်တော်ကိုယ်နှိုက်က ပြိုနိုင်သည့် မိုး(သို့မဟုတ်)ပြိုနေသည့် မိုးအား ဘယ့်နှယ်လုပ်ပြီး မိုးကပြိုနိုင်ပါ့မလဲဟု ဟားတိုက်ရယ်မောမိခဲ့သည်မဟုတ်ပါလား...။ ကိုယ့်ကိုယ်ကိုအထင်ကြီးရောက်၊ ဟန်ဆောင်ဘဝကို ကိုယ်ပိုင်ထင်နေမိသည် မဟုတ်ပါလား...။ တကယ်တမ်းမိုးပြိုတော့မှာ သေချာပြီဟု သိရချိန်တွင် ကိုယ်ခံအားက ဘာမှမရှိတော့...။

ထိုအခါ...နေစရာဝပ်ကျင်းတစ်နေရာ ရှာဖွေခြင်းကိစ္စသည် ဝမရှိဘဲ ဝိလုပ်ခြင်း ကိစ္စဖြစ်ရတော့၏။

စည်သာလမ်းက လက်ဖက်ရည်ဆိုင်ကလေးမှာထိုင်ရင်း ဆိုင်ကလေးကလည်း မန္တလေးကိုချစ်သည့် ရွှာနေပြည်ထိုင်မို့ နန်းတော်ရှေ့ဆရာတင်သီချင်းတွေ...၊ မြို့မငြိမ်း သီချင်းတွေဖွင့်...။ လက်ဖက်ရည်လာသောက်သည့်ကျွန်တော်တို့ကလည်း ထို သီချင်းတွေခံစားရင်း မန္တလေးကိုဆီလိုအပေါက်ရှာပြီး ကြံဖန်ချစ်နှင့်...တစ်ချစ်တည်း ချစ်နေကြရာ...ကနဦးထိုလက်ဖက်ရည်ဆိုင်လေးကစတင်ပြီး ချစ်သောမန္တလေးနှင့် ဝေးကွာ...။ ထို့နောက် ကျွန်တော့်မိတ်ဆွေလည်း ချစ်သောမန္တလေးနှင့်ဝေးကွာ...။ မကြာပါချေ ကျွန်တော်လည်း ခြေလှမ်းတွေမခိုင်ယိုင်နဲ့နဲ့ ဖြစ်လာတော့ ဦးတည်ရာမဲ့ အတွေးတွေနောက်ကောက်ကောက်ပါလိုက်ယောက်ယက်ခတ်နေမိခြင်း ဖြစ်ပါ၏။

***(''ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို'' ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ပညာပေးဆောင်ရွက်

**ဝက်လက် ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု ရှိစေရေးအတွက် စစ်ဆေးပညာပေးမှုများကို ဇူလိုင်လစတုတ္ထပတ်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဝင်းမြင့်ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းပူးပေါင်းအဖွဲ့တို့က ဝက်လက်မြို့အမှတ်(၁) ရပ်ကွက် ဆေးရုံလမ်းဆုံ၌ ကိုယ်ပိုင်ကားများ၊ ထော်လာဂျီများနှင့် ဆိုင်ကယ်အသုံးပြုသူများအား စစ်ဆေးကာ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ဆင်ရန်နှင့် ယာဉ်များ မောင်းနှင်ရာတွင် ဥပဒေနှင့်အညီ သတ်မှတ်ထားသော လိုင်စင်များပါရှိရန် ပညာပေး



ဆွေးနွေးခြင်းနှင့် မော်တော်ယာဉ်မောင်းသူများအား ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်များကိုစစ်ဆေးပြီး ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပန်းတောရေကြည်စာကြည့်တိုက်ကော်မတီမှ ကဗျာ၊ စာစီစာကုံး၊ ဆောင်းပါး ဆုပေးပွဲကျင်းပ

**ရေကြည် ဇူလိုင် ၂၆**

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နေဝင်းရပ်ကွက်ရုံးပေါင်းစုံအနီး၌ ဖွင့်လှစ်ထားသော ပန်းတောရေကြည်စာကြည့်တိုက်တွင် စာကြည့်တိုက်ကော်မတီ၏ စာပေလှုပ်ရှားမှုအနေဖြင့် ကဗျာ၊ စာစီစာကုံး၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပခဲ့ရာ ဆုရကျောင်းသား ကျောင်းသူလေးများအား ဆုပေးပွဲအခမ်းအနားကိုဇူလိုင် ၂၄ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ စာကြည့်တိုက်ကော်မတီနာယကဦးတင်သိန်းက အမှာစကားပြောကြားပြီး စာပေပြိုင်ပွဲဆုရမူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့မှ ကဗျာ၊ စာစီစာကုံးဆုရ ကျောင်းသားကျောင်းသူ ၃၀ နှင့်အလွတ်တန်းဆောင်းပါးဆုရသူနှစ်ဦးအား ဆုချီးမြှင့်ခဲ့သည်။

ထို့နောက်ပန်းတောရေကြည်စာကြည့်တိုက်အတွက် လိုအပ်နေသော သုတ၊ ရသစာအုပ်များကို အလှူရှင်များက လှူဒါန်းရာကော်မတီဥက္ကဋ္ဌဦးစိုးနိုင်က လက်ခံယူသည်။ ပန်းတော ရေကြည်စာကြည့်တိုက်မှာ ရေကြည်မြို့အချက်အချာကျသည့်နေရာတွင်တည်ရှိပြီး စာဖတ်သူများအတွက် ဇူလိုင် ၁၇ ရက်ကဖွင့်လှစ်ခဲ့ပြီး စာအုပ်ရေ ၂၀၀၀ ဝန်းကျင်သာရှိကာ ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ကြည့်ရှုနိုင်ရန် စီစဉ်ထားပြီး စာအုပ်အလှူရှင်များလည်း လိုအပ်လျက်ရှိကြောင်းနှင့် ဖုန်း၀၉-၄၂၂၄၇၀၄၁၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

## ပြည်သူတို့၏ နစ်နာမှု၊ အဆင်မပြေမှုများနှင့်စပ်လျဉ်း၍ ထိထိရောက်ရောက်တိုင်တန်းရန်လို

**မကွေး ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီးအတွင်း ဒေသခံပြည်သူများကြား ဖြစ်ပွားလျက်ရှိသော လယ်ယာမြေပြဿနာများ၊ အခြားနစ်နာမှု၊ မကျေနပ်မှု၊ အဆင်မပြေမှုများ၊ အသနားခံမှုများနှင့်ပတ်သက်သည့် ကိစ္စရပ်များအပေါ် တိုင်ကြားလိုသူများအနေဖြင့် ထိထိရောက်ရောက်တိုင်တန်းရန် လိုအပ်နေကြောင်း မကွေးတိုင်းဒေသကြီးလွှတ်တော်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ် ဆောင်ရွက်ရေးကော်မတီမှ သိရသည်။

'' တိုင်ကြားစာတွေက ကော်မတီကို တိုက်ရိုက်လိပ်မူ တာဖြစ်ရမယ်။ အချက်အလက်အကိုးအကား ပြည့်ပြည့်စုံစုံ တိုင်တန်းဖို့လိုပါတယ်။ အချက်အလက်ပြည့်စုံရုံတင်မကဘဲ တိုင်တန်းသူရဲ့အကြံပြုသဘောထားမှတ်ချက်တွေ ထည့်သွင်းတာကိုလည်း ကြိုဆိုပါတယ်။ အချက်အလက်ကို အမှတ်စဉ်တပ်ရေးတာ ဒါမှမဟုတ် သူတို့ရဲ့ဖြစ်စဉ် အကျဉ်းချုပ်ကို ရေးမယ်။ ဒီဖြစ်စဉ်ကြောင့် သူတို့ရဲ့နစ်နာမှုကို ရေးမယ်။ နစ်နာမှုကို ဆောင်ရွက်ရာမှာ ဘယ်လိုပုဂ္ဂိုလ်တွေ၊ ဌာနတွေဆိုတာ ပေါ်လွင်အောင်ရေးမယ်။ ဖြစ်စဉ်ဖြစ်ခဲ့တဲ့ နေ့စွဲ၊ သူတို့နစ်နာမှုနဲ့အတူ ဖြေရှင်းပေးစေချင်တာကိုရေးမယ်ဆိုရင်တော့ ကော်မတီအစည်းအဝေး လုပ်တဲ့အခါမှာ လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်းဖတ်ရှုပြီးတော့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ် ''ဟု ကော်မတီဥက္ကဋ္ဌ ဦးနေမျိုးကျော်က ပြောသည်။

တိုင်ကြားစာများကို ဖြေရှင်းသည့်အခါ ကော်မတီဝင် ၁၁ ဦးအပြင် မြို့နယ်အလိုက် ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များကို ခေါ်ယူပြီး တိုင်ကြားစာ ဖြေရှင်းမှု၊ ကြားနာမှုတွင် ၎င်းကိုယ်စားလှယ်များ၏ သဘောထား မှတ်ချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်သည့်အတွက် တိုင်ကြားသူများအနေဖြင့် သက်ဆိုင်ရာမြို့နယ်ကိုယ်စားလှယ်များကိုလည်း တင်ပြထားရန်လိုအပ်ကြောင်း ကော်မတီ ဥက္ကဋ္ဌက အကြံပြုသည်။

တိုင်ကြားသည့်အခါ ကော်မတီနှင့် အခြားပုဂ္ဂိုလ်၊ ဌာနတစ်ခုခုကို ပူးတွဲလိပ်မူခြင်း၊ ကော်မတီသို့ မိတ္တူပေးခြင်းများ ကို ရုံးလုပ်ထုံးလုပ်နည်းအရ တိုက်ရိုက်ဖြေရှင်းဖို့တာဝန်မရှိကြောင်း၊ ပုဂ္ဂိုလ်ရေးတိုင်တန်းစာ၊ ပစ်စာများကို ဖြေရှင်းမည် မဟုတ်ကြောင်း၊ တရားရုံးတွင် ရင်ဆိုင်နေဆဲအမှုအခင်းများကို ကော်မတီအနေဖြင့် တရားစီရင်ရေးမဏ္ဍိုင်ကို စွက်ဖက်သည့်အဓိပ္ပာယ်မျိုးမသက်ရောက်စေရန် တိုက်ရိုက်ဝင်ရောက် ဖြေရှင်းမည်မဟုတ်ကြောင်း၊ လွှတ်တော်သည် ဥပဒေပြုခြင်း၊ အစိုးရကို စောင့်ကြည့်ထိန်းညှိလေ့လာခြင်း၊ ပြည်သူကို ကိုယ်စားပြုခြင်းဆိုသည့် အဓိကတာဝန်(၃)ရပ်သာရှိသည့်အတွက် ပြဿနာများကို ဖြေရှင်းသည့်အခါ လွှတ်တော်စဉ်းစားနည်းအတိုင်းသာ စဉ်းစားပြီး ဥပဒေပြုမဏ္ဍိုင်၏ လုပ်ပိုင်ခွင့်ဘောင်ကိုကျော်ကာ အုပ်ချုပ်ရေးစဉ်းစားနည်း၊ ဆုံးဖြတ်နည်းအတိုင်း ဆောင်ရွက်မည်မဟုတ်ကြောင်း ကော်မတီမှ သိရသည်။

ကော်မတီစတင်တာဝန်ယူစဉ်မှစ၍ သုံးလတာကာလအတွင်း ကော်မတီသို့ တိုက်ရိုက်တိုင်ကြားလာသည့် တိုင်ကြားစာ ၁၈၀ ရှိပြီး မြေယာပြဿနာများမှာ တိုင်ကြားစာများ၏ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်နေကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ပါအတိုင်း ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**မော်လမြိုင် ဇူလိုင် ၂၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်အရ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ပါအတိုင်း ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ယာယီ ဒုတိယရဲမှူးကြီး ဦးလှိုင်မင်းထွန်းဦးစီးပြီး တပ်ဖွဲ့ဝင် ၇၀ ၊ မှီခိုနေထိုင်သူ မိသားစုဝင် ၄၀ စုစုပေါင်း ၁၁၀ တို့က ဇူလိုင် ၂၃ ရက်တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များအား နံနက် ၇ နာရီခွဲမှ ၁၁ နာရီအထိ သွားရောက်ရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်သော အန္တရာယ်များအကြောင်း ဟောပြော

**ဆော ဇူလိုင် ၂၆**

ဂန့်ဂေါခရိုင် ဆောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်သော အန္တရာယ်များအကြောင်း ဟောပြောပွဲကို ဇူလိုင် ၂၃ ရက်က ဆောမြို့ အခြေခံပညာအထက်တန်းကျောင်း သီဟသူရညီအေးခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှခက်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာမြတ်လေးပန်က မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်သော အန္တရာယ်များအကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှခက်က မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရန်ကုန်မြို့မှ စေတနာရှင်များ ပေးပို့လှူဒါန်းသည့် စာအုပ်နှင့်စာရေးကိရိယာများအား ဆောအထကမှ ဆင်းရဲနွမ်းပါးသည့် ကျောင်းသား ကျောင်းသူများအတွက် ဆရာမ ဒေါ်သင်းသင်းလှိုင်ထံသို့ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

(၁၀၁)



## ကျေးရွာမြေငှားဂရန်ထုတ်ပေး

**တောင်ငူ ဇူလိုင် ၂၆**

တောင်ငူမြို့ မိုးကောင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် ကျေးရွာမြေငှား ဂရန်ထုတ်ပေးခြင်းအခမ်းအနားကို ဇူလိုင် ၂၄ ရက်က အဆိုပါကျေးရွာရှိ ညောင်ပင် သာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ကျေးရွာပြည်သူများအား ကျေးရွာမြေငှားဂရန် ကတ်ပြားများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးနှင့် ခရိုင် အုပ်ချုပ်ရေးမှူးတို့က ပေးအပ်ခဲ့သည်။

တောင်ငူမြို့နယ် မိုးကောင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် ရွာမြေ ၃ ဒသမ ၈၉ ဧက၊ လယ်မြေဧက ၁၁ ဒသမ ၂၀ ပေါ်တွင် တည်ဆောက်နေထိုင်သော အိမ်ခြေ ၆၈ အိမ်ရှိသဖြင့် ကျေးရွာမြေငှား ဂရန် ၆၈ ခု ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဖွင့်ပွဲကျင်းပ

**ပဲခူး ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး(အလွတ်တန်း) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက်က တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်လွင်က အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစား သစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုခဲ့ကြသည်။

ပြိုင်ပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် အမျိုးသား ၂၈ သင်း၊ အမျိုးသမီး ခုနစ်သင်း စုစုပေါင်း ၃၅ သင်းတို့က ဇူလိုင် ၂၅ ရက်မှ ၂၈ ရက်အထိ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ဝါးပါးဆည်အတွင်း ငါးသားပေါက်ကောင်ရေ တစ်သိန်းစိုက်ထည့်

**သထုံ ဇူလိုင် ၂၆**

မွန်ပြည်နယ် သထုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒေသတွင်းငါးစားသုံးမှု ဖူလုံစေရန်အတွက် ငါးသားပေါက်ကောင်ရေ တစ်သိန်းကို သထုံမြို့ရှိ ဝါးပါးဆည်အတွင်းသို့ ဇူလိုင် ၂၄ ရက် ညနေ ၅ နာရီက ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် စုပေါင်းကာ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

"ဒီဆည်က ဒေသတွင်းချောင်းမြောင်းတွေနဲ့ လယ်တွေကို စိုက်ပျိုးရေပေးတဲ့ဆည်ဆိုတော့ ဒီကနေတစ်ဆင့် ငါးမျိုးတွေက အကုန်ရောက်တာပေါ့။ ဒါကြောင့် နှစ်စဉ်ငါးမျိုးစိုက်ထည့်ပေးတယ်။ ဒီဆည်မှာပဲ ဒီနှစ်အတွင်း နှစ်ကြိမ်ရှိပြီ။ ဒီနှစ်ထဲမှာကို သထုံမြို့နယ်ထဲမှာ လယ်ကြားမြောင်းတွေနဲ့ မြစ်ချောင်းတွေမှာပါ ငါးကောင်ရေ စုစုပေါင်း နှစ်သိန်းလောက် မျိုးစိုက်ထည့်ပေးဖို့ စီစဉ်ထားပါတယ်" ဟု ပြည်နယ်ငါးလုပ်ငန်းစခန်း(သထုံ)မှ စခန်းတာဝန်ခံဦးစီးအရာရှိ ဦးဝင်းဗိုလ်က ပြောသည်။



အဆိုပါ ငါးမျိုးစိုက်ထည့်ရာတွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ငါးမြစ်ချင်းကောင်ရေ ၈၀၀၀၀နှင့် ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀ တို့ကို ဆည်အတွင်းသို့ စုပေါင်းစိုက်ထည့်ပေးခဲ့ကြသည်။

ပြည်နယ် ငါးလုပ်ငန်းစခန်း(သထုံ)အနေဖြင့် ယခုနှစ်တွင် ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေဝါငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးကြင်းဖြူ၊ ငါးသိုင်းခေါင်းပွ၊ တီလားပီးယား၊ မြက်စားငါးကြင်းစသည့် ငါးသားပေါက်ကောင်ရေ ရှစ်သိန်းခန့်အား မွန်ပြည်နယ်အတွင်းရှိ လယ်ကြားမြောင်းများ၊ မြစ်ချောင်းများတွင် ဒေသတွင်း ငါးမျိုးများ ပြန့်ပွားစေရေးအတွက် အခမဲ့မျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# စစ်ကိုင်းမြို့နယ် နတ်ခရိုင်နှင့်အုန်းတောကျေးရွာအကြား၌ တရားမဝင်တမလန်းများဖမ်းဆီးရမိ

**စစ်ကိုင်း ဇူလိုင် ၂၆**

စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှ မှုခင်းနှိမ်နင်းရေးအဖွဲ့နှင့် ခရိုင်သစ်တောဦးစီးဌာန မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် တရားမဝင် တမလန်းသစ်စကွဲယားတုံးများကို ဇူလိုင် ၂၂ ရက် နံနက်၁၀ နာရီက စစ်ကိုင်းမြို့နယ် နတ်ခရိုင်နှင့်အုန်းတောကျေးရွာအကြား၌ ဖမ်းဆီးရမိကြောင်းသိရသည်။



ဖြစ်စဉ်မှာ ခရိုင်မှုခင်းနှိမ်နင်းအဖွဲ့မှ ရဲအုပ်အောင်စိုးမင်းဦးစီးအဖွဲ့၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေးနှင့် တာဝန်ရှိသူများ နယ်မြေသတင်းအရ ဇူလိုင် ၂၂ရက် နံနက်ပိုင်းက တရားမဝင်သစ်ရှာဖွေဖမ်းဆီးခြင်း လုပ်ငန်းဆောင်ရွက်စဉ် စစ်ကိုင်း-မုံရွာကားလမ်း စစ်ကိုင်းမြို့နယ် နတ်ခရိုင်နှင့်အုန်းတောကျေးရွာအကြား ကုက္ကိုလ်တန်းရေကျော်တံတားအမှတ်(၃၀/၁)အနီး မုံရွာဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း စိုင်းဖြိုးမာန်အောင်(၂၈နှစ်) စဝ်စံထွန်းရပ် တောင်ကြီးမြို့နှင့် ယာဉ်ပေါ်ပါ အောင်နိုင်ဝင်း (ခ)ဖိုးသား၊ အောင်ပင်လယ်ရပ်၊ ချမ်းမြသာစည် မန္တလေးမြို့နေသူတို့ မောင်းနှင်လာသည့် 3F/--- ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ အောင်နိုင်ဝင်း(ခ)ဖိုးသားမှာ ယာဉ်ပေါ်မှ ထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်ပေါ်တွင် သယ်ဆောင်လာသည့် တရားမဝင် တမလန်းသစ်စကွဲယားများ တွေ့ရှိခဲ့သည်။ ယာဉ်ကို ပိုးတန်းရပ် မြို့နယ်သစ်တောရုံးသို့မောင်းနှင်၍ စစ်ဆေးရာတရားမဝင် တမလန်းသစ်စကွဲယားတုံး ၅၀ (၆ ဒသမ ၂၉၃၂ )တန်ကို ဖမ်းဆီးရမိခဲ့ပြီး မြို့နယ်သစ်တောရုံးတွင် သိမ်းဆည်းထားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်က ယာဉ်ကို မြို့မရဲစခန်းတွင်အပ်နှံ၍ တရားမဝင် တမလန်းသစ်စကွဲယားများ သယ်ဆောင်မောင်းနှင်လာသူ စိုင်းဖြိုးမာန်အောင်နှင့် ထွက်ပြေးတိမ်းရှောင်သူ အောင်နိုင်ဝင်း (ခ)ဖိုးသားတို့အား စစ်ကိုင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးဝင်း (စစ်ကိုင်း)**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် မြန်မာနိုင်ငံအသည်းရောင်ဒေးရှင်း ဗိုလ်ကျော်သန်း ပရဟိတအဖွဲ့တို့ဖြင့် ချိတ်ဆက်၍ ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီက ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှုဖြစ်သော ဒုတိယအကြိမ် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး ထိုးနှံပေးနေစဉ်။**
ပေါက်စ (မင်းလှ)

## သတင်းတိုများ

### တံတားဦးမြို့နယ်တွင် နွားစာရှားပါးစပြုလာ၍ နွားစာစုဆောင်းမှုများရှိနေ

တံတားဦးနယ်မှ တောင်သူများသည် နွားစာဝယ်ယူရေးအတွက် ကား၊ ထော်လာဂျီနှင့် ဝယ်လက်ဆင်းနေရကြောင်း တံတားဦးတောင်သူတစ်ဦးက ပြောသည်။ မိုးနှမ်း(ခေါ်)ရေသွင်းနှမ်းပေါ်နေ၍ နှမ်းရိုးများကို ရွာများသို့ဆင်းပြီး နှမ်းခင်းထဲအထိ သွားပြီးဝယ်နေရကြောင်း ထော်လာဂျီတစ်စီးတိုက် ငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ အထိ ဈေးပေးရကြောင်း သိရသည်။

တံတားဦးတွင် နွားကိုအုပ်လိုက်မွေးပြီး နွားစားကျက်ရွှေ့ပြောင်းစနစ်နှင့် မွေးမြူနေရာ ယခုနှစ်မိုးရာသီတွင် နွားစာရှားပါးနေ၍ နွားစာဝယ်ယူရေး ရာသီစောနေခြင်းဖြစ်သည်။နွားစာတစ်တောင်း ငွေကျပ် ၅၀၀၊ ၁၀၀၀ ရှိပြီး သုံးတောင်းဝင်တစ်ဖုန်မှာ ငွေကျပ် ၁၅၀၀ ဝန်းကျင်ရှိနေသည်။ ပြောင်းရိုးထက် ယခုအခါ နှမ်းရိုးတွေရောကြွေးနေရကြောင်း တောင်သူတစ်ဦးက ပြောသည်။

**ခင်ဇော်မွန်မြင့် (ဥပဒေ)**

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအသိပညာပေး

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက အမှတ် (၆၁) ယာဉ်ထိန်းတပ်ဖွဲ့ သုံးခွမြို့နယ်တပ်ဖွဲ့စုမှူး ဒုရဲမှူး အောင်နိုင်ဦးက ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ကျဆင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောခဲ့ကြောင်းသိရသည်။

အဆိုပါဟောပြောပွဲသို့ အထက(၁)တာဝန်ခံ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးမြင့်နှင့်ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

### စာပေအလင်းရောင် စာကြည့်တိုက်ဖွင့်

ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ စာပေအလင်းရောင် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မိုးညွန့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် သိကောင်းစရာများကိုလည်းကောင်း၊ အင်းတကော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ဝင်းက စာကြည့်တိုက်ရေရှည်သန့်ရှင်းရေး၊ ဝိုင်းဝန်းကူညီပေးရေး အစီအစဉ်တို့ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များက သုတ၊ ရသ၊ စာအုပ်စာစောင်များ၊ ဂျာနယ်၊ သတင်းစာမျိုးစုံတို့ကို စာကြည့်တိုက်ကော်မတီထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

### မြစ်ငယ်ရထားရဲတပ်ဖွဲ့ အမှတ်(၆)တပ်ခွဲ မှုခင်းကျဆင်းရေး အသိပညာပေး

မြစ်ငယ်ရထားတပ်ဖွဲ့အမှတ်(၆) တပ်ခွဲ တပ်စု (၁) မှ ရဲအုပ်စိန်ဌေးဝင်းသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြစ်ငယ်မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်၍ ရဲအုပ်စိန်ဌေးဝင်းက မှုခင်းလျော့နည်းကျဆင်းရေး၊ လူကုန်ကူးမှုမဖြစ်ပွားစေရေး၊ တားဆီးကာကွယ်မှုများနှင့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေသစ်များမှပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းကို ပြည်သူများသိရှိနားလည်စေရန် လက်ကမ်းစာစောင်များဖြန့်ဝေ၍ အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

### စလင်းမြို့နယ် မိုးဝန်းကျေးရွာ၌ မြေဩဇာဂရန်များထုတ်ပေး

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် မိုးဝန်းကျေးရွာ ရွာဦးကျောင်းဓမ္မာရုံ၌ ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက မြေဂြာဂရန်များထုတ်ပေးပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က မြေဂြာဂရန်များ ထုတ်ပေးရခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဦးနိုင်နိုင်အောင်တို့က ကျေးရွာများသို့ မြေဂြာဂရန်များ ဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး အိမ်ထောင်စု ၅၂ စုကို မြေဂြာဂရန်များ တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**




## ကျေးလက်နေပြည်သူများအား ကျန်းမာရေး အခမဲ့ကွင်းဆင်းဆေးကုသ

**ပင်းတယ ဇူလိုင် ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ပိန္နဲကုန်းကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီက ကျေးလက်နေပြည်သူများကျန်းမာရေးအတွက် အခမဲ့ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းကို မြို့နယ်ကျန်းမာရေးဌာနမှ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပင်းတယမြို့နယ်တွင် ကျေးရွာပေါင်း ၁၃၈ ရွာကို ယခုအခါအခမဲ့ကွင်းဆင်းဆေးကုသပေးခဲ့သည့်အကြိမ်ပေါင်း ၁၉၉ ကြိမ်ရှိခဲ့ပြီး အဆိုပါ အခမဲ့ဆေးကုသနိုင်ရေးအတွက် ကုန်ကျစရိတ်များနှင့် ဆေးပစ္စည်းများအတွက် ရပ်ဝေးရပ်နီးများမှ စေတနာရှင်များက လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ယူရိုပါလိဂ် တတိယအဆင့် ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်တွေ ကစားပြီ

**မိုးမြင့်လင်းလက်**




ယူရိုပါလိဂ်တတိယအဆင့် ပထမအကျော့ခြေစမ်းပွဲတွေကို ဇူလိုင် ၂၈ ရက်မှာ စတင်ကစားမှာဖြစ်ပါတယ်။ အသင်းတွေစုံပြီး ခြေစွမ်းမျိုးစုံကို တွေ့မြင်ကြရမယ့်ပွဲဖြစ်လို့ ရသစုံကို ပေးစွမ်းဦးမှာ သေချာပါတယ်။ ယူရိုပါလိဂ်ခြေစစ်ပွဲအောင်မြင်ပြီး နောက်ဆုံးဗိုလ်လုပွဲဆင်နွှဲဖို့အတွက် အခုပွဲစဉ်တွေကို အနိုင်နဲ့ဖြတ်သန်းဖို့ဆိုတာ တော်ရုံအားထုတ်လို့မရတာမို့ ခြေကုန်ထုတ်ကြရမယ့်ပွဲတွေဖြစ်နေပြန်ပါတယ်။

**ဝက်စ်ဟမ်းနှင့် ဒွမ်ဇာလီ**

ဝက်စ်ဟမ်းအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ပရီမီယာလိဂ်မှာ အဆင့် (၇)နေရာမှာ ရပ်တည်ခဲ့တဲ့အသင်းဖြစ်သလို ဆလိုဗေးနီးယားကလပ် ဒွမ်ဇာလီတို့ကတော့ ပြည်တွင်းလိဂ်မှာ တတိယနေရာရရှိခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဝက်စ်ဟမ်းတို့ဟာ ခံစစ်ပိုင်းအားနည်းချက်ကို ပြုပြင်ရမယ့်အနေအထားရှိသလို တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းအားလည်း မြှင့်တင်ဖို့ လိုအပ်နေပါတယ်။ ဒွမ်ဇာလီတို့ကလည်း ခံစစ်ပိုင်းကောင်းမွန်ပေမယ့် တိုက်စစ်ပိုင်းထက်မြက်မှုမရှိတာကို အားမဖြည့်ရင် ပြိုင်ဘက်တွေကို ကျော်ဖြတ်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒီပွဲမှာ ဝက်စ်ဟမ်းတို့က အိမ်ကွင်းလည်းဖြစ်တာမို့ ဖိဖိစီးစီးကစားရင် အနိုင်ဆိုတာ ဝက်စ်ဟမ်းတို့အတွက်ပဲ ဖြစ်ပါလိမ့်မယ်။

**သြစတြီးယားဗီယင်နာနှင့် တာနာဗာ**

သြစတြီးယားဗီယင်နာတို့က သြစတြီးယား ပြည်တွင်းလိဂ်မှာ ပြီးခဲ့တဲ့နှစ်က တန်းစီဇယား တတိယနေရာနဲ့ ကျေနပ်ခဲ့ရတဲ့ အသင်းဖြစ်ပြီး တာနာဗာတို့က ဆလိုဗက်ကီးယားလိဂ်မှာ စတုတ္ထနေရာမှာ ရပ်တည်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဗီယင်နာရဲ့ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲရလဒ်ကိုကြည့်ရင် ဒိုရန်ပီရန်အသင်းကို ခြောက်ဂိုးပြတ်နဲ့နိုင်ပြီး ကုကီစီအသင်းကိုတော့ လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ တာနာဗာတို့ကလည်း ပို့ဘရီဇိုတာအသင်းကို တစ်ဂိုးစီ သရေပွဲဖြစ်ပြီး ရှီရက်အသင်းကိုတော့ နှစ်ဂိုးပြတ်နိုင်ပွဲရခဲ့ပါတယ်။ ဒီနှစ်သင်းရဲ့လက်ရှိခြေစွမ်းကိုကြည့်ရင် သြစတြီးယား ဗီယင်နာတို့က အားသာချက်ရှိတာမို့ အနိုင်ဆိုတာ ဗီယင်နာတို့ပဲ ရယူသွားမှာပါ။

**လာနာကာနှင့် စပါးတပ်မော်စကို**

ဆိုက်ပရပ်စ်ပြည်တွင်းလိဂ်မှာတော့ လာနာကာတို့က ပြီးခဲ့တဲ့နှစ်မှာ ဒုတိယရရှိခဲ့တဲ့အသင်းဖြစ်ပြီး စပါးတပ်မော်စကိုတို့က ရုရှားလိဂ်မှာ ပဥ္စမနေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။ စပါးတပ်မော်စကိုတို့က ခံစစ်ပိုင်းအားနည်းခဲ့တဲ့အသင်းဖြစ်ပြီး တိုက်စစ်မှူးတွေကတော့ ဂိုးသွင်းနိုင်ကြသူတွေဖြစ်ပါတယ်။ လာနာကာတို့က လောလောဆယ် နောက်ဆုံးနှစ်ပွဲကစားခဲ့တဲ့အနေအထားကိုကြည့်ရင် ဖိုကိုရီ၊ စလစ်တန်ဗယ်လီတို့က ဆက်တိုက်နိုင်ထားပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ရှင်လာနာကာတို့ပဲ နိုင်ပွဲရယူသွားဖို့များနေပါတယ်။

**ဗီဒီယိုတွန်နှင့် မစ်ဂျေလန်း**

ဒိန်းမတ်ကလပ် မစ်ဂျေလန်းဟာ ပြီးခဲ့တဲ့နှစ်ပြည်တွင်းလိဂ်မှာ တတိယနေရာမှာ ရပ်တည်နိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဗီဒီယိုတွန်တို့ကတော့ ဟန်ဂေရီလိဂ်မှာ ဒုတိယရရှိခဲ့တာမို့ နှစ်သင်းစလုံးခြေစွမ်းက ကွာဟမှုမရှိပါဘူး။ ဗီဒီယိုတွန်ရဲ့အားသာချက်က ခံစစ်ပိုင်းဖြစ်ပြီး မစ်ဂျေလန်းရဲ့ အားသာချက်က တိုက်စစ်ပိုင်းဖြစ်ပါတယ်။ နှစ်သင်းစလုံးရဲ့ခြေစွမ်းက လောလောဆယ် အားရစရာပေမယ့် အိမ်ရှင်အားသာချက်နဲ့အတူ ဗီဒီယိုတွန်တို့ပဲ ဂိုးမပြတ်ပေမယ့် ကပ်ပြီးနိုင်သွားပါလိမ့်မယ်။

**AIKနှင့် ပါနာသီနာကို့စ်**

ဆွီဒင်ကလပ် AIK အသင်းဟာ ပြီးခဲ့တဲ့နှစ် ပြည်တွင်းလိဂ်မှာ တတိယနေရာရရှိခဲ့တဲ့အသင်းဖြစ်ပြီး ပါနာသီနာကို့စ်တို့ကတော့ ပြီးခဲ့တဲ့နှစ်ကို ပြည်တွင်းလိဂ်မှာ ဒုတိယနေရာရယူနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ပါနာသီနာကို့စ်ဟာ တိုက်စစ် ထက်မြက်သလို ခံစစ်ကြောင်းလည်း လုံခြုံမှုရှိအောင် ကစားနိုင်တဲ့အသင်းဖြစ်ပါတယ်။ ပါနာသီနာကို့စ်ရဲ့ နောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဖီနာဘာချီကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး အာရစ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့ပါတယ်။ ဇိုလီအသင်းကိုတော့ လေးဂိုးပြတ်သွင်းပြီး ဆက်တိုက်နိုင်ပွဲရခဲ့တာမို့ AIK တို့ အခုပွဲဟာ အိမ်ကွင်းမှာကစားရမှာဖြစ်ပေမယ့် မလွယ်ပါဘူး။ ပါနာသီနာကို့စ်တို့ပဲ အခုပွဲမှာ ဂိုးပြတ်သွင်းပြီး နိုင်ပွဲရကာ နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးကောင်းကို ဖန်တီးပုံဖော်သွားပါလိမ့်မယ်။ ယူရိုပါလိဂ် တတိယအဆင့် ခြေစစ်ပွဲတွေကတော့ ပရိသတ်အကြိုက်တွေ့မယ့် ပြိုင်ပွဲတွေဖြစ်လာဖို့ ရှိနေပါတယ်။ ။

## ခရိုအေရှားနဲ့ပွဲမှာ အင်္ဂလန်နည်းပြအဖြစ် စတင်ကိုင်တွယ်မယ့် ဆမ်အလာဒိုက်စ်

ယူရို ၂၀၁၆ အပြီး နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့တဲ့ ရွိုင်ဟော့ဆန်နေရာကို နည်းပြဖြစ်လာတဲ့ ဆမ်အလာဒိုက်စ်က စက်တင်ဘာလမှာ ခရိုအေးရှားနဲ့ ကစားမယ့်ပွဲမှာ စတင်ကိုင်တွယ်သွားမယ်လို့ ဆိုပါတယ်။ ခရိုအေးရှားနဲ့ အင်္ဂလန်အသင်းတို့ဟာ စက်တင်ဘာ ၁ ရက်မှာ ဝင်ဘလေကွင်းကြီး၌ ချစ်ကြည်ရေးပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ဒီပွဲဟာ ဆမ်အလာဒိုက်စ်အတွက် အင်္ဂလန်အသင်းကို ပွဲဦးထွက်စတင်ကိုင်တွယ်ခွင့်ရှိမှာဖြစ်ပါတယ်။ အင်္ဂလန်နဲ့ ဆလိုဗားကီးယားတို့ စက်တင်ဘာ ၄ ရက်မှာ ကမ္ဘာ့ဖလားခြေစစ်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ကစားရမှာဖြစ်ပါတယ်။ ဒါကြောင့် ခရိုအေးရှားနဲ့ ပွဲဟာ ဆမ်အလာဒိုက်စ်အတွက် အင်္ဂလန်အသင်းကို လေ့ကျင့်ချိန်အခွင့်အလမ်းတစ်ရပ်ပါပဲ။ အင်္ဂလန်အသင်းဟာ နည်းပြ ရွိုင်ဟော့ဆန်လက်ထက်မှာတော့ ကမ္ဘာ့ဖလားမှာ အုပ်စုအဆင့်နဲ့ ထွက်ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ယူရို ၂၀၁၆ မှာလည်း ထင်တိုင်းမပေါက်ခဲ့ပါဘူး။ နည်းပြသစ် ဆမ်အလာဒိုက်စ်ရဲ့ လက်ထက်မှာတော့ အင်္ဂလန်အသင်းရဲ့ ပြောင်းလဲလာမယ့်အနေအထားကို ပရိသတ်တွေက စိုးရိမ်တကြီး စောင့်မျှော်နေတာပါ။ အင်္ဂလန်အသင်းဟာ အောက်တိုဘာ ၈ ရက်မှာ မော်လ်တာ၊ ၁၁ ရက်မှာ ဆလိုဗေးနီးယားအသင်းတွေနဲ့ ကမ္ဘာ့ဖလား ခြေစစ်ပွဲတွေ ဆက်လက်ကစားသွားဖို့ရှိနေပါတယ်။





## ပေါ့ဂ်ဘာနေရာကို အစားထိုးမယ့် မာတစ်

ဂျူဗင်တပ်စ်က ပေါလ်ပေါ့ဂ်ဘာကို မန်ယူသို့ ပြောင်းရွှေ့ကြေး စံချိန်သစ်နဲ့ ရောင်းချနိုင်တာကြောင့် သူ့နေရာ အစားထိုးဖို့ ချယ်လ်ဆီး ကွင်းလယ်ကစားသမား မာတစ်ဟာ ထိပ်တန်းဦးစားပေးခေါ်ယူမယ်လို့ ဂျူဗင်တပ်စ် တာဝန်ရှိသူတွေက ဆိုပါတယ်။ မာတစ်ဟာ ပေါ့ဂ်ဘာနေရာကို အစားထိုးဖို့ အသင့်တော်ဆုံး ကစားသမားလို့ ဆိုပါတယ်။ ချယ်လ်ဆီးနည်းပြ ကွန်တီးက ကွင်းလယ်ကစားကွက်ကို ဖြည့်ဆည်းနိုင်ဖို့ လက်စတာ ကစားသမားကန်တီးကို ပေါင်သန်း ၃၀ နဲ့ခေါ်ယူထားတာပါ။ ချယ်လ်ဆီးအနေနဲ့ ဒီစရိတ်ကိုကာမိဖို့ မာတစ်ကို သေချာပေါက် ပြန်ရောင်းထုတ်ဖို့ ရှိနေပါတယ်။ ဂျူဗင်တပ်စ်အနေနဲ့ နာပိုလီအသင်းမှ ဂွန်ဇာလိုဟီဂူအိန်ကိုလည်း ခေါ်ယူဖို့ရှိနေပါတယ်။ သူဟာ တိုက်စစ်မှူးဖြစ်ပေမယ့် ပေါ့ဂ်ဘာလို ကွင်းလယ်ကစားသမားအဖြစ် ကစားနိုင်တဲ့သူဖြစ်ပါတယ်။ သို့ပေမယ့် မာတစ်ကတော့ ပထမဦးစားပေးခေါ်ယူမယ်လို့ ဆိုပါတယ်။ မာတစ်ဟာ ၂၀၁၄ ခုနှစ်က ဘင်ဖီကာမှ ပေါင်သန်း ၃၀ နဲ့ ချယ်လ်ဆီးက ခေါ်ယူခဲ့တာပါ။ ပြီးခဲ့တဲ့နှစ်ကတော့ ချယ်လ်ဆီးမှာ ရုန်းကန်ကြိုးစားခဲ့ရတဲ့ အနေအထားဖြစ်ပါတယ်။ မာတစ်ဟာ ဂျူဗင်တပ်စ်ကို ပြောင်းရွှေ့ဖို့ အလားအလာအရှိဆုံးကစားသမားတစ်ဦးဖြစ်ပါတယ်။

◆ ကောင်းမြတ်သူ-စုစည်းသည် ◆

## ချယ်လ်ဆီးကွင်းလယ်ကစားကွက်ကို အကောင်းဆုံးကစားပေးမယ့် ကန်တီး

ချယ်လ်ဆီးအသင်းက လက်စတာကွင်းလယ်ကစားသမား အင်န်ဂိုလိုကန်တီးကို ငါးနှစ်စာချုပ်နဲ့ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ ကန်တီးကို စာချုပ်နိုင်ခြင်းဟာ ချယ်လ်ဆီးကွင်းလယ်ကစားကွက်အတွက် အကောင်းဆုံးဖြစ်လာလိမ့်မယ်လို့ ချယ်လ်ဆီးကွင်းလယ်ကစားသမား ရူဘင်လော့တပ်စ်ချက်စ်က ဝန်ခံပြောဆိုလိုက်ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိ ကန်တီးကို ပေါင် ၃၂ သန်းနဲ့ ခေါ်ယူခဲ့တာပါ။ ကန်တီးဟာ ပြီးခဲ့တဲ့ရာသီက လက်စတာအသင်းကို ပရီမီယာလိဂ်ဖလားရအောင် ကြိုးစားပေးခဲ့ရာမှာ အဓိကကစားသမားတစ်ဦး ဖြစ်ပါတယ်။ သူဟာပြီးခဲ့တဲ့ရာသီက လက်စတာအသင်းမှ ၃၇ ပွဲ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ ချယ်လ်ဆီးအနေနဲ့ ယူရို ၂၀၁၆ မှာ ပြင်သစ်အသင်းကို ဗိုလ်လုပွဲအထိ အရောက်ပို့ပေးနိုင်ခဲ့တဲ့ ကန်တီးကိုအရခေါ်ယူဖို့ အာရုံစိုက်ခဲ့ပါတယ်။ ယူရို ၂၀၁၆ အပြီး ချယ်လ်ဆီးက ကန်တီးကို လက်မလွှတ်တမ်းအရ ခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။ လာမယ့်ရာသီမှာတော့ ချယ်လ်ဆီးအသင်းအတွက် အကောင်းဆုံး ကစားပေးနိုင်မယ်လို့ မျှော်လင့်ရပါတယ်။



# အသက် ၁၀၇ နှစ်ရှိ အဘွားဒေါ်မယ်လှအတွက် အစားအသောက်နှင့် ဆေးဝါးများလှူဒါန်းနိုင်

**သတင်းဆောင်းပါး - ဦးငယ်(ဆားလင်းကြီး)**



စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ အမှတ်(၁)ရပ်ကွက် မြေဇွန်တောင်ရပ်မှ အဘွား ဒေါ်မယ်လှမှာ အသက် ၁၀၇ နှစ်ရှိပြီဖြစ်ကြောင်းသိရှိရ၍ စာရေးသူအနေဖြင့် သွားရောက်လေ့လာကြည့်ရှုခဲ့ပါသည်။ ဆင်းရဲချို့တဲ့မှုကြောင့် အစားအသောက်၊ ဆေးဝါးစသည့် လိုအပ်ချက်များ ရှိနေ၍ စေတနာရှင်များအနေဖြင့် လှူဒါန်းနိုင်ကြောင်းလည်း သိခဲ့ရပါသည်။

အသက် ၁၀၇ နှစ်ရှိပြီဖြစ်သော အဘွားဒေါ်မယ်လှကို (အဖ)ဦးဘိုးချို၊ (အမိ)ဒေါ်မမလေးတို့က မြန်မာသက္ကရာဇ် ၁၂၇၁ ခု နယုန်လဆုတ် ၃ ရက်တွင် ဖွားမြင်ခဲ့သည်။ ဦးဘိုးချို၊ ဒေါ်မမလေးတို့က သားသမီးရှစ်ဦး မွေးဖွားခဲ့ပါကြောင်း၊ သားသမီး ရှစ်ဦးတို့မှာ ဦးစံလှ၊ ဦးစံပေါ်၊ ဒေါ်မ၊ ဒေါ်လှ၊ ဒေါ်မြ၊ ဦးဖိုးသင်း၊ ဦးဖိုးကင်း၊ ဦးပိုလိုတို့ဖြစ်ကြရာ ဒေါ်လှမှာ စတုတ္ထမြောက်သမီးဖြစ်ကြောင်း သိရသည်။ အဘွား ဒေါ်မယ်လှမှလွဲ၍ ကျန်သော မွေးချင်းခုနစ်ယောက်လုံးမှာ ကွယ်လွန်သွားကြပြီဖြစ်သည်။

အဘွားဒေါ်မယ်လှသည် တစ်ရွာတည်းနေ ဦးဖိုးတန်နှင့် အိမ်ထောင်ကျကာ သားသမီး ခုနစ်ဦး မွေးဖွားခဲ့ကြောင်း၊ သားသမီးများဖြစ်ကြသော ဒေါ်ပန်၊ ဒေါ်ကံ၊ ဦးဘိုကြည်၊ ဦးဘိုစီ၊ ဦးဘိုရီ၊ ဦးကြည်ဝင်း၊ ဒေါ်ကြည်လင်းတို့အနက် သမီးအကြီးဖြစ်သူ ဒေါ်ပန်အပါအဝင် သားသမီးလေးယောက်သာ ကျန်ရှိတော့ကြောင်း သိရသည်။ အဘွားဒေါ်မယ်လှသည် လက်ရှိအချိန်တွင် သမီးကြီးဖြစ်သူ ဒေါ်ပန်နှင့်အတူ နေထိုင်လျက်ရှိပြီး ဆင်းရဲချို့တဲ့မှုကြောင့် စားသောက်ရာတွင် ထမင်းဖြစ်၊ ဟင်းဖြစ်သာ စားသုံးနေရသည်။ သားသမီးများနှင့် ဆွေမျိုးသားချင်းများမှာလည်း လက်လုပ်လက်စားများမို့ အာဟာရဖြစ်စေသော အစားအစာနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို အချိန်ပြည့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်ကိုလည်း အဘွားဒေါ်မယ်လှက နားလည်မှုပေးထားနိုင်ခဲ့လေသည်။

ယခင် အစိုးရလက်ထက်က နိုင်ငံတော်က ထောက်ပံ့ပေးသော ငွေကျပ် နှစ်သိန်းကိုလည်း လက်ခံရရှိခဲ့ပါကြောင်း၊ တစ်နှစ်တစ်ခါ မြို့နယ်မှ ကြီးမှူးကျင်းပသော သက်ကြီးပူဇော်ပွဲကိုလည်း လူကိုယ်တိုင်မတက်ရောက်နိုင်သည့်တိုင် ထောက်ပံ့ပေးသော ငွေကြေးနှင့် ဆေးဝါးများကို လက်ခံရရှိသလို၊ အခါအားလျော်စွာ လာရောက်ကန်တော့ကြသော ငွေကြေးပစ္စည်းများကိုလည်း ရရှိခဲ့ပါကြောင်း အဘွားဒေါ်မယ်လှက ပြောပြပါသည်။ အဘွားဒေါ်မယ်လှအား အာဟာရပြည့်ဝသော အစားအစာနှင့် ဆေးဝါးများဖြင့် ထောက်ပံ့ကျွေးမွေးပြုစုစောင့်ရှောက်နိုင်ပါက ဆက်လက်၍ အသက်ရှည်ရှည်နေနိုင်သွားမည်ဟု စာရေးသူ ယုံကြည်ပါသည်။

အဘွားဒေါ်မယ်လှ၏ သမီးဖြစ်သူ အသက် ၇၅ နှစ်အရွယ်ရှိ ဒေါ်ပန်ကလည်း အမေဖြစ်သူ ဒေါ်မယ်လှအား စားကောင်းသောက်ဖွယ် စုံစုံလင်လင်နဲ့ ကျွေးမွေးစောင့်ရှောက်ချင်ပါသော်လည်း ဆင်းရဲချို့တဲ့မှုကြောင့် အစားအသောက်ကို ပြည့်ဝစွာ ကျွေးမွေးနိုင်ခြင်း မရှိသည့်အတွက် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း ဆိုလေသည်။

သို့ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ စိတ်ကောင်းချစ်ခင် သူတော်စင်အပေါင်းတို့အနေဖြင့် အသက် ၁၀၇ နှစ်ရှိ အဘွားဒေါ်မယ်လှအား အစားအသောက်နှင့် ဆေးဝါးများအပါအဝင် ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်လိုပါက ဖုန်း-၀၉-၂၅၆၃၁၂၁၁၂ နှင့် ၀၉-၇၉၉၁၁၇၂၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

# တံတားပြိုကျပျက်စီးခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိ

**မြဝတီ ဇူလိုင် ၂၆**

ကရင်ပြည်နယ် မြဝတီမြို့မဲထော်သလေးကျေးရွာအဝင် မြဝတီ-ဝေါလေလမ်းမပေါ်ရှိ မဲထော်သလေးချောင်းကူး ရန်နိုင်လွင်တံတားသည် ဇူလိုင် ၂၄ ရက်က ပြိုကျခဲ့ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားခြင်းမရှိစေရန်အတွက် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်နှင့် ဦးအိုက်ကျန်ခမ်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးခွန်ထွန်းသက်အောင်နှင့် တာဝန်ရှိသူများက တံတားပျက်စီးသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားခြင်းမရှိစေရန်နှင့် ပြည်သူများ လတ်တလောသွားလာနိုင်ရေးအတွက် ယာယီပြင်ဆင်မှုများ ပြုလုပ်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။



မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လတ်တလော ပြည်သူလူထု သွားလာရေးအဆင်ပြေစေရန်အတွက် အုပ်ချုပ်ရေးမှ တာဝန်ရှိသူများ၊ တပ်မတော်၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်ကြီးများချပြီး အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယာယီတံတားထိုးရန် ပေ ၁၀၀ ရှိ ဘေလီတံတားကိုလည်း မှာယူထားကြောင်း ပြောသည်။

အဆိုပါ ချောင်းကူးတံတားကို ၂၀၁၃ ခုနှစ်က ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်ကာ တံတားအရှည် ၄၂ ပေ၊ အကျယ် ၁၈ ပေ နှင့် အမြင့်ပေ ၂၀ ခန့်ရှိ သံကူကွန်ကရစ်တံတားဖြစ်ကာ ဇူလိုင် ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေတိုက်စားမှုကြောင့် အရှည် ၁၀ ပေ၊ အကျယ် ၁၈ ပေခန့်ရှိ တံတားကမ်းကပ်ခုံမှာ ၇ ပေခန့် မြေကြီးထဲသို့ နိမ့်ဆင်းခဲ့ပြီး တံတားအလယ်တိုင်ကျိုးကာ ပြိုကျပျက်စီးသွားခဲ့ခြင်းဖြစ်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# လူထုဗဟိုပြုစီမံကိန်းအရ ဆောင်ရွက်သော ကွန်ကရစ်လမ်းများ ဖွင့်လှစ်

**ချောင်းဆုံ ဇူလိုင် ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ၂၀၁၆ ခုနှစ် လူထုဗဟိုပြုစီမံကိန်းအရ ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်း၍အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းများမှ ကျေးလက်ကွန်ကရစ်လမ်းနှစ်ခုကို ဇူလိုင် ၂၄ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကွမ်ရိုက်ကျေးရွာအုပ်စု ကဒါကျေးရွာနှင့် သင်္ကြောကျေးရွာအုပ်စု ကွမ်လမိုင်း ကျေးရွာများမှ ကွန်ကရစ်လမ်းသစ်များကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ကွန်ကရစ်လမ်းများကို ဇွန်လ ပထမပတ်အတွင်းကစတင်ကာ ကျေးရွာများမှ စီမံကိန်းအထောက်အကူပြု ကော်မတီဝင်များနှင့် ကမ္ဘာ့ဘဏ်အဖွဲ့မှ တာဝန်ရှိသူများက ဦးဆောင်ပြီး ရွာသူ ရွာသားများကိုယ်တိုင် ပါဝင်မှုဖြင့် ဖောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျောင်းမုန့်ဆိုင်များနှင့် ကျောင်းဝန်းကျင်မှ မုန့်ဆိုင်များ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ မရှိ စစ်ဆေးပညာပေး

**ကျွန်းလှ ဇူလိုင် ၂၆**

ကျွန်းလှမြို့သစ်ရာမြိုင်အထကကျောင်းရှိ စားသောက်ဖွယ်ရာမုန့်မျိုးစုံရောင်းချသောဆိုင်များနှင့် ကျောင်းပတ်ဝန်းကျင်ရှိ မုန့်ဆိုင်များတွင် ရောင်းချနေသော အစားအသောက်များ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ဇူလိုင် ၂၃ ရက်က စစ်ဆေးပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနမှဦးဆောင်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများပူးပေါင်း၍ ဈေးဆိုင်များတွင် ရောင်းချနေသော မုန်မျိုးစုံကို ရက်လွန်ခြင်းရှိ မရှိ၊ တားမြစ်ထားသောမုန့်များ ရောင်းချခြင်း ရှိ မရှိတို့ကို လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ရောင်းချရန်မသင့်သောစားသောက်ကုန်ပစ္စည်းများကို ရောင်းချခြင်းမပြုရန်၊ အရောင်ဆိုးဆေးနှင့် ဓာတုဗေဒပစ္စည်းများ၊ အချိုမှုန့်များ ရောနှောပါဝင်သော စားသောက်ကုန်များကို ရောင်းချခြင်းမပြုရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ဖွယ်ရာများကိုသာ ရောင်းချရန်တို့ကိုလည်း မုန့်ဆိုင်ရှင်များအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ဆိုလာစနစ်ဖြင့် ကျေးရွာသုံးရွာမီးလင်းရေးဆောင်ရွက်ရန် ဒေသခံပြည်သူများနှင့် ဆွေးဆုံဆွေးနွေး

**ဝါးခယ်မ ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်ပြင်ပရှိ ကျေးရွာများ မီးလင်းရေးလုပ်ငန်းအတွက် ကျေးရွာသုံးရွာမှ ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ အဖွဲ့အစည်းပေါင်းစုံနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်က ဝါးခယ်မမြို့နယ် ကျုံတရိတ်ကျေးရွာ၌ ကျင်းပသည်။

ကျေးလက်ဒေသမီးလင်းရေးတွေ့ဆုံဆွေးနွေးပွဲတွင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးအောင်က မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်ပြင်ပရှိ ကျေးရွာများမီးလင်းရေးဆောင်ရွက်ထားမှုလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျေးရွာသုံးရွာအား ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းအတွက် ကျုံတရိတ်ကျေးရွာအုပ်စု ကျုံတရိတ်ကျေးရွာတွင် ဆိုလာစနစ်ဖြင့် မီးလင်းရေးအသေးစားစက်ရုံတည်ဆောက်ပြီး ဝါးတောစုနှင့် အောက်စုကျေးရွာများသို့ မီးလင်းရေး ဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ကျေးလက်ဒေသမီးလင်းရေးအတွက် ဇူလိုင် ၂၃ ရက်နှင့် ၂၄ ရက်က ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ကျုံတဂိတ်၊ ဝါးစောစုနှင့် အောက်စုကျေးရွာများတွင် အခြေစိုက်ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်နေပြီဖြစ်သည်။

**မော်ကျွန်းမြင့်အောင်**

**မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ လမ်းဖြတ်ကူးရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် နေ့စဉ် ကျောင်းတက်ကျောင်းဆင်းချိန်များတွင် မြို့နယ်ရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲတစ်ဦး၊ ရဲဘော်တစ်ဦးနှင့် ရဲမေ သုံးဦးတို့ဖြင့်ကူညီပေးလျက်ရှိသည်ကို တွေ့ရစဉ်။**
သက်နောင်ဦး(ငါန်းဇွန်)



## မြန်မာ့ယဉ်ကျေးမှုကို ခြိမ်းခြောက်လာသောအန္တရာယ်များ စာတမ်းဖတ်ပွဲ ဝက်လက်မြို့နယ်၌ ကျင်းပ

**ဝက်လက် ဇူလိုင် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ်များ စာတမ်းဖတ်ပွဲကို ဝက်လက်မြို့အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဇူလိုင် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

စာတမ်းဖတ်ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းယုမြင့်က အမှာစကားပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် အငြိမ်းစားဆရာမကြီး ဒေါ်ခင်ဆွေအေးနှင့် ဒေါ်မာလာခိုင်တို့က မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာစန်းစန်းကြည်ပြုစုသည့် မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ်များ စာတမ်းကို ဖတ်ကြားကြသည်။ ထို့နောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာမများ၊ ကျောင်းသူများက ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံ များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။
**နန်းမြင့်(ဝက်လက်)**

## မျက်စိကျန်းမာရေး အခမဲ့စစ်ဆေးခြင်း ကွင်းဆင်းဆောင်ရွက်

**ကနီ ဇူလိုင် ၂၆**
မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း တိုင်းဒေသကြီး(၃) ဌာနချုပ် မုံရွာမြို့မှ စံပြ မျက်စိကျန်းမာရေးစစ်ဆေးခြင်းအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့ သာသနာ့ ဗိမာန်တော်သို့ ဇူလိုင် ၂၄ ရက်က ကွင်းဆင်းက ဒေသခံပြည်သူများအား မျက်စိရောဂါများ အခမဲ့စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

မျက်စိကျန်းမာရေးစစ်ဆေးခြင်းအဖွဲ့အနေဖြင့် မျက်စိ အခမဲ့စစ်ဆေးပေးရာတွင် ကနီမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ မျက်စိဝေဒနာရှင် ၄၀၀ ကျော်ကို မျက်စိစစ်ဆေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကာ မျက်မှန်များပြုလုပ်နိုင်ရန်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ မျက်စိကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးရာတွင် လိုအပ်သည်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းနှင့် မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုကူညီရေးအသင်းနှင့် လူမှုရေးအဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့ပြီး ဟိတုပုညလူမှုကူညီရေးအသင်းက ကျေးရွာများမှ မျက်စိလာရောက်ပြသကြသောသူများအား ထမင်းဘူးများ လှူဒါန်းပေးဝေခဲ့ကြောင်း သိရသည်။
**သန်းဋ္ဌေးအောင်(ကနီ)**

## ပေါက်မြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်

**ပေါက် ဇူလိုင် ၂၆**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ အင်းတော(မ)စု ကျေးရွာနေ ပြည်သူများအတွက် မြေငှားဂရန်များ ထုတ်ပေးနိုင်ရန် ဆောင်ရွက်ခဲ့ပြီးနောက် ဇူလိုင် ၂၄ တွင် မြေငှားဂရန်များကို ပြည်သူများလက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျေးရွာဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည့် မြေငှားဂရန်များ ပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်းဝင်းက အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ပေါက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက မြေငှားဂရန်များ ရရှိခြင်းကြောင့် ကျေးရွာနေပြည်သူများအနေဖြင့် မိမိတို့နေထိုင်သည့် မြေပေါ်တွင် ပိုင်ဆိုင်မှုအထောက်အထားခိုင်မာစွာဖြင့် လုံခြုံစိတ်ချစွာ နေထိုင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အင်းတော(မ)စု ကျေးရွာရှိ မြေငှားဂရန်လျှောက်ထားခဲ့သည့် ပြည်သူများထဲမှ ဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်သည့် မြေငှားဂရန်လျှောက်ထားသူ ၈၉ ဦးအတွက် မြေငှားဂရန်စာချုပ်များကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အင်းတော(မ)စု ကျေးရွာနေ ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။
**ဉာဏ်တိုး(ပေါက်)**

## ရွှေထည်နှင့်ငွေများ ခိုးယူသည့်အမျိုးသမီးကို ဖမ်းမိ

**ကျောက်ပန်းတောင်း ဇူလိုင် ၂၆**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း မေ ၂၃ ရက်က ဖြစ်ပွားခဲ့သည့် ခိုးမှုတစ်ခုမှ ပြစ်မှုကျူးလွန်သူအမျိုးသမီးကို မြို့နယ်ရဲတပ်ဖွဲ့က ဇူလိုင် ၂၂ ရက်က ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက်က ကျောက်ပန်းတောင်းမြို့လွတ်လပ်ရေးရပ်ကွက်ရှိ ဒေါ်ရီရီတင်၏ နေအိမ်အိပ်ခန်းအတွင်း မှန်တင်ခုံအောက်အံ သေတ္တာအတွင်းမှ ရွှေထည်ပစ္စည်းအချို့နှင့်ငွေကျပ် ၁၀ သိန်းကျော် ပျောက်ဆုံးခဲ့သဖြင့် မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်ပြီး အမှုနှင့်ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မစခန်းမှူးတို့၏ လမ်းညွှန်မှုဖြင့် နယ်ထိန်းခေါင်းဆောင်ရဲအုပ်အောင်လွင်နှင့်အဖွဲ့က စဉ်ဆက်မပြတ်စုံစမ်းထောက်လှမ်းမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက်နေသူ မအေးအေးမြင့် (၃၀)နှစ်သည် အလုပ်အကိုင်အတည်တကျမရှိဘဲ ရပ်ကွက်အတွင်း ဆိုင်ကယ်အမျိုးမျိုး ရောင်းဝယ်စီးနင်းခြင်း၊ လက်ဝတ်ရတနာ အမျိုးမျိုး ဝယ်ယူဝတ်ဆင်ခြင်းများ ပြုလုပ်နေသဖြင့် ဇူလိုင် ၂၂ ရက်က သက်သေများ ရှေ့မှောက်တွင် ခေါ်ယူစစ်ဆေးခဲ့ရာမှ ဒေါ်ရီရီတင်၏နေအိမ်မှ ပစ္စည်းများကို ခိုးယူခဲ့ကြောင်းနှင့် ရွှေထည်ပစ္စည်းများကို ပေါင်နှံထားပြီး ခိုးယူရရှိသည့်ငွေများကို ကိုင်တွယ်သုံးစွဲနေခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများကို ဥပဒေနှင့်အညီ သိမ်းဆည်းကာ မအေးအေးမြင့်အား ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**နေအောင် (ပြန်/ဆက်)**

## စံမမီဆေးဝါးများ ရောင်းချခြင်းမရှိစေရန် ဆေးဆိုင်များအား စစ်ဆေး

**ခင်ဦး ဇူလိုင် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ပေါ်ရှိ ဆေးဆိုင်များ၌ စံမမီဆေးဝါးများ အပါအဝင် သုံးစွဲရန်မသင့်သော ဆေးဝါးများ ရောင်းချခြင်းမရှိစေရန်အတွက် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီက ဇူလိုင် ၂၄ ရက်က စစ်ဆေးမှုများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဆေးဆိုင်များအား စစ်ဆေးရာတွင် ဆေးဝါးအတုနှင့် ဘေးဥပဒ်ဖြစ်စေနိုင်သည့် ပစ္စည်းများဖြင့် ဖော်စပ်ထုတ်လုပ်ထားသောဆေးဝါးများ ရောင်းချခြင်းရှိ/ မရှိ၊ ဆေးဝါးရောင်းချခွင့် လိုင်စင်ရှိ/ မရှိ၊ ထိန်းချုပ်ဆေးဝါး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိ၊ ဆေးဝါးအတုများ၊ စံမညီဆေးဝါးများ၊ ပျက်စီးဆေးဝါးများ၊ ရေနွေးဆေးဝါး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် သုံးစွဲရန်မသင့်သည့် ဘေးအန္တရာယ်ရှိဆေးဝါးများ ရောင်းချ ခြင်း ရှိ/မရှိ စသော အချက် (၁၃) ချက်ဖြင့် ကိုက်ညီမှု ရှိ/မရှိတို့ကို စစ်ဆေးခဲ့ခြင်းဖြစ်ပြီး မြို့ပေါ်ရှိ ဆေးဆိုင်ငါးဆိုင်တွင် ကွင်းဆင်းစစ်ဆေးနိုင်ခဲ့ကြောင်း မြို့နယ်အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်နိုင်က ပြောသည်။ **ခင်ဦးစိုးဝေ**

## နှမ်းခင်းများပိုးကျ၍ တောင်သူများအခက်အခဲကြုံတွေ့နေ

**နွားထိုးကြီး ဇူလိုင် ၂၆**
နွားထိုးကြီးမြို့နယ်အတွင်း ကျေးရွာများ၌ စိုက်ပျိုးထားသော နှမ်းခင်းများတွင် အပွင့်များပွင့်ချိန်၌ မိုးလိုနေသဖြင့် နှမ်းခင်းများ အားနည်းနေသလို အခင်းတိုင်းတွင်လည်း ပိုးကျနေသဖြင့် အထွက်နှုန်းမကောင်းနိုင်ဘဲ တောင်သူများအနေဖြင့် အရှုံးပေါ်ရန်မှာ သေချာနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

နှမ်းခင်းများတွင် ပိုးကျနေသည်မှာ အခင်းတိုင်းတွင်ဖြစ်ကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် နှမ်းစိုက်ပျိုးရာတွင် ငါးဧကရှိသော တောင်သူတစ်ဦးအနေဖြင့် ငွေ ၁၀ သိန်းမက ရင်းနှီး၍ စိုက်ပျိုးကြရပြီး ယခုအခါ ရာသီဥတုက မကောင်းဘဲ ပန်းများပွင့်လန်း၍ မိုးလိုအပ်နေချိန်တွင် မိုးမရွာသဖြင့် မျိုးပြန်မရမည်ကိုပင် စိုးရိမ်နေကြရကြောင်း၊ နှမ်းခင်းများ မိုးလိုအပ်နေသည့်အပြင် ပိုးများကလည်း ကျနေကြပြီး အချို့ပိုးများမှာ ဆေးဖျန်း၍လည်းမရကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ်အတွင်း၌ ရာသီဥတုမကောင်းသဖြင့် တောင်သူများအခက်တွေ့နေရသည်မှာ တစ်နှစ်၊ နှစ်နှစ် မဟုတ်တော့ဘဲ နှစ်စဉ်လိုဖြစ်နေ၍ တောင်သူများအနေဖြင့် အခက်ကြုံနေရပြီး ယခုနှစ်တွင်လည်း ရာသီဥတုအခြေအနေနှင့် ပိုးကျခြင်းကြောင့် နှမ်းအထွက်နှုန်းမကောင်းနိုင်သဖြင့် စိုက်တောင်သူများအနေဖြင့် အရှုံးပေါ်ကြမည်မှာ သေချာနေကြောင်းလည်း ဒေသခံတောင်သူများက ဆိုသည်။
**ဋ္ဌေးမြင့်မောင်**

## ဌာနဆိုင်ရာဝန်ထမ်းများအတွက် E-Government သင်တန်းဖွင့်

**ရမည်းသင်း ဇူလိုင် ၂၆**
ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် မိမိဌာနအတွင်းဖြစ်စေ၊ အခြားဌာနများနှင့်ဖြစ်စေ ရုံးလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့လျင်မြန်စေရန် ရည်ရွယ်၍ ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလင်းအိမ် နည်းပညာစင်တာတို့ ပူးပေါင်းကာ E-Government သင်တန်းကို ခရိုင်ပြန်/ဆက်ရုံးခန်းမ၌ ဇူလိုင် ၂၀ ရက်မှ ၂၅ ရက်အထိ ပို့ချသင်ကြားခဲ့ကြောင်း သိရသည်။



“ဒီသင်တန်းကို ပို့ချရတဲ့ ရည်ရွယ်ချက်ကတော့ ဌာနဆိုင်ရာတော်တော်များများမှာ ကွန်ပျူတာ၊ လက်(ပ်)တော့ပ်တွေ အသုံးပြုနေကြတာဖြစ်တဲ့အတွက် ဌာနတွင်းဖြစ်စေ ၊ အခြားဌာနများနဲ့ဖြစ်စေ ဆက်သွယ်ရာမှာ လွယ်ကူချောမွေ့လျင်မြန်စေရေး၊ မိမိတို့ကိုယ်တိုင် Mail Account များ ဖွင့်တတ်စေရေးနဲ့ စာများပေးပို့တတ်စေဖို့ ရည်ရွယ်ဖွင့်လှစ်ပေးတာဖြစ်ပါတယ်”ဟု အလင်းအိမ်နည်းပညာစင်တာမှ သင်တန်းနည်းပြ ဦးဇော်မင်းစိုးက ပြောသည်။

သင်တန်းလာတက်သော မြို့နယ်ကော်မရှင်ရုံးမှ ဒုတိယဦးစီးမှူးတစ်ဦးက “ကျွန်မ ဒီသင်တန်းမတက်ခင်က အင်တာနက်သုံးရင် facebook တို့ Viber တို့လောက်ပဲ သုံးပြီး Account ဖွင့်ရင်တောင် ဆိုင်မှာ ပိုက်ဆံပေးပြီး ဖွင့်ခိုင်းရတယ်၊ အခုတော့ Mail Account ကို ကိုယ်တိုင်ဖွင့်တတ်သွားပြီး စာတွေလည်း ပို့တတ်သွားပါပြီ၊ ကျွန်မက ရုံးမှာ ကွန်ပျူတာစာရိုက်ရတာဆိုတော့ ပိုပြီးအဆင်ပြေသွားတာပေါ့”ဟု ပြောသည်။ အဆိုပါသင်တန်းသို့ ရမည်းသင်းခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းစုစုပေါင်း ၄၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။
**နေလင်းအောင်(ပြန်/ဆက်)**

## ကျောင်းကျန်းမာရေးလှုပ်ရှားမှုအဖြစ် အမျိုးသမီးကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြော

**ကြို့ပင်ကောက် ဇူလိုင် ၂၆**
ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် ကျောင်းကျန်းမာရေးလှုပ်ရှားမှုအဖြစ် ကျန်းမာရေးပညာပေးဟောပြောပွဲကို အထကကြို့ပင်ကောက် ရွှေညီလာခန်းမ၌ ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့ပြီး Female Personal Hygiene ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာထက်စုခိုင်က အမျိုးသမီးငယ်များ အပျိုဖော်ဝင်စအချိန်တွင် သိရှိသင့်သည့် ကျန်းမာရေးဆိုင်ရာများ အပါအဝင် အမျိုးသမီးကျန်းမာရေးဆိုင်ရာများကို ဟောပြောခဲ့ပြီး အထကကြို့ပင်ကောက်ကျောင်း ပဥ္စမတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသူများနှင့် မိခင်များ၊ ဆရာမများ တက်ရောက်ခဲ့ကြသည်။ ဟောပြောပွဲအပြီးတွင် JICA နှင့် JOICFP အဖွဲ့အစည်းတို့မှ ထောက်ပံ့ပေးသော အမျိုးသမီးလစဉ်သုံးပစ္စည်းများနှင့် ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များကို မြို့နယ်ကျန်းမာရေးအဖွဲ့က ဝေငှပေးခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## သရက်မြို့နယ်၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ် ဖွင့်ပွဲကျင်းပ

**သရက် ဇူလိုင် ၂၆**
မကွေးတိုင်းဒေသကြီး သရက်မြို့နယ် လင်းကယ်ကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၄ ရက်က ကျင်းပခဲ့သည်။

တိုက်နယ်ဆေးရုံသစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာပေါ်ထွန်းနှင့် သရက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ဆေးရုံဆိုင်းဘုတ်ကို ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ကုသရေး ဦးစီးဌာနမှူးတို့က ဆေးရုံဖွင့်လှစ်နိုင်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး တာဝန်ယူတည်ဆောက်ခဲ့သော နန်းထိုက်ဝင်းကုမ္ပဏီက ဆေးရုံနှင့်ပတ်သက်သည့် အထောက်အထားများကို မြို့နယ်ကုသရေးဦးစီးဌာနသို့ ပေးအပ်ခဲ့ကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။
**ပေါက်ကလေး(သရက်)**

# ရထားကို ခဲမပေါက်ရန်နှင့် ရထားလမ်းကူးများတွင် အန္တရာယ်ကင်းရှင်းရေး အသိပညာပေးနေ




**ဟင်္သာတ ဇူလိုင် ၂၆**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင် မီးရထားသွားလာစဉ် ခဲနှင့်ပစ်ပေါက်ခြင်းကြောင့် ခရီးသည်များ ထိခိုက်ဒဏ်ရာရခြင်းနှင့် ရထားလမ်းကူး (Level Crossing)များတွင် ပြည်သူများဖြတ်သန်းသွားလာရာတွင် အန္တရာယ်ကင်းရှင်းရေး စီစဉ်ဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ မီဒီယာရှင်းလင်းပွဲကို ဟင်္သာတမြို့ရှိ မြန်မာ့မီးရထားပို့ဆောင်ရေးဌာန တိုင်းအမှတ်(၉) မန်နေဂျာရုံး၌ ဇူလိုင် ၂၄ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် မြန်မာ့မီးရထားပို့ဆောင်ရေးဌာန တိုင်းအမှတ်(၉) မန်နေဂျာ ဦးဇော်လွင်က မီးရထားခုတ်မောင်းစဉ် ခဲနှင့်ပစ်ပေါက်မှုဖြစ်စဉ်များ မကြာခဏဖြစ်ပွားနေခြင်းကြောင့် မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းရခြင်းဖြစ်ကြောင်း ပြောကြားပြီး ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပုဒ်မ(၇၉) အပုဒ်ခွဲ(၁)နှင့် ပုဒ်မ(၈၄)တွင် ဖော်ပြချက်အရ ရထားကို တစ်စုံတစ်ရာဖြင့်ပစ်ပေါက်ခြင်း(သို့မဟုတ်)အခြားတစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်မှုစီရင်ခြင်းခံရလျှင် အနည်းဆုံး ငါးနှစ်မှ အများဆုံးနှစ် ၂၀ ထက်မပိုသော ထောင်ဒဏ်ချမှတ်ခံရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါ ပြစ်မှု၊ပြစ်ဒဏ်များနှင့် ဥပဒေ၊နည်းဥပဒေများကို မီးရထားဘူတာရုံများတွင် ဗီနိုင်းများ ချိတ်ဆွဲကာ အသိပညာပေးရန်နှင့် လက်ကမ်းစာစောင်များဖြန့်ဝေရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ရထားလမ်းကူးများ၌ ရထားလာနေစဉ် အလေးမထားဘဲ လမ်းဖြတ်ကူးခြင်းကြောင့် ကား၊ ဆိုင်ကယ်၊ထော်လာဂျီ အစရှိသည့်စက်တပ်ယာဉ်များနှင့် စက်ဘီး၊ လူများကို ရထားနှင့်တိုက်မိခြင်းဖြစ်စဉ်များနှင့်ပတ်သက်၍ တိုင်းမန်နေဂျာက ရှင်းလင်းပြောကြားပြီး ရထားလမ်းကူးတွင် ဖြတ်ကျော်စဉ် မလွတ်ကင်းဘဲ အလျင်စလိုဖြတ်ကူးခြင်း၊ ဖုန်းပြောခြင်း၊ နားကြပ်များဖြင့်သီချင်းနားထောင်ရင်း ဖြတ်ကူးခြင်းတို့ကို ရှောင်သင့်ကြောင်း ပြောကြားသည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၉)အတွင်းရှိ လူစည်ကားသည့်ဘူတာများဖြစ်သော ပုသိမ်၊ ဟင်္သာတနှင့် ကြံခင်း ဘူတာများတွင် ရထားလမ်းကူးများ၌ ထိခိုက်၊ ဒဏ်ရာရ သေဆုံးခြင်းများ မဖြစ်ပေါ်စေရေးအတွက် ခြေကျင်ဖြတ်ကူးသူများ၊ ယာဉ်အမျိုးမျိုးမောင်းနှင်သူများ သတိပြုလိုက်နာရန် သတိပေးဆိုင်းဘုတ်များကို ထင်သာမြင်သာသောနေရာများတွင် ချိတ်ဆွဲထားရှိပြီးဖြစ်ကြောင်း၊ အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း လူစည်ကားသည့် ဘူတာရုံများတွင် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၉)နယ်မြေအတွင်း ရထားလမ်းဖြတ်သွားသည့် တရားဝင်ဂိတ် ၅၅ ဂိတ်နှင့် တရားမဝင်ဂိတ် ၂၀၅ ဂိတ် စုစုပေါင်း ဂိတ် ၂၆၀ ရှိပြီး တရားမဝင်ဂိတ်များတွင် ဂိတ်စောင့်ဝန်ထမ်းများ ထားရှိပေးနိုင်ခြင်းမရှိသေးသည့်အတွက် အဆိုပါဂိတ်များနှင့် နီးစပ်သည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ပြည်သူများအား အသိညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း တိုင်းမန်နေဂျာက ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးအခြေစိုက် မြန်မာ့မီးရထားပို့ဆောင်ရေးဌာန တိုင်းအမှတ်(၉)နယ်မြေတွင် အမြန်ရထား အစုန်နှစ်စင်း၊ အဆန်နှစ်စင်း၊ လော်ကယ်ရထားနှစ်စင်း စုစုပေါင်းရထား ခြောက်စင်းဖြင့် ခရီးသွားပြည်သူများအား မိုင်ပေါင်း ၃၃၀ ကျော် နေ့စဉ်ပြေးဆွဲဝန်ဆောင်မှု ပေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန် / ဆက်)**

# ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီလရှင်စာသင်တိုက်များသို့ ပစ္စည်းများ လှူဒါန်း

**ဘားအံ ဇူလိုင် ၂၆**
ကရင်ပြည်နယ် ဘားအံမြို့ရှိ တောင်တန်းသာသနာပြု(ဇဟို) ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကလေးငယ်များအတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် သီလရှင်စာသင်တိုက်များ အတွက် ဆန်၊ ဆီ၊ ဆေး၊ ဆား စသည့်ပစ္စည်းများကို ဘားအံမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ဇူလိုင် ၂၃ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။



ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်စန်းရီ၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာနည်ဝင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အသင်းဝင်များက တောင်တန်းသာသနာပြုဆရာတော်ထံမှ သီလခံယူပြီး သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ် အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်အား ဆက်ကပ်လှူဒါန်းကာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသား ၆၅ ဦးအတွက် ကျောင်းဝတ်စုံများနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ လှုဂုဏ်ရည်သီလရှင်စာသင်တိုက်မှ သီလရှင် ၄၆ ပါး အတွက် ဆန် ငါးအိတ်၊ ဆီ ၁၀ ပိဿာ၊ အာလူး ၁၀ ပိဿာ၊ ဘဲဥအလုံး ၁၀၀၊ ဆား ၁၀ ပိဿာ၊ စိမ်းစားငါးပိ တစ်ပိဿာနှင့် တိုင်းရင်းဆေးဝါးများကို ပေးအပ်လှူဒါန်းခဲ့ကာ သီရိဟေမာ သီလရှင်စာသင်တိုက်ရှိ သီလရှင် ၁၁၅ ပါးအတွက်လည်း ဆန်၊ ဆီ၊ ဆေး၊ ဆားနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန် / ဆက်)**

# ကျား / မရေးရာ တန်းတူညီမျှရေးစကားဝိုင်းဆွေးနွေး

**အိမ်မဲ ဇူလိုင် ၂၆**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ဖန်မီးအိမ်လူမှုရေးအသင်းက စီစဉ်သည့် ကျား / မရေးရာ တန်းတူညီမျှရေး စကားဝိုင်းဆွေးနွေးပွဲကို အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇူလိုင် ၂၄ ရက်က ကျင်းပခဲ့သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်ထွေးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်းတို့က အမှာစကားပြောကြားကြပြီး Care Myanmar မှ ကျား / မရေးရာနည်းပညာအရာရှိ ဒေါ်နီလာထွန်းက အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရန်၊ လူမှုရေး မျှတမှုများရှိစေရန်နှင့် အမျိုးသမီးများ အပေါ်အကြမ်းဖက်မှုများလျှော့ချနိုင်ရန် စသည့်အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGOများ၊ ပရဟိတအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် ရပ် / ကျေး အုပ်ချုပ်ရေးမှူးများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ ကျား / မတန်းတူညီမျှရေး အလေးထားမှု တိုးတက်လာစေရန်၊ လက်ရှိဒေသဆိုင်ရာသတင်းအချက်အလက်များ ဖလှယ်ရေးနှင့် ဒေသအတွင်းရှိ အဖွဲ့အစည်းအသီးသီးကြား ချိတ်ဆက်လုပ်ဆောင်မှုအားကောင်းစေရန် ရည်ရွယ်ချက်များဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန် / ဆက်)**

# စပါးဖျက် ငမြောင်တောင်ပိုးနှင့် ကြွက်နှိမ်နင်းဆေးများ ကျေးရွာအရောက်ဖြန့်ဝေပေးလျက်ရှိ

**ကမမောင်း ဇူလိုင် ၂၆**
ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့နယ်အတွင်း ကျေးရွာများမှ စပါးပျိုးခင်းအချို့၌ စပါးဖျက်ငမြောင်တောင်ပိုးများနှင့် ကြွက်များ ကျရောက်နေသဖြင့် ကြွက်နှိမ်နင်းဆေးများကို ကမမောင်းမြို့ စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံပြည်သူများထံ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ကမမောင်းမြို့ ကွင်းဒလကျေးရွာအုပ်စုနှင့် ကတိုင်တိကျေးရွာအုပ်စုများရှိ နိုဖောလာနှင့် ဘောကျို့လယ်ကျေးရွာများရှိ စပါးပျိုးခင်းအချို့၌ စပါးဖျက် ငမြောင်တောင်ပိုးများ ကျရောက်နေကြောင်း တောင်သူများ၏ သတင်းပေးပို့ချက်အရ ဇူလိုင် ၂၅ ရက်တွင် ကမမောင်းမြို့ စိုက်ပျိုးရေးဦးစီးမှူး ဦးကြည်ဝင်းနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာများရှိ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ကွင်းဆင်း၍ စစ်ဆေးလေ့လာခဲ့ကြပြီး ရေသွင်းရေထုတ်စနစ် မှန်ကန်ရေးအတွက် တောင်သူများအား အသိပညာပေးခဲ့သည်။

ယခုနှစ်တွင် ကျေးရွာအများစု၌ ဝါးပင်များ အသီးသီးပြီး သေဆုံးကြသဖြင့် ဝါးမျှစ်များမရှိတော့ခြင်းကြောင့် သီးစားပင်များ နည်းပါးလာသည့်အတွက် ကြွက်များအနေဖြင့် တောင်သူများ စိုက်ပျိုးထားကြသော တောင်ယာစပါးစိုက်ခင်းများ၊ ကြံစိုက်ခင်းများ၊ ငရုတ်ခင်းများကို ကိုက်ဖြတ်စားသုံးနေကြခြင်းကြောင့် ဒေသခံတောင်သူများမှာ ကြွက်အန္တရာယ်လည်း ကြုံနေရကြောင်း သိရသည်။

ထို့ကြောင့် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက တောင်သူများအား စပါးဖျက် ငမြောင်တောင်ပိုးများ ကျရောက်မှုနှင့် ကြွက်များအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် နှိမ်နင်းဆေးများနှင့် ရွက်ဖျန်းအပင်အားဆေးမှုန့်များကို အခမဲ့ဖြန့်ဝေပေးကာ အသုံးပြုနည်း၊ နှိမ်နင်းခြင်းနည်းလမ်းများကိုလည်း ကျေးရွာအရောက်ကွင်းဆင်း၍ တောင်သူများအား ပညာပေးရှင်းပြလျက်ရှိကြောင်း သိရသည်။**(မြို့နယ် ပြန် / ဆက်)**

# ကျေးရွာသုံးစိုက်ခင်းမှ ထင်းများ ဖြန့်ဝေပေး

**တောင်သာ ဇူလိုင် ၂၆**
မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တည်ထောင်စိုက်ပျိုးခဲ့ပြီး အကျိုးပြုကျေးရွာများသို့ လွှဲပြောင်းပေးအပ်ခဲ့သော ငါးနှစ်သားနှင့်အထက် ကျေးရွာသုံးစိုက်ခင်းမှ ထွက်ရှိသည့်ထင်းများကို ဒေသခံပြည်သူများထံသို့ ဇူလိုင် ၂၄ ရက်က အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထင်းများဖြန့်ဝေပေးရာတွင် မြင်းခြံခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကံထွန်းက ကျေးရွာသုံး စိုက်ခင်းများမှ ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ရမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ကျေးလက်နေပြည်သူများအနေဖြင့် ကျေးရွာစိုက်ခင်းများ ရေရှည်ဖွံ့ဖြိုးပြီး စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်အတွက် ဌာနနှင့်ဆက်သွယ်၍ အကြံဉာဏ်ရယူကာ ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားခဲ့ကာ ကြီကုန်းကျေးရွာမှ ဒေသခံပြည်သူများထံသို့ ထင်း ၂၃ တန်ကို ဖြန့်ဝေပေးခဲ့သည်။
**ကျော်မျိုးနိုင်(တောင်သာ)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးမွေးမြူရေးသင်တန်းဖွင့်

**လှိုင်ကော် ဇူလိုင် ၂၆**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးမွေးမြူရေးသင်တန်း အမှတ်စဉ် (၅/ ၂၀၁၆)ကို လှိုင်ကော်မြို့ဒေါပေါ်ကလဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကယားပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်က အမှာစကားပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်အေးအေးဇော်က ငါးမွေးမြူရေးနှင့် ပတ်သက်သည်များကို အသေးစိတ်ရှင်းလင်းပြောကြားကာ ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်မြင့်ထွန်းက ကျေးရွာအရောက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် ငွေကြေးကုန်ကျမှုသက်သာပြီး စနစ်ကျကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ်များကို ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်မင်းက စိုက်ပျိုးရေးနှင့် ပတ်သက်၍ သိရှိထားရမည့် မြေအမျိုးအစား၊ ပိုးမွှားများအန္တရာယ်၊ စိုက်ပျိုးနည်းစနစ်များအကြောင်း စသည်တို့ကို အသေးစိတ် ရှင်းလင်းပြောကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသားဦးရေ ၂၄ ဦးတက်ရောက်ကြကာ သင်တန်းကာလမှာ နှစ်ပတ်ဖြစ်၍ သင်တန်းပြီးဆုံးပါက ကျေးရွာရှိ လယ်မြေတစ်ကေတွင် သင်တန်းသားများအား လက်တွေ့စိုက်ပျိုးလေ့ကျင့်စေမည်ဖြစ်ကြောင်း၊ သင်တန်းအတွက် ကုန်ကျစရိတ်မှာ ငွေကျပ် ၈၁၄၀၀၀ ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက အကုန်ကျခံမည်ဖြစ်ကြောင်း သိရသည်။
**ကိုစိုင်း(လှိုင်ကော်)**



# ရက် ၁၀၀ စီမံချက် လုံခြုံရေးနှင့် မူခင်းကျဆင်းရေး ပိတ်ဆို့ရှာဖွေစစ်ဆေးမှုပြုလုပ်

**လားရှိုး ဇူလိုင် ၂၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့မရဲစခန်းက ရက် ၁၀၀ စီမံချက် လုံခြုံရေးနှင့် မူခင်းကျဆင်းရေးအတွက် လားရှိုးမြို့ ရပ်ကွက် (၁) နယ်မြေ(၉) နားမခေါ်ကားကြီးကွင်းရှေ့ လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းမပေါ်၌ ဇူလိုင် ၂၄ ရက် ည ၇ နာရီမှ ဇူလိုင် ၂၅ ရက် နံနက် ၂ နာရီအထိ စခန်းမှူး ဒုရဲမှူး ကျော်နိုင်ဦးစီးတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ယာဉ်/မော်တော်ဆိုင်ကယ်များအား ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါနေရာသည် မန္တလေး၊ သီပေါ၊ နမ္မတူစသည့် မြို့များဘက်မှ လားရှိုးမြို့သို့ အလွယ်တကူ ဝင်ရောက်နိုင်သည့် လားရှိုးမြို့ဝင်ပေါက်ဖြစ်ခြင်းကြောင့် လားရှိုးမြို့ လုံခြုံရေးနှင့် မူခင်းကျဆင်းရေးတို့အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**



**ပေါက်ခေါင်းမြို့နယ်၌ Unicef ရေပေးရေးလုပ်ငန်းများအား ဇူလိုင် ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသိန်းလွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကြည်က ရှင်းလင်းစဉ်**
(ခရိုင် ပြန်/ဆက်)

# သဲဖြူချောင်းပေါင်းကူးတံတားတည်ဆောက်ပြီးစီး



**ဗန်းမောက် ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကိုင်းကြီးကျေးရွာ ရွာသစ်ကုန်းနှင့် ရွာမကြီးကြားရွာရှိ သဲဖြူချောင်းပေါင်းကူးတံတားကို ဒေသခံပြည်သူများ စုပေါင်းဆောက်လုပ်ခဲ့ရာ ဇူလိုင် ၂၃ ရက်တွင် တည်ဆောက်မှုများ ပြီးစီးပြီဖြစ်၍ သွားလာရေးအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တံတားကို ကိုင်းကြီးကျေးရွာမှ အလှူရှင် ဦးထွန်းမြင့်က ငွေကျပ် ၁၀ သိန်း မတည်ကာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခိုင်ဇော်နှင့် ဒေသခံပြည်သူများ၏ စုပေါင်းလုပ်အားဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတံတားအား တိုင် ၃၆ လုံးဖြင့် တည်ဆောက်ထားပြီး အလျား ၁၆၈ ပေ၊ အကျယ် ၄ ပေရှိ သစ်သားတံတားဖြစ်ကြောင်း၊ ဇူလိုင် ၁ ရက်က စတင်ဆောင်လုပ်ခဲ့ပြီး ဇူလိုင် ၂၃ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တံတားတည်ရှိရာ ကျေးရွာချင်းဆက်လမ်းမှာ ဒေသခံပြည်သူများ အားထားအသုံးပြုနေရသည့် လမ်းဖြစ်ပြီး နှစ်စဉ် မိုးရာသီကာလ သဲဖြူချောင်းရေကြီး ရေလျှံသည့်အချိန်တွင် သွားလာရေးခက်ခဲခဲ့ရာမှ ယခုအခါ တံတားတည်ဆောက်ပြီးစီးသွားခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့သွားပြီဖြစ်ကြောင်း သိရသည်။**(၀၇၆)**

## သတင်းတိုများ

### ကျေးရွာမြေငှားဂရန်များပေးအပ်

**ဖြူပုံ**

ဧရာဝတီတိုင်းဒေသကြီး ဖြူပုံမြို့နယ် တင်ပုလွဲကျေးရွာမှ ပြည်သူများအတွက် မြေငှားဂရန်များထုတ်ပေးရန် ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ခဲ့ပြီးနောက် ကျေးရွာမြေငှားဂရန် (မြေငှားစာချုပ်) များက ပေးအပ်ပွဲကို အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဇူလိုင် ၂၅ ရက်က ပြုလုပ်ခဲ့သည်။ မြေငှားဂရန်များ ပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အမှာစကားပြောကြားပြီး တင်ပုလွဲကျေးရွာမှ မြေငှားဂရန်လျှောက်ထားရရှိသည့် ပြည်သူ ၅၉ ဦးအား မြေငှားဂရန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(ဖြူပုံ)**

**ရေတာရှည်**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကြံသန္တယ်ကျေးရွာအုပ်စု စိုင်တမော့ကြီးကျေးရွာမှ ဒေသခံအိမ်ထောင်စုများအတွက် ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲကို ဇူလိုင် ၂၄ ရက်က ပြုလုပ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက မြေငှားဂရန်ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးတိုးဝင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ဒေသခံအိမ်ထောင်စု ၈၀ အတွက် မြေငှားဂရန်များကို ပေးအပ်ခဲ့သည်။

**ကိုလွင်(ဆွာ)**



**မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာ၌ သန့်ရှင်းရေးလုပ်ငန်းများကို ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်အေးမင်း ဦးဆောင်၍ ခရိုင်ရဲရုံးဝန်ထမ်း ၁၀ ဦးနှင့် မြို့မရဲစခန်းမှ ရဲဝန်ထမ်း ခုနစ်ဦးတို့က ဇူလိုင် ၂၄ ရက်က စုပေါင်းလုပ်အားပေး ဆောင်ရွက်စဉ်။**
တင်ဦး(ရမည်းသင်း)


MYANMAR
အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း
INTELLECTUAL PROPERTY PROPRIETORS' ASSOCIATION

MYANMAR FAMOUS BRANDS EXPO & PROMO 2016
မြန်မာ့နာမည်ကျော်ကုန်ပစ္စည်းအမှတ်တံဆိပ်များပြပွဲနှင့်အရောင်းမြှင့်တင်ပွဲ
29-31 July 2016 TATMADAW HALL
၂၉ - ၃၁ ဇူလိုင်လ ၂၀၁၆ ဦးဝိစာရလမ်း (တပ်မတော်ခန်းမ)

နာမည်ကျော်ကုန်ပစ္စည်းအမှတ်တံဆိပ်ပိုင်ရှင်ကုမ္ပဏီ (၅၀)ကျော်ပါဝင်ပြသရောင်းချမည်ဖြစ်သည့်အပြင် ကုန်ပစ္စည်းအမှတ်တံဆိပ်ဆိုင်ရာ ဟောပြောပွဲများ၊ဖျော်ဖြေရေး အစီအစဉ်များ၊လက်ဆောင်ပေးခြင်းနှင့်ကံစမ်းမဲဖောက်ခြင်း အစီအစဉ်များစွာဖြင့် တစ်မူထူးခြားစွာ တင်ဆက်ထားသည့် မြန်မာပြည်မှာပထမဦးဆုံး ကျင်းပမည့်ပွဲသို့ ကြွရောက်အားပေးပါရန် ဖိတ်ကြားပါသည်။

## အလုပ်အပေါ် စိတ်မဝင်စားဘဲ ပေါ့ဆစွာတာဝန်ထမ်းဆောင်မှုကြောင့် ပေးဆပ်ရမှု၊ ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်နိုင်

စာမျက်နှာ-၅

# တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေး စတင်ကျင်းပ

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**




**မိုင်ဂျာယန် ဇူလိုင် ၂၆**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက ကချင်ပြည်နယ် မိုင်ဂျာယန်၌ စတင်ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ချက်တစ်ရပ်၌ အစည်းအဝေး၏ တရားဝင်ခေါင်းစဉ်အမည်သည် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ မျက်နှာစုံညီအစည်းအဝေးဖြစ်ကြောင်း ဖော်ပြထားသည်။

အစည်းအဝေး သဘာပတိ ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) ဥက္ကဋ္ဌ ဦးအင်ဘန်လက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မိမိတို့ UNFC ခေါင်းဆောင်များ လွန်ခဲ့သည့် အပတ် တွေ့ဆုံခဲ့စဉ်တွင်လည်း တိုက်ပွဲကိစ္စများ ဖြေရှင်းသွားရန် တင်ပြခဲ့ကြောင်း၊ ထို့အပြင် (၂၁) ရာစု ပင်လုံ ညီလာခံသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ အကြားတွင် ထားရှိခဲ့ကြသည့် နိုင်ငံရေးပဋိညာဉ်ကို *စာမျက်နှာ ၅ ကော်လံ ၁* ✻

## ချင်းတွင်းမြစ်ရေ မုံရွာမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိ

**မုံရွာ ဇူလိုင် ၂၆**

ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့ရွာများ၏ စိုးရိမ်ရေမှတ်အထက်သို့ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလျက်ရှိရာ ဇူလိုင် ၂၆ ရက် ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ မုံရွာမြို့၏ စိုးရိမ်ရေအမှတ် ၁၀၀၀ စင်တီမီတာကို ကျော်လွန်ပြီး ၁၀၀၄ စင်တာမီတာကို ရောက်ရှိနေကြောင်း မုံရွာမြို့ရှိ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



"မြစ်ရေက မုံရွာမြို့မှာ စိုးရိမ်ရေမှတ်အထက်ကို ကျော်လာပြီဆိုတော့ အားလုံးအသင့်အနေအထားနဲ့ အခြေအနေကို စောင့်ကြည့်နေပါတယ်။ မနှစ်ကထက်စာရင် ဒီနှစ် မုံရွာမြို့ ချင်းတွင်းမြစ်တာရိုးကို ထပ်ပိုးကျောက်စီထပ်ပြီး တာရိုးကို မြှင့်ထားတဲ့အတွက် လက်ရှိရေမှတ်ကတော့ စိုးရိမ်စရာတော့ မလိုသေးဘူး။ ကျေးရွာများနဲ့ မြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ အထူးသတိပြုနေထိုင်ကြရန် သက်ဆိုင်ရာကနေပြီး သတိပေးချက်တွေ ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီ မီတာကို ရောက်ရှိခါနီးမှာ တာဝန်ရှိသူတွေနဲ့ ရေယာဉ်အသင်း တွေ အစည်းအဝေးပြုလုပ်ပြီး တတိယအကြိမ်မြောက်အဖြစ် ရေယာဉ်တွေပြေးဆွဲခြင်းကို ဇူလိုင် ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်ထပ်မံပြီး ယာယီရပ်နားထားပါတယ်။ မုံရွာမှာလည်း လက်ရှိရေအမှတ်ထက် ထပ်မံမြင့်တက်ဦးမယ်လို့ ခန့်မှန်းရပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်မြင့်တက်လာပါက မုံရွာမြို့နယ် တောင်ပိုင်း သစ်ဆိမ့်ကျေးရွာမှ မုံရွာမြို့နယ် မြောက်ပိုင်း စစ်ပင်ကျေးရွာအထိ ရေကင်း ၂၄ ခုဖြင့် ချထားစောင့်ကြပ်ကာ အရေးပေါ်အခြေအနေကြုံတွေ့လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ရေယာဉ်များ အသင့်စီစဉ်ထားကြောင်းနှင့် ရေအခြေအနေစိတ်ချရပါက ရေယာဉ်လိုင်းများ ပုံမှန်ပြန်လည် ပြေးဆွဲမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ချင်းတွင်းနှင့် ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ခြောက်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း သုံးပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**

